# မင်္ဂလာဝယာဉ္ဇပိဘာဝနီကျမ်း

အရှင်ကေသရ

၁၃၇၂၇

မင်္ဂလာနှင့် စပ်သော ဝတ္ထုတို့ဖြင့် တန်ဆာဆင်၍
ခေတ်မှီစွာ တင်ပြအပ်သော

# မင်္ဂလာ ယတ္တ ဝိဘာဝနီ ကျမ်း


# မင်္ဂလာယတ္တ ဝိဘာဝနီကျမ်း

# မင်္ဂလာ ယတ္တ ဝိဘာဝနီ ကျမ်း



ပခုက္ကူ အရှင်ကေသရ

အစိုးရ ဓမ္မာစရိယ

ဆဋ္ဌသံဂါယနာ၊ သံဂီတိ ကာရက၊ သံဂီတိ ဘာဏက

မြသိန်းတန် ဂဏဝါစက

စာချ အရှင်မြတ်


ရေးသား ပြုစုသည်။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ်(၉၇၇၉)

ပထမ အကြိမ်

အုပ်ရေ-၂၀၀၀

ဓမ္မဒါန

ဆရာတော် ဦးကေသရ(ကင်းလွတ်ခွင့်အမှတ် ၀၃၅၉၈)
မြသိန်းတန်ကျောင်း၊ အမှတ် ၉၄၊ အနော်ရထာလမ်း၊ရန်ကုန်က
ထုတ်ဝေ၍၊ ဒေါ်ခင်သိန်း (မြ ၀၄၁၄) သန်းထိုက်ရတနာ
ပုံနှိပ်တိုက်၊ ၈၄/၈၆၊ ၅၀ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရတနတ္တယ ပဏာမဂါထာ | ၁ |
| ၂။ | အကြောင်းပြ နိဒါန်း | ၂ |
| ၃။ | လူမိုက်တို့နှင့် မပေါင်းသင်းလို | ၈ |
| ၄။ | အကိတ္တိရှင် ရသေ့ဝတ္ထု | ၈ |
| ၅။ | ကောက်ချက် ဥပဒေသ | ၁၁ |
| ၆။ | ပညာရှိနှင့် ပေါင်းသင်းရကျိုး | ၁၂ |
| ၇။ | သမုဒ္ဒဝါဏိဇ္ဇ ဝတ္ထု | ၁၂ |
| ၈။ | ကောက်ချက် ဥပဒေသ | ၁၅ |
| ၉။ | ပူဇော်ထိုက်ရာကို ပူဇော်ခြင်း | ၁၆ |
| ၁၀။ | ကောသာဠကီ အမျိုးသမီး | ၁၆ |
| ၁၁။ | ကောက်ချက် ဥပဒေသ | ၁၉ |
| ၁၂။ | မိမိနှင့် သင့်တော်ရာ ဒေသ | ၂၀ |
| ၁၃။ | အရိယ ဥပါသကာ | ၂၀ |
| ၁၄။ | ကောက်ချက် ဥပဒေသ | ၂၂ |
| ၁၅။ | ရှေးက ကုသိုလ် လူတိုင်းလို | ၂၄ |
| ၁၆။ | မဟာကပ္ပိနဝတ္ထု | ၂၅ |
| ၁၇။ | ကောက်ချက် ဥပဒေသ | ၂၇ |
| ၁၈။ | မိမိကိုယ်ကို ကောင်းရာမှာထားပါ | ၂၈ |
| ၁၉။ | ဘာရဒ္ဓါဇဝတ္ထု | ၂၉ |
| ၂၀။ | ကောက်ချက် ဥပဒေသ | ၃၁ |
| ၂၁။ | အကြားအမြင်များခြင်း | ၃၂ |
| ၂၂။ | သေနက ပညာရှိဝတ္ထု | ၃၃ |

၂၃။ ကောက်ချက် ဥပဒေသ ၃၆
၂၄။ အတတ်ပညာ မင်္ဂလာ ၃၇
၂၅။ ဆွံ့ အကြောင်း ၃၇
၂၆။ ကောက်ချက် ဥပဒေသ ၄၀
၂၇။ ဝိနည်းဆိုတာ စည်းမျဉ်း ၄၁
၂၈။ ဂန္ဓာရနှင့် ဝေဒေဟာဝတ္ထု ၄၂
၂၉။ ကောက်ချက် ဥပဒေသ ၄၄
၃၀။ စကားချိုသာ ပြောကြားရာဖို့ ၄၅
၃၁။ သူငယ်ချင်း လေးယောက် ဝတ္ထု ၄၆
၃၂။ ကောက်ချက် ဥပဒေသ ၄၈
၃၃။ မွေးမေအဖေ ကျေးဇူးတွေမှာ ၄၉
၃၄။ မိတ္တဝိန္ဒက ဝတ္ထု ၅၀
၃၅။ ကောက်ချက် ဥပဒေသ ၅၂
၃၆။ သားမယားကို ထောက်ပံ့ခြင်း ၅၃
၃၇။ ကာလနှင့် ခေမာ မိဖုရား ၅၅
၃၈။ ကောက်ချက် ဥပဒေသ ၅၆
၃၉။ နှောင့်ယှက်မှုမရှိသောအလုပ် ၅၇
၄၀။ ကြွက်သေတခု အရင်းပြု ၅၈
၄၁။ ကောက်ချက် ဥပဒေသ ၆၀
၄၂။ ပေးကမ်းခြင်းသာ မင်္ဂလာမို့ ၆၁
၄၃။ ကောသလမင်း အလှူ ၆၂
၄၄။ ကောက်ချက်ဥပဒေသ ၆၅
၄၅။ တရားကျင့်တာ မင်္ဂလာ ၆၅
၄၆။ မိလက္ခတိဿ ဝတ္ထု ၆၆

| | | |
|---|---|---|
| ၄၇။ | ကောက်ချက် ဥပဒေသ | ၆၉ |
| ၄၈။ | ဆွေမျိုးကို စောင့်ရှောက်ခြင်း | ၇၀ |
| ၄၉။ | ခွေးမင်းအကြောင်း | ၇၀ |
| ၅၀။ | ကောက်ချက် ဥပဒေသ | ၇၃ |
| ၅၁။ | အပြစ်မရှိအောင် နေကြဖို့ | ၇၄ |
| ၅၂။ | ပုရောဟိတ်ဝတ္ထု | ၇၅ |
| ၅၃။ | ကောက်ချက် ဥပဒေသ | ၇၇ |
| ၅၄။ | မကောင်းမှုမှ ရှောင်ဖယ်ခွာ | ၇၈ |
| ၅၅။ | ငဂ္ဂနညီနှောင် | ၈၀ |
| ၅၆။ | ကောက်ချက် ဥပဒေသ | ၈၂ |
| ၅၇။ | လူ့သိက္ခာပျက် အရက်ရှောင်ခွာ | ၈၃ |
| ၅၈။ | သားသတ်ဘုရင် ဝတ္ထု | ၈၅ |
| ၅၉။ | ကောက်ချက် ဥပဒေသ | ၈၇ |
| ၆၀။ | မမေ့မလျော့ နေကြဖို့ | ၈၇ |
| ၆၁။ | မစလရွာ မာဃဝတ္ထု | ၈၉ |
| ၆၂။ | ကောက်ချက် ဥပဒေသ | ၉၀ |
| ၆၃။ | ရိုသေထိုက်သူကို ရိုသေပါ | ၉၁ |
| ၆၄။ | ဆင်၊ မျောက်၊ ခါ | ၉၃ |
| ၆၅။ | ကောက်ချက် ဥပဒေသ | ၉၆ |
| ၆၆။ | မာန်ပိုလျှင် ရန်ကို ခေါ်သလိုပါဘဲ | ၉၆ |
| ၆၇။ | မာနကြီးသော ပြေခွေး | ၉၇ |
| ၆၈။ | ကောက်ချက် ဥပဒေသ | ၁၀၀ |
| ၆၉။ | ဖြစ်သမျှနှင့် ရောင့်ရဲကြဖို့ | ၁၀၁ |
| ၇၀။ | ကျီးနှင့်ငုံး၊ ကျေးမင်း | ၁၀၂ |
| ၇၁။ | ကောက်ချက် ဥပဒေသ | ၁၀၄ |

၇၂။ သူ့ကျေးဇူးကို သိတတ်ကြစမ်းပါ ၁၀၅
၇၃။ တောသားမုဆိုး ဝတ္ထု ၁၀၆
၇၄။ ကောက်ချက် ဥပဒေသ ၁၀၈
၇၅။ တရားစကား မှတ်သားနာယူ ၁၀၉
၇၆။ နိဂဏ္ဌဝတ္ထု ၁၁၀
၇၇။ ကောက်ချက် ဥပဒေသ ၁၁၂
၇၈။ သည်းခံသင့်ကြသည် ၁၁၃
၇၉။ အရှင် ပုဏ္ဏမထေရ် ၁၁၃
၈၀။ ကောက်ချက် ဥပဒေသ ၁၁၆
၈၁။ ဆိုဆုံးမသည်ကို နာယူဖို့ ၁၁၇
၈၂။ သမင်ငယ် ဝတ္ထု ၁၁၈
၈၃။ ကောက်ချက် ဥပဒေသ ၁၂၀
၈၄။ ရဟန်းတို့ကို ဖူးမြင်ခြင်း ၁၂၁
၈၅။ ခင်ပုပ်ငှက် တကောင် ၁၂၃
၈၆။ ကောက်ချက် ဥပဒေသ ၁၂၅
၈၇။ တရားဆွေးနွေးခြင်း ၁၂၅
၈၈။ မိလိန္ဒမင်း၊ လိစ္ဆဝီမင်းများ ၁၂၈
၈၉။ ကောက်ချက် ဥပဒေသ ၁၂၉
၉၀။ တပဆိုတာ ၁၃၀
၉၁။ လောမသ ကဿပ ၁၃၃
၉၂။ ကောက်ချက် ဥပဒေသ ၁၃၄
၉၃။ မင်္ဂလာရှိသော မြတ်သောအကျင့် ၁၃၅
၉၄။ မာတိက မာတာ ဝတ္ထု ၁၃၆
၉၅။ ကောက်ချက် ဥပဒေသ ၁၃၉

| | | |
|---|---|---|
| ၉၆။ | သစ္စာကို သိမြင်ရန် ကြိုးစား | ၁၄၀ |
| ၉၇။ | ခုဇ္ဇုတ္တရာ အကြောင်း | ၁၄၂ |
| ၉၈။ | ကောက်ချက် ဥပဒေသ | ၁၄၄ |
| ၉၉။ | နိဗ္ဗာန်ကို မျက်မှောက်ပြုရေး | ၁၄၅ |
| ၁၀၀။ | အစရဟာန်းနှင့် အဆုံးရဟာန်း | ၁၄၆ |
| ၁၀၁။ | ကောက်ချက် ဥပဒေသ | ၁၄၈ |
| ၁၀၂။ | လောကဓံနှင့် တွေ့ကြုံသောအခါ | ၁၄၉ |
| ၁၀၃။ | အတုလ ဥပါသကာ | ၁၅၀ |
| ၁၀၄။ | ကောက်ချက် ဥပဒေသ | ၁၅၂ |
| ၁၀၅။ | သောကကင်းဝေး နေနိုင်ရေး | ၁၅၃ |
| ၁၀၆။ | ချီးကျူးဖွယ် မိသားစု | ၁၅၄ |
| ၁၀၇။ | ကောက်ချက် ဥပဒေသ | ၁၅၇ |
| ၁၀၈။ | မြူအညစ်အကြေး ကင်းဝေးကြဖို့ | ၁၅၇ |
| ၁၀၉။ | မိန်းမကို စွဲလမ်းသောဝတ္ထု | ၁၅၈ |
| ၁၁၀။ | ကောက်ချက် ဥပဒေသ | ၁၆၁ |
| ၁၁၁။ | ယောဂဟူသော ဘေးကင်းရှင်းဖို့ | ၁၆၂ |
| ၁၁၂။ | ပါယာသိမင်းဝတ္ထု | ၁၆၂ |
| ၁၁၃။ | ကောက်ချက် ဥပဒေသ | ၁၆၃ |
| ၁၁၄။ | မင်္ဂလာရှိကြဖို့ | ၁၆၆ |
| ၁၁၅။ | ရှေးဆရာတော်ကြီးများ | ၁၆၆ |
| ၁၁၆။ | မင်္ဂလသုတ် အတ္ထုပ္ပတ် | ၁၆၇ |
| ၁၁၇။ | မင်္ဂလသုတ်အကျိုး | ၁၆၈ |
| ၁၁၈။ | မင်္ဂလာတရား (၃၈)ပါး၊ ပါဠိမြန်မာ | ၁၇၁ |
| ၁၁၉။ | မင်္ဂလာ ယတ္တဝိဘာဝနီနိဂမန | ၁၇၆ |

## ၁။ ရတနတ္တယ ပဏာမဂါထာ

မင်္ဂလတ္ထံ ဝိဘာဝတံ
ကရိဿာမဟ မာစေရံ
ဝန္ဒိတွာ ရတနတ္တယံ
မင်္ဂလာယတ္တဝုတ္တန္တံ။

အဟံ၊ မင်္ဂလာနှင့်စပ် ဝတ္ထုကြောင်း အရပ်ရပ်ကို သဟ်မှတ် ဖော်ထုတ် အကျွန်ုပ်သည်။ မင်္ဂလတ္ထံ၊ လောကီ လောကုတ် ကျိုး မယုတ်ဘဲအဟုတ်ကြီးပွား မင်္ဂလာအနက်သဘောတရားကို။ဝိဘာ ဝိတံ၊ပေါ်လွင်စေလဘ် ထင်စွာပြတော်မူတတ်သော။ရတနတ္တယံ၊ ဗုဒ္ဓမြတ်စွာတို့ ဆရာနှင့် သံဃာတရား ရတနာမြတ်သုံးပါးကိုရင်း၊ အာစေရဥ္စ၊ ပခုက္ကူမဟာဝိသုဘာရာမတိုက် ဆရာတော်များ မန္တ လေးဘုရားကြီးတိုက် ဦးနာရဒ ဆရာတော်၊မဟာနန် ဆရာတော်၊ ရွှေရေးဆောင်ဦးပဏ္ဍဝ ဆရာတော်၊ရန်ကုန် မြသိန်းတန် ဦးပညာ သီဟ ဆရာတော်၊ စည်သာဥတ္တရာ ရာမဆရာတော်ဟူသော ဆရာ သမားများကိုရင်း၊ဝန္ဒိတွာဝန္ဒာမိ၊ လက်စုံဖြာ ချီမိုးကာဖြင့် ရှိခိုး ဦးချလိုက်ပါ၏။ဝန္ဒိတွာ၊ရှိခိုးဦးပြီး၍မင်္ဂလာယတ္တဝုတ္တန္တံ၊မင်္ဂလာ

နှင့်စပ်သော ဝတ္ထုပုံပြင် အကြောင်းအရာ အစုံအလင်ကို ပေါ်လွင်အောင် ပြဆိုရာဖြစ်သော မင်္ဂလာ ယတ္တဝိဘာဝနီသည် ထူးဆန်းသိစရာ ကျမ်းကို။ ကရိယာသမိ၊ ရေးသားပြုပြင် စီရင်လိုက်ပါအံ့။

## ၂။ အကြောင်းပြနိဒါန်း။

ကမ္ဘာ့သူ ကမ္ဘာ့သား အားလုံးတို့သည် မင်္ဂလာရှိသောသူတွေ ဖြစ်ချင်ကြသည်။ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ မင်္ဂလာရှိသောသူတွေ ဖြစ်ကြပါမှ ဗုဒ္ဓဘာသာ ဖြစ်ရကျိုး နပ်ကြပေမည်။ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ရကျိုး နပ်ကြရလေအောင်ဗုဒ္ဓမြတ်စွာ၏ ၃၈ ဖြာ မင်္ဂလာ တရားတော်နှင့် ညီညွတ်စွာ နေထိုင်ရေးကို ကြိုးစားအားထုတ်ကြစေချင်သည်။အပြောလွယ်သလောက်လက်တွေ့အကောင်အထည် ဖော်ရာ၌ ခဲယဉ်းနေတတ်ကြသည်။ ဥပမာ ဗုဒ္ဓမြတ်စွာက "လူမိုက်တို့နှင့် မပေါင်းသင်းရ"ဟု ဟောထားသည်။ ခေတ်အလိုက် ပြေပြစ်အောင် အပေါင်းအသင်းဆန့် သဘောမျိုးဖြင့် ပေါင်းသင်း ဆက်ဆံနေကြသည်။ဤသည်ကို အချို့က ထောက်ခံသော သဘော သက်ရောက်နေသည်။

အမှန်မှာ ထိုလူမိုက်နှင့် ပတ်သက်ပြီး မိမိမှာ မင်္ဂလာတရား မပျက်ဘဲ မင်္ဂလာတရား မူလရှိမြဲအတိုင်း ရှိနေသင့်သည်။ လူမိုက်နှင့် ပေါင်းသင်းမှုအတွက်မင်္ဂလာတရား မိမိမှာပျက်ကွက်လောက်လျှင် ခပ်ခွာခွာ နေသင့်ကြသည်။ မင်္ဂလာတရားသည် အလွန်ကောင်းမွန်သော အကျင့်တရားများဖြစ်၍ ဘာသာတိုင်းနှင့်သင့်လျော် လျောက်ပတ်သည်။ ဘာသာတိုင်း လက်ခံနိုင်သောအခြေအနေရှိသည်ဟု ဆိုလိုသည်။

လူတိုင်း လူတိုင်း များသောအားဖြင့် မင်္ဂလာတရားပျက်ပြားနေကြသည်။ မင်္ဂလာတရား လက်ကိုင်ထားကြမှသာ ကမ္ဘာလောကကြီး တိုးတက် ကောင်းမွန်လာနိုင်သည်။ လူတွေ အကျင့်စာရိတ္တ တိုးတက်မှုရှိဘို့အတွက်လဲ မင်္ဂလာတရားသာအားထားရာရှိသည်။ မင်္ဂလာတရား ခေါင်းပါးကြသည့်အတွက် (ဝါ)မင်္ဂလာတရားတော်နှင့်အညီ မနေထိုင်ကြသည့်အတွက် လူသားတွေမှာ အကျင့်စာရိတ္တတွေ ပျက်ပြားလာကြရသည်။ အကျင့်စာရိတ္တ ပျက်ပြားမှု တားဆီးရေးကို မင်္ဂလာတရားတော်ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်သင့်ကြသည်။

မြန်မာ နိုင်ငံ ဗုဒ္ဓဘာသာများသည် ဗုဒ္ဓဘာသာ အမည်ကို ခံယူထားသော်လည်း ဗုဒ္ဓမြတ်စွာ၏ စကားကို မလိုက်နာသူတွေက များနေသည်။ ဗုဒ္ဓမြတ်စွာက မင်္ဂလာတရားတော်နှင့် ညီညွတ်စွာ နေကြဘို့ လိုလား နှစ်သက်တော်မူသည်။ ဗုဒ္ဓမြတ်စွာက မင်္ဂလာတရားတော်နှင့် ညီညွတ်စွာ နေကြဖို့ လိုလားပါလျက် မင်္ဂလာ တရားတော်ကို မျက်ကွယ်ပြုသူများသည် ဗုဒ္ဓမြတ်စွာကို ဆန့်ကျင်ဘက်ပြုရာ ရောက်နေသည်။ ဗုဒ္ဓမြတ်စွာကို ဆန့်ကျင်ဘက်ပြုရာ မရောက်စေဖို့အတွက် ကိုယ်တိုင်လည်း မင်္ဂလာ တရားတော်နှင့် လျော်ညီစွာ နေထိုင်ကြဖို့ သူတပါးတို့အားလည်း မင်္ဂလာတော်နှင့် ညီညွတ်စွာနေထိုင်ရေးကို အားပေးသင့်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၌ မင်္ဂလာတရားတော်နှင့် ပြည့်စုံအောင် နေထိုင်ကြသော ရှေးခေတ်လူများသည် ယခုမျက်မှောက်ခေတ် လူများထက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ရရှိကြသည်။ ရောဂါဝေဒနာ နည်းပါးကြသည်။ အန္တရာယ်ကင်းရှင်းကြသည်။ အသက်ရှည်ကြသည်။ လူဆိုးသူဆိုး ဘေးအန္တရာယ်တို့မှ ကင်း

လွတ်ကြသည်။ အိမ်ဝင်းတံခါးကို မပိတ်ဘဲ အိပ်နိုင်ကြသည်။ ငယ်ရွယ်သူတို့က အသက်ကြီးသူတို့ကို ရိုသေလေးစားကြသည်။ ကြီးသော သူတို့က ငယ်ရွယ်သူတို့ကို ချီးမြှောက်ထောက်ပံ့ကြသည်။ အခွင့်အရေးပေးသင့်သလောက် ပေးကြသည်။ မိသားစု တခု၌ တယောက် ရှာဖွေလျှင် တအိမ်သားလုံး စားရေး၊ဝတ်ရေး၊ နေရေး ပြေလည်ကြသည်။ညှော့သည်လာလျှင် ဝန်မလေးဘဲကျွေးမွေးထားနိုင်ကြသည်။ ငါးပါးသီလ မြဲကြသည်။ ဥပုသ်နေ့တို့၌ ရှစ်ပါးသီလ ဆောက်တည်ကြသည်။ ရပ်မှုရွာမှုကိစ္စ ညီညွတ်ကြသည်။

ရှေးခေတ်လူသားများလို ကောင်းစားလိုကြပါလျှင်မင်္ဂလာ တရားတော်နှင့်အညီ နေထိုင်ကြဖို့ဖြစ်သည်။ မင်္ဂလာတရားတော် ပြန့်ပွားရေး အလေးဂရုပြုပြီး ဆောင်ရွက်ကြပါလျှင် မင်္ဂလာ တရားတော်က မင်္ဂလာနှင့် ပြည့်စုံသူတို့ကို ကူညီစောင့်ရှောက်ပါလိမ့်မည်။

ရဟန်းသံဃာတော်များနှင့်တကွလူအပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ မင်္ဂလာတရားတော်ကို နာကြားကြရသဖြင့်ယုံမှားသံသယ ကင်း၍ အချင်းချင်း သင့်တင့်ညီညွတ်ကြပြီးသော် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော် ကျေးဇူးတော်ကို လှစ်ဖော်ချီးကျူးကာ နေကြသည်။ ထိုအခါ ဗုဒ္ဓမြတ် ကြွလာတော်မူသည်။ အကြောင်းခြင်းရာကို မေးမြန်းတော်မူရာ မင်္ဂလာနှင့် စပ်သော စကားကို ပြောဆိုမှန်း သိ၍ အလောင်းတော်ဖြစ်စဉ်ကလည်းမင်္ဂလာပြဿနာကိုအကျဉ်းချုပ်အားဖြင့် ဖြေကြားတော်မူဘူးကြောင်း မိန့်တော်မူပြီးလျှင် မဟာမင်္ဂလဇာတ်ကို ဟောကြားသည်။

ထိုမဟာ မင်္ဂလဇာတ်၌ အလောင်းတော် ရက္ခိတ ရသေ့ကြီး သည် တပည့်ရသေ့ငယ်များက လျှောက်ထား မေးမြန်းကြ သဖြင့် မင်္ဂလာရှစ်ပါးကို အကျဉ်းအားဖြင့် ဟောကြားတော်မူ သည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ အလုံးစုံသော လူနတ် ဗြဟ္မာ သတ္တဝါတို့နှင့်တကွအပါယ် ဘုံသား သတ္တဝါများပါမကျန် ချမ်းသာစေရန် ရည်သန်သော စိတ်ထားဖြင့် မေတ္တာပွားများခြင်းသည် မင်္ဂလာမည်၏။

၂။ အလုံးစုံသော လူအပေါင်းတို့ အပေါ်၌ ထော်လော် ကန့်လန့် မခန့်မညား မပြုနိမ့်ချမှုကို ရှေ့ထားကာ ဖရုသဝါစာ ကြမ်းတန်းစွာ ပြောသောနှုတ်သံကို သည်းခံခြင်း ခန္တီသည် မင်္ဂလာမည်၏။

၃။ မိတ်ဆွေ သူငယ်ချင်းတို့ကို အတတ်ပညာဂုဏ်ဖြင့်လည်း ကောင်း၊အမျိုးဂုဏ်ဖြင့်လည်းကောင်း၊မနဂုဏ်ဖြင့်လည်းကောင်း၊ ဇာတိဂုဏ်ဖြင့်လည်းကောင်း၊မထေမဲ့မြင် မပြုခြင်းသည် မင်္ဂလာ မည်၏။

၄။ အကျွမ်းတဝင် ချစ်ခင်လှသော ပညာရှိမိတ်ဆွေကောင်း ရှိသဖြင့် ထိုမိတ်ဆွေကောင်းတို့အား ပြစ်မှားခြင်းကင်းစွာ ဥစ္စာ ပစ္စည်းဖြင့်သော်လည်း ဝေဖန်ခွဲခြမ်း၍ ပေးကမ်းရသည်။ ထို မိတ်ဆွေကောင်း ရှိခြင်း၊မိတ်ဆွေကောင်းတို့အားပြစ်မှားကင်းစွာ ဥစ္စာ ဆက်ဆံဝေဖန် ဖြန့်ချီခြင်းသည် မင်္ဂလာမည်၏။

၅။ အကြင်ယောကျ်ားအား သက်တူရွယ်တူ အပြုအမူညီညာ ဝခံသော ဝမ်းမြောက်အောင် ပြုတတ်၍ လင့်စိတ်ဓာတ် အလိုသာ လိုက်ပြီးလျှင် သုစရိုက်ဆယ်ပါး ကုသိုလ်တရားကိုသာ နှစ်သက် ၏။ ထို့ပြင် လင်ကိုလည်း ရိုသေတုပ်ကွ၊ အကျင့်သီလနှင့် ပြည့်စုံ၊

အမြုံလည်း မဟုတ်ဘဲ ဥတ္တမ ဇာတ်အမျိုးလည်း မြဖ်၏။ ထို ယောကျ်ားအား ထိုဆိုခဲ့ပြီးသော ဂုဏ်နှင့် ပြည့်စုံသော ဇနီးသည် ရှိခြင်းသည် မင်္ဂလာမည်၏။

၆။ အကြင် မင်းမှုထမ်း ယောကျ်ားအား စိတ်ထား စိတ်နေ စင်ကြယ်မြင့်မြတ်၍ ဝီရိယ ဓာတ်ကောင်းရှိပြီးလျှင် သမာဓိ တည် ခိုင်ကာ မဏ္ဍိုင် ကဲ့သို့သော စိတ်မြတ်ရှိ၏။ ထို မင်းမှုထမ်း ယောကျ်ား၏ စင်ကြယ်သော စိတ်ဓာတ်နှင့် ကောင်းမြတ်သော ဝီရိယ သမာဓိရှိခြင်းသည် မင်္ဂလာမည်၏။

၇။ အကြင် ပုဂ္ဂိုလ်သည် ကံ ကံ၏ အကျိုးကို ယုံကြည်ပြီး လျှင် ကြည်လင်သော စိတ်ဇော၊ ဝမ်းမြောက်သော သောမနဿ ပီတိဖြင့် ထမင်းအဖျော် သင့်လျော်သော အလှူဝတ္ထုကိုပေးကမ်း လှူဒါန်း၏၊ ထိုပုဂ္ဂိုလ်၏ ပေးကမ်းလှူဒါန်းသော ဒါနစေတနာ သည် မင်္ဂလာမည်၏။

၈။ ပညာကြီးမား၍ စိတ်ထားတည်ငြိမ်၊ ဗုဒ္ဓရှင်ဖြစ် တော်မူကြသော အရှင်ရဟန္တာမြတ်သည် အကြင် ပုဂ္ဂိုလ် တဦး တယောက်ကို မြင့်မြတ်သော အကျင့်ဖြင့် သင့်တင့် လျောက်ပတ် ကောင်းမြတ်စွာ သင်ကြားပြသတော်မူပြီးလျှင်၊ အရဟတ္တဖိုလ်ကို ခိုလှုံမိစေသည် ဖြစ်အံ့။ ရဟန္တာတို့၏ အလယ်တင့်တယ်စွာ ရအပ် သော ထိုပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်သည် မင်္ဂလာမည်၏။

ဘုရားအလောင်းတော် ရက္ခိတ ရသေ့ကြီး ဖြစ်တော်မူစဉ် အခါကလည်း ဗုဒ္ဓမြတ်စွာ လူ့ကွက်ထက်တော် အခါက ကဲ့သို့ပင် ဒိဋ္ဌမင်္ဂလာ ဂိုဏ်းသား၊ သုတ မင်္ဂလာဂိုဏ်းသား၊ မုတ မင်္ဂလာ ဂိုဏ်းသားဟု အကွဲကွဲအပြားပြား ဖြစ်နေကြသဖြင့် မင်္ဂလာ ပြဿနာကြီးဖြစ်ပေါ်လာရသည်။ ထိုမင်္ဂလာ ပြဿနာကို တပည့်

ရခဲသော ငယ်များအား ဗာရာဏသီမင်းတရားက ပြန်ကြားလျှောက်ထားသောအခါတွင် တပည့်ရသေ့ငယ်များက ပြန်ကြား ဖြေဆိုခြင်းငှာ မစွမ်းနိုင်ကြရှာသောကြောင့် ဆရာဖြစ်သော ရက္ခိတရသေ့ကြီးအား ချဉ်းကပ်ဝင်ရောက် လျှောက်ထားသောအခါမှ အထက်ပါ မင်္ဂလာရှစ်ပါးကို ဘုရားအလောင်းတော်မြတ် ဟောကြားတော် မူအပ်သည်။

အလောင်းတော်ဘဝ ဖြစ်စဉ်က ဟောအပ်သော မင်္ဂလာတရားရှစ်ပါးသည်ပင် အနှစ်သာရ‌တို့နှင့် ပြည့်စုံလှသည်ဖြစ်၍ သဗ္ဗညုတ ဉာဏ်ရှင် ဖြစ်တော်မူသော ဘဝ၊ သမ္ဗုဒ္ဓ အစစ်အဖြစ်ကြီး ဖြစ်လာသော အခါမျိုး၌ ဟောကြားတော်မူ အပ်သော မင်္ဂလာ တရားတော်မှာမူ အဘယ်ပြောဖွယ်ရာ ရှိချေအံ့နည်း။ အလွန်အကျိုး အာနိသင်ကြီးမားလှပေသည်။

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ ဟောကြားသော မင်္ဂလာ တရားတော်နှင့်လျော်ညီစွာ နေထိုင်ကြဖို့အတွက် ဤမည်သော 'မင်္ဂလာယတ္တုဝိဘာဝနီ' ကျမ်းက စာရှုသူတို့အား အကူအညီ ပေးပါလိမ့်မည်။ ဤကျမ်းလာ မင်္ဂလာနှင့် စပ်သော အကြောင်းအရာဝတ္ထုပုံပြင်တို့ကို ကြည့်ရှုလေ့လာကြ၍ မင်္ဂလာရှိသူတွေ ဖြစ်အောင် ကြိုးစားအကောင်အထည် ဖော်နိုင်ကြပါစေဟု ဆုတောင်းရင်း နိဒါန်းစကားလက်စ သတ်လိုက်သည်။

၁၃၃၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့

၂၂-၇-၇၅

**ပခုက္ကူ အရှင် ကေသရ**

မြသိန်းတန် ကျောင်းတိုက်

အရှေ့ပိုင်း စာတိုက်၊ ရန်ကုန်မြို့။

## မင်္ဂလာ ယတ္တ ဝိဘာဝနီကျမ်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၃။ လူမိုက်တို့နှင့် မပေါင်းသင်းလို။

“လူမိုက်ကို မမြင်ရလို၊ ဤအရပ်၌ လူမိုက်နေ၏ဟု မကြားရလို၊ လူမိုက်နှင့်အတူ တကွလည်း မနေရလို၊ လူမိုက်နှင့် ရှေးဦးစွာ ပြောဆိုခြင်း အာလာပ အဖန်ဖန်ပြောဆိုခြင်း သလ္လာပကိုလည်း မပြုရလို၊ လူမိုက်နှင့် ပြောဆိုခြင်းကိုလည်း မနှစ်သက်ရလို”

ကေရသ နိပါတ်အကိတ္တိဇာတ်

### ၄။ အကိတ္တိ ရှင်ရသေ့။

ရှေးရှေးတုန်းက ဗာရာဏသီ တိုင်းပြည်မှာ ကုဋေ ၈၀ ချမ်းသာသော သူကြွယ်တယောက်ရှိသည်။ မိဘတို့ ကွယ်လွန် အနိစ္စရောက်သောအခါ ကုဋေ ၈၀ သောဥစ္စာတို့ကိုစွန့်၍ရသေ့ရဟန်းပြုပြီးလျှင် ဒမိဠတိုင်းသို့ရောက်၍ ကာဝီ သင်းဘောဆိပ်အနီးဥယျာဉ်၌နေလျက် ဈာန်အဘိညာဏ်ကိုဖြစ်စေ၍ ကောင်းကင်ဖြင့် သွားလာနိုင်သော တန်ခိုးရှိသည်။ ကာဝီရကျွန်း၌ ကဗျည်းပင်ကို မှီ၍ သစ်ရွက်မိုးကျောင်းမှာ နေထိုင်သည်။

အမည်အားဖြင့် အကိတ္တိဖြစ်သည်။ အကိတ္တိ ရှင်ရသေ့သည် အလိုနည်းပါး၏။ မည်သည့်အရပ်ကိုမျှမသွား၊ကဗျည်းပင် အသီးရှိသောကာလ၌ အသီးတို့ကို စားသည်။ အရွက်ရှိသောကာလ၌ အရွက်တို့ကို စားသည်။အကိတ္တိ ရှင်ရသေ့၏ အကျင့်သီလတန်ခိုးကြောင့် သိကြားမင်း ဆင်းလာရသည်။ သိကြားမင်းသည် အလှူခံပုဏ္ဏားအသွင် ဖန်ဆင်း၍ ဆွမ်းရပ်သောအသွင်ဖြင့် လာ၍ရပ်သည်။ ကဗျည်းရွက်ကို ပြုတ်ဖျော၍ စားဟန်ပြင်နေသော အကိတ္တိ ရှင်ရသေ့သည် မိမိတို့လုံးဝမချန်ဘဲ အားလုံးကို အလှူခံပုဏ္ဏားအား လှူသည်။ မိမိအတွက်ကား နောက်ထပ်တဖန် မခံတော့ဘဲ ပီတိသုခဖြင့်သာ ချမ်းသာစွာနေသည်။

သုံးရက်ဆက် အလှူခံ

သိကြားမင်းသည်ကဗျည်းရွက်ပြုတ်တို့ကိုယူ၍အတန်ငယ်သွားဟန်ပြု၍ ကွယ်လွန်သွား၏။ဤနည်းဖြင့် သုံးရက်ဆက် အလှူခံ၏။ ရှင်ရသေ့ကလည်း သုံးရက်ဆက်၍ မိမိမစားဘဲ လှူ၏။ သုံးရက်မြောက်၌ သိကြားမင်းသည် ကြည်ညို၍ ဆုပေး၏။ အကိတ္တိရှင်ရသေ့အနေဖြင့် အထက်ပါဆောင်းပါးအစ စကားရပ်ဖြင့် ဆုယူသည်။

အဘယ်ကြောင့် ဤဆုတောင်း။

"အရှင်ရသေ့ လူမိုက်သည် သင့်ရဲ့ မည်သည့် အကျိုးမဲ့ကို ပြုပါသနည်း။ အကြောင်းကို ပြောပြစမ်းပါ။ ဘယ်အတွက် လူမိုက်ကို မမြင်လိုပါသနည်း"

လူမိုက်ဆိုတာ ဘာမျှမသိ

"ပညာမရှိသောလူမိုက်သည် ချမ်းသာခြင်း၏ အကြောင်း မဟုတ်သည်ကို ချမ်းသာခြင်း၏ အကြောင်းဟုယူ၏။ မယှဉ်သင့်

သည်၌ ယှဉ်တတ်၏။ ထိုလူမိုက်အား ဒုဂ္ဂတိသို့ ဆောင်တတ်သော အကျင့်သည် မြတ်သော အားဖြင့်ဖြစ်၏။ အသင့်အားဖြင့် ဆိုအပ်ပါလျက် စိတ်ဆိုးတတ်၏။ ထိုလူမိုက်သည် အဆုံးအမကို မသိတတ်။ သို့အတွက် ထိုလူမိုက်ကို မမြင်ရခြင်းသည် ကောင်း၏"

အကိတ္တိ၏ ဒုတိယဆု။

"ပညာရှိကို မြင်ရလို၏။ ပညာရှိကို ဤအရပ်မှာ နေ၏ဟု ကြားရလို၏။ ပညာရှိနှင့် ရှေးဦးစွာ ပြောဆိုခြင်း အာလာပ၊ အဖန်ဖန် ပြောဆိုခြင်း သလ္လာပ အမှုကို ပြုရလို၏။ ထိုပညာရှိနှင့် ပြောဆိုခြင်းအမှုကိုလည်း နှစ်သက်ရလို၏"

အဘယ်ကြောင့် ဤဆုတောင်း။

"အရှင်ရသေ့၊ ပညာရှိသည် သင့်ရဲ့မည်သည့် အကျိုးစီးပွားကို ဆောင်ရွက်ပေးဘူးသနည်း။ အကြောင်းကို ပြောစမ်းပါ။ ဘယ်အတွက် ပညာရှိကို မြင်ခြင်းကို သင်အလိုရှိသနည်း"

ပညာရှိဆိုတာ အကုန်သိ။

"ပညာရှိသည် ချမ်းသာခြင်း၏ အကြောင်း မဟုတ်သည်ကို ချမ်းသာခြင်း၏ အကြောင်းဟူ၍မယူ။ မယှဉ်သင့်သည်၌ မယှဉ်။ ထိုပညာရှိအား သုဂတိသို့ဆောင်သော အကျင့်သည် အမြတ်အားဖြင့် ဖြစ်၏။အသင့်အားဖြင့် ဆိုခဲ့သော် စိတ်မဆိုးတတ်။ထိုပညာရှိသည် အဆုံးအမကိုသိ၏။သို့အတွက် ပညာရှိနှင့်ပေါင်းသင်းရခြင်းသည် ကောင်း၏"

ဗုဒ္ဓမြတ်စွာ ဟောကြားချက်။

ဘုရားအစရှိသော ပညာရှိတို့ကို ဖူးမြင်ရခြင်းသည် ကောင်း၏။ ချမ်းသာ၏။ ဘုရားအစရှိသော ပညာရှိတို့နှင့် အတူတကွ နေ

ထိုင်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ လူမိုက်တို့ကိုမမြင်ရခြင်းကြောင့် အမြဲသာလျှင် ချမ်းသာခြင်းရှိ၏။ (ဇာတက။ ၄။ ၂၃၇၊ ၂၄၁)

၅။ ကောက်ချက် ဥပဒေသ။

ဤဝတ္ထု၌ အကိတ္တိ ရှင်ရသေ့သည် လူမိုက်၏ လက္ခဏာသဘာဝကို သိသည်။ သိသည့်အတွက် လူမိုက်ကို မမြင်လိုခြင်း၊ မပေါင်းလိုခြင်းဖြစ်သည်။ လူမိုက်ကို အလွန်စက်ဆုတ် မုန်းတီးသည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ပစ္စက္ခ သံသရာ နှစ်ဖြာတို့၌ မကောင်းရာဘက်ကို ဆွဲဆောင်မည့်လူမိုက်တို့ကို သတိထား၍ ခတ်ခွာခွာဆက်ဆံ ပေါင်းသင်းသင့်ကြသည်။သို့မှသာ "အသေဝနာစ ဗာလာနံ" လူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

ကောင်းရာညွှန်ပြ၊ မိန့်ဟသူကို
ဆက်ဆံပေါင်းသွင်း၊ ကောင်းခြင်းထိုထို
မကောင်းရာထဲ၊ ဆွဲသွင်းပုဂ္ဂိုလ်
အဝေးမှ၊ တွေးဆရှောင်ပါဆို။

အတွဲ ၁၇၊ အမှတ် ၄၅၊ ဗုဒ္ဓဓမ္မလောက
၂၀-၄-၇၅

၆။ ပညာရှိနှင့်ပေါင်းသင်းရကျိုး။

"ပဏ္ဍိတာနဉ္စ သေဝနာ"မင်္ဂလာဖြင့် ပညာရှိတို့နှင့် ပေါင်းသင်းဆက်ဆံရမည်ကိုပြသည်။ ပညာရှိဆိုတာ မိတ်ကောင်း ဆွေကောင်းဖြစ်သည်။ပညာရှိ၏ တန်ဘိုးကားဤ၍ ဤမျှသာဟု ပိုင်းဖြတ်၍ မဖြစ်ချေ။ရဟန်းပညာရှိဖြစ်စေ၊ လူပညာရှိဖြစ်စေ။ပေါင်းသင်းဆက်ဆံ သင့်ကြသည်။ပေါင်းသင်းဆက်ဆံ ကြည့်မှ ပညာရှိအကြောင်းကို ကောင်းကောင်းကြီး သိနိုင်သည်။ "သမ္မိ ရေဝ သမာ သေထ"ဟူ၍လည်း ဗုဒ္ဓမြတ်စွာက အတိအလင်းဟောထားသည်။

၇။ သမုဒ္ဒဝါဏိဇ္ဇဝတ္ထု။

ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ဆိုတာ ကြောက်စရာကောင်းသည်။ မုန်တိုင်းနှင့်တွေ့နေလျှင် ပို၍ဆိုးတတ်သည်။ လှိုင်းလုံးကြီးများ ကြောက်ခမန်းလိလိ ဖြစ်သည်။ အရောင်းအဝယ်သမားများအနေဖြင့်သမုဒ္ဒရာ ဝမ်းတထွာအတွက်အသက်ကိုစွန့်၍ ပင်လယ်ပြင်မှာဘဲ ခရီးထွက်ကြရသည်။

ခုနှစ်ရာသော ကုန်သည်တို့သည် သင်္ဘောဖြင့် သမုဒ္ဒရာပင်လယ်ပြင်မှာ ကုန်ရောင်း ကုန်ဝယ်အဖြစ် ထွက်သွားကြသည်။ သင်္ဘောထွက်၍ (၇) ရက်မြောက်သောနေ့မှာသမုဒ္ဒရာအလယ်၌ သင်္ဘော ကွဲအက်သွားသည်။ ရေတွေဝင်လာသည်။ကုန်သည်တို့သည် အလွန်ကြောက်လန့်ကုန်၍ မိမိတို့ကိုးကွယ်ရာ နတ်တို့ကိုတိုင်တန်းကြကုန်သည်။

မကြောက်သူ တယောက်။

ကုန်သည် (၇၀၀) တို့အနက် တယောက်သော ကုန်သည်သည် သင်းဘောထွက်သောနေ့၌ ရဟန်းသံဃာအားဒါနဝတ္ထုကို လှူခဲ့သည်။ သရဏဂုံနှင့် ငါးပါးသီလကို ဆောက်တည်ခဲ့သည်။ ထိုကုန်သည်ကား အများကုန်သည်တွေ ဟိုပြေးဒီပြေး ငိုကြွေးမြည်တမ်း ယောင်ယမ်းနေကြသော်လည်း လုံးဝ ကြောက်စိတ်မရှိ။ ပကတိ နေမြဲတိုင်း နေသည်။ဆောက်တည်ခဲ့သော သရဏဂုံ သီလနှင့် အလှူဒါနကို ဆင်ခြင်လျက်ရှိသည်။ မကြောက်ခြင်း အကြောင်းကို အခြားသူတို့ကမေး၍ "ငါ့မှာ သီလကို ဆင်ခြင်အောက်မေ့နေ၍ မကြောက်ခြင်း ဖြစ်ပါတယ်"ဟု မကြောက်သောသူက ပြောပြသည်။

ငါးပါးသီလပေးခြင်း။

"သီလကို အခြားသူအား ပေးလို့ ဖြစ်သလား"ဟု မေးသောအခါ "ဖြစ်နိုင်ပါတယ်"ဟု မကြောက်သောသူက ပြောပြသည်။ "ကျွန်ုပ်တော်တို့အား သီလပေးပါ"ဟု အားလုံးက တောင်းပန်ကြသည်။ ခုနစ်ရာသော ကုန်သည်တို့ကို တရာစီခွဲ၍ ခုနစ်စုပြုပြီး ငါးပါးသီလကို ပေးသည်။ ရှေးဦးစွာသော ကုန်သည် တရာ အစုသည် ခြေဖမျက်နစ်စဉ် ငါးပါးသီလကိုယူသည်။

ဒုတိယအစုသည် ဒူးဆစ်မျှသော ရေမှာတည်လျက် ငါးပါးသီလကိုယူသည်၊ တတိယအစုသည် ခါးမျှသောရေမှာတည်လျက်၊ စတုတ္ထအစုသည် ချက်မျှသောရေမှာ တည်လျက်၊ ပဉ္စမအစုသည် ရင်ဆမျှသော ရေမှာ တည်လျက်၊ ဆဋ္ဌမအစုသည် လည်ပင်းမျှ

သော ရေမှာတည်လျက်၊ နောက်ဆုံး သတ္တမအစုသည် ပါးစပ်တွင်းမှာ ဆားငံရေဝင်လျက် ငါးပါးသီလကို ယူသည်။

“အို....သူငယ်ချင်းတို့၊ သင်တို့ငါတို့မှာ အခြားကိုးကွယ်ရာဘာမျှမရှိ၊ သီလကိုသာ ဆင်ခြင်ကြကုန်လော့”ဟု ကြွေးကြော်ပေးသည်။ဤကဲ့သို့ အားလုံးသီလကို ဆင်ခြင်၍နေစဉ် သင်းဘောမြုတ်၍ သေလွန်ကြသည်။

## သတုလ္လပ ပကာယိ

ဆရာနှင့်တကွ ခုနစ်ရာသော ကုန်သည်တို့သည် မိမိတို့ဆောက်တည်ထားသောသီလကို ဆင်ခြင်အောက်မေ့နေဆဲ သေလွန်ကြသည့်အတွက် တာဝတိံသာ နတ်ပြည်မှာဖြစ်ကြသည်။နတ်သားအားလုံးတို့၏ အမည်ကို သူတော်ကောင်းတရားကို ဆောက်တည်သည်၏ အစွမ်းဖြင့် နတ်ပြည်၌ ဖြစ်ခြင်းကြောင့် “သတုလ္လပကာယိ”ဟု ခေါ်ဆိုကြသည်။

ရွှေဗိမာန် တဝင်းဝင်း။

ငါးပါးသီလ တန်ခိုးကြောင့် ခုနစ်ရာသောနတ်ဗိမာန်တို့သည် တစုတဝေးတည်း ရွှေရောင် တဝင်းဝင်း အလွန်ထွန်းလင်းတောက်ပြောင်လျက်ရှိကြသည်။ နတ်ဗိမာန် ခုနစ်ရာတို့၏ အလယ်၌ ဆရာနတ်သား၏ ရွှေဗိမာန်ကား ယူဇနာ၁ရာ ကျယ်ဝန်း၍ အထူးတင့်တယ်သည်။ အငယ်ဆုံးနတ်သား၏ ဗိမာန်သည် ၁၂ ယူဇနာကျယ်ဝန်းသည်။

ဗုဒ္ဓမြတ်စွာထံ။

မိမိတို့၏ ကုသိုလ်ကောင်းမှုကို ပြန်၍ မြင်ဆင်မိသော အချိန်၌ ဆရာကျေးဇူးကြောင့် ဤသို့သော နတ်စည်းစိမ် ရသည်ကို အားလုံးသိကြသည်။ ဗုဒ္ဓမြတ်စွာထံ သွားကြ၍ ဆရာကျေးဇူးဂုဏ်ကို ဤသို့လျှောက်ထားကြသည်။

"ပညာရှိတို့နှင့်သာ ပေါင်းဖော်ရာ၏။ ငါးပါးသီလ စသော သူတော်ကောင်းတရားကို သိမြင်လျှင်မြတ်၏။ ပညာကို ရနိုင်၏။ စိုးရိမ်သော သူတို့အလယ်မှာ မစိုးရိမ်ရချေ"သံ။ ၁။ ၄။ ၅၃။

၈။ ကောက်ချက် ဥပဒေသ။

ဤဝတ္ထု၌ ကုန်သည် ခုနစ်ရာတို့သည် အကယ်၍သာ ပညာရှိ သူတော်ကောင်း ဆရာနှင့် မပေါင်းသင်းလိုက်ရလျှင် သင်းဘောမြုပ်စဉ် သေကြေပျက်စီး၍ အပါယ်ဘုံ ရောက်နိုင်သည်။ ပညာရှိနှင့် ပေါင်းသင်းလိုက်ရခြင်းကြောင့် နတ်ပြည်ရောက်ကြရသည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ပညာရှိတို့နှင့်သာ ဆက်ဆံပေါင်းသင်း နေထိုင်သင့်ကြသည်။ သို့မှသာ "ပဏ္ဍိတာနဉ္စ သေဝနာ" ပညာရှိတို့ကို မှီဝဲဆည်းကပ်ရမည်ဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

ပညာရှိများ၊ ဝပ်တွားဖန်ခါ
ဆက်ဆံပေါင်းသင်း၊ ကောင်းခြင်းဖြာဖြာ
သံသာ ပစ္စုပ်၊ မယုတ်ကျိုးလာ
သူတော်ကောင်း၊ အပေါင်းဆည်းကပ်ပါ။

အတွဲ ၁၉၊ အမှတ် ၃၂၊ ဗုဒ္ဓဓမ္မလောက
၂၂-၁-၇၄

၉။ ပူဇော်ထိုက်ရာကို ပူဇော်ခြင်း။

"သက်တော်ထင်ရှားရှိသော လက်ထက်တော်က ဘုရားရှင်အစစ်၌၎င်း၊ ပရိနိဗ္ဗာန်ပြုပြီးသော ရုပ်ပွားတော်၊ စေတီတော်၊ဓာတ်တော်များ၌၎င်း စိတ်ကိုကောင်းမွန်စွာ ထားတတ်သောကြောင့် သတ္တဝါတို့သည် ကောင်းသောဘဝသို့လားရောက်ကြကုန်၏"

၁၀။ ကောသာတကီ အမျိုးသမီး။

ရှေးရှေးတုန်းက အဇာတသတ် ဘုရင်သည် ဂေါတမ ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်တို့ကို ဝေစုရ၍ စေတီတည်ထား၏။ ထိုစေတီကို ထိုအချိန်က လူပေါင်းစွာ လာရောက်၍ ပူဇော်ခြင်း အမျိုးမျိုးဖြင့် ပူဇော်ကြသည်။ အခွင့်အရေးကို လက်မလွှတ်သော အမျိုးသမီးတဦးသည် နံနက်စောစော ပြုဖွယ်ကိစ္စတို့ကို ပြုပြီး၍ သပွတ်ပန်း ၄ ပွင့်တို့ကို လက်ဖြင့် ကိုင်ယူ၍ စေတီတော်ကို ပူဇော်ရန် ဝမ်းမြောက် ဝမ်းသာ ထွက်လာခဲ့သည်။

နွားမနှင့်တွေ့ခြင်း။

ရာဇဂြိုဟ်ပြည် အဇာတသတ် ဘုရင်၏ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်ကို ဌာပနာထားရာ စေတီတော်ကား ထိုခေတ်ထိုအချိန်က ဖူးမြော်လာရောက်သူတို့ ရှုပ်ရှက်ခတ်နေဖွယ်ရာရှိသည်။ ထိုသပွတ်ပန်း ၄ ပွင့်ကို ဗုဒ္ဓမြတ်စွာ၏ စေတီတော်အား ပူဇော်ရန်စိတ်စောပြီး ထွက်လာသော အမျိုးသမီးကို သားသယ်အမေ နွားမသည် လျင်မြန်သော အဟုန်ဖြင့် ပြေးလာ၍ ဝှေ့သတ်လေတော့သည်။ ဗုဒ္ဓမြတ်စွာ၏ စေတီတော်ကို သပွတ်ပန်းတို့ဖြင့် ပူဇော်အံ့ဟူသော ကုသိုလ် ဇောမြတ်ဖြင့် စုတိစိတ်ကျရာ သေလျှင် သေခြင်း တာဝတိံသာ နတ်ပြည်မှာ သိကြားမင်း၏ အခြံအရံ နတ်သမီး ဖြစ်သွားသည်။

## သိကြားမင်းမေးခြင်း။

"အို နတ်သမီး၊ရွှေပြာသာဒ်ပေါ်မှာရွှေအဝတ်ကိုဝတ်လျက် ခန္ဓာကိုယ်ကလည်း ရွှေအဆင်းလို ဝါဝင်းလို့ ရွှေတန်းဆာ၊ရွှေထီး၊ ရွှေယပ်၊ ရွှေခွက်၊ ရွှေနှင့်တူသော အစာတို့ဖြင့် တင့်တယ်လှချေရဲ့။ ရွှေမြင်းနှင့် ရွှေရထားကြီးစီးလို့ ပါလား။ ဘယ်ကုသိုလ်ပြုခဲ့လို့ ဤနတ်ပြည်ရောက်လာခဲ့ပါသလဲ"

သပ္ပတ်ပန်းလှူမယ်လို့ အလာမှာ

"အရှင်သိကြားမင်း၊ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်ကို ရည်မှန်း၍ လှူဒါန်းပူဇော်ဘို့ သပ္ပတ်ပန်း ၄ ပွင့်ကို ကိုင်ဆောင်၍ လာရာ စေတီတော် မရောက်ခင် လမ်းခုလတ်မှာ နွားမ ဝှေ့သတ်၍ အနိစ္စရောက်ရာ ကုသိုလ်စောမြတ်ဖြင့် စုတိ စိတ်ကျခြင်းကြောင့် ယခုလို ရွှေဗိမာန်ရှင် နတ်သမီး ဖြစ်ရပေါ်တယ်။ အကယ်၍ စေတီတော်သို့ ကိုယ်တိုင်ရောက်၍ ပူဇော်လိုက်ရလျှင် ဤစည်းစိမ်ထက် သာလွန်ပွယ်အကြောင်းရှိပါတယ်"

## သိကြားမင်း တရားဒေသနာ။

မာတလိ အမှူးရှိသော နတ်သား နတ်သမီးတို့ အံ့ပွယ်ရှိသော ဆန်းကြယ်သော ဤကံ၏ အကျိုးကိုရှုကြစမ်းပါ။ အနည်းငယ်သော အလှူတောင် ဤမျှလောက်အကျိုးကြီး၏။

ဘုရားမြတ်စွာ၌ရင်း၊ ဘုရားမြတ်စွာ၏ တပည့်သံဃာ၌ရင်း၊ စိတ်ကြည်ညို၍ လှူအပ်သော အလှူသည် နည်းပါးသည်မရှိ။

လာကြငါတို့သည် ဘုရားမြတ်စွာ၏ ခြေတော်တို့ကို လွှန်မင်းစွာ ပူဇော်ကြပါစို့၊ ကောင်းမှုတို့ကို ဆည်းပူးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။

ဤကားပူဇော်ထိုက်ရာကိုပူဇော်ခြင်းကြောင့်ရရှိခံစားရသော အကျိုးတရားဖြစ်သည်။

## အပူဇော် ခံထိုက်သူများ။

ရဟန်းတို့တွင် ဆရာဥပဇ္ဈာယ်တို့သည် အတွင်းနေတပည့် အစရှိသော သူတို့၏ ပူဇော်ခြင်းကိုခံထိုက်ကုန်၏။သက်တော်ဝါတော်ကြီးသော ရဟန်းတို့သည် သီတင်းငယ် ရဟန်းတို့၏ပူဇော်ခြင်းကို ခံထိုက်ကုန်၏။ ရဟန်းအားလုံးတို့သည် လူများစွာတို့၏ ပူဇော်ခြင်းကို ခံထိုက်ကုန်၏။

လူတို့တွင် အကိုကြီး အမကြီးတို့သည် ညီမငယ် ညီငယ်တို့၏ ပူဇော်ခြင်းကို ခံထိုက်ကုန်၏။ မိဖတို့သည် သားသမီးတို့၏ ပူဇော်ခြင်းကို ခံထိုက်ကုန်၏။လင်သား ယောက္ခမ အစုံတို့သည် အိမ်ရှင်မ အမျိုးသမီးတို့၏ ပူဇော်ခြင်းကိုခံယူထိုက်ကုန်၏။

အမိအဖ အစရှိကုန်သော သူတို့အား ပူဇော်ခြင်းသည် အပြစ်မရှိသော တရားကို ဆောက်တည်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အသက်အစရှိသော တရား၏ အကြောင်း ဖြစ်သောကြောင့်လည်းကောင်းမင်္ဂလာမည်ရသည်။

(ဝိမာန။ ဋ္ဌ၊၁၈၄-၈၈၅)

## ၁၁။ ကောက်ချက်ဥပဒေသ

ပူဇော်ထိုက်သူများကို အလေးအမြတ် ပူဇော်သင့်ကြသည်။ ကောသာတကီအမျိုးသမီး၏ ပူဇော်ခြင်းကို သတိပြုပြီး အတုယူသင့်ကြသည်။ အကယ်၍သာ လမ်းမှာ နွားမတွေ့ဘဲ စေတီတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွား၍ သပွတ်ပန်းတို့ဖြင့် စေတီတော်ကို ပူဇော်လိုက်ရလျှင် ကြီးကျယ်သာလွန်သော အကျိုးကို ခံစား စံစားရဘို့ သေချာသည်။ ပူဇော်မည်ဟူသော ရည်ရွယ်ချက်ရှိရုံမျှဖြင့် မပူဇော်လိုက်ရသေးဘဲ ဤမျှလောက် အကျိုးကို ရလျှင် ပူဇော်လိုက်ရပါမူကား မရေတွက်နိုင်သော အကျိုးတို့ကို ရနိုင်သည်။

သင် စာရှုသူ မေမိတ်ဆွေတို့သည်လည်း ပူဇော်ထိုက်သော သူတို့ကို ပူဇော်ရန် သင့်လျော်ကြသည်။ သို့မှသာ "ပူဇာစ ပူဇနေယျာနံ" ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

ပူဇော်ထိုက်ငြား၊ အများထိုထို
သက်ရှယ်ကြီးလတ်၊ ထွန်မြတ်ဂုဏ်ပို
သံဃာရဟန်း၊ ရှင်လန်းကြည်ညို
ပူဇော်ကြ၊ ကြီးထ အကျိုးဆို။

အတွဲ ၁၀၊ အမှတ် ၂၊ ဗုဒ္ဓဓမ္မလောက
၂၇-၅-၇၂

## ၁၂။ မိမိနှင့် တော်ရာဒေသ။

လူရှင်အများတို့ ကျက်စား၍ စည်ကားရာဒေသ၊ အလှူပေးခြင်း အစရှိသော ပုညကြိယ ဝတ္ထုတို့ ဖြစ်နိုင်ရာဒေသ၊ ကိုးပါးသော အင်္ဂါရှိသော ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းလင်းတောက်ပရာဒေသ ဤဒေသများသည် ကုသိုလ်၊ ပညာ၊ ဥစ္စာတို့ကို ရစေနိုင်သော ဌာနများ ဖြစ်သောကြောင့် "ပဋိရူပ ဒေသဝါသ" မိမိနှင့် သင့်တော်ရာ ဒေသများဖြစ်သည်။

မိမိတို့အတွက် ကုသိုလ်၊ ပညာ၊ ဥစ္စာအမျိုးမျိုးကို မရစေနိုင်သော ဒေသများကို ရှောင်ကြဉ်သင့်သည်။ လောကနီတိဆရာကြီးကတော့ မြတ်နိုးသူမရှိသောဒေသ၊ ချစ်ခင်သူ မရှိသောဒေသ၊ မိတ်ဆွေမရှိသောဒေသ၊ ပညာမရနိုင်သော ဒေသများကို မနေသင့်သော ဒေသများအဖြစ် သတ်မှတ်ထားသည်။

## ၁၃။ အရိယ ဥပါသကာဝတ္ထု။

ရှေးရှေးတုန်းက သာဝတ္ထိပြည်မှာ တံငါသည်တယောက်ရှိသည်၊ ယခု ဆိုရှယ်လစ်ခေတ်အလိုဆိုရင် ရေလုပ်သားတယောက်ရှိသည်။ သူ့နာမည်ကား တင်စားခေါ်သော ရုဍ္ဍီအမည်ဖြစ်၍ အရိယ ဖြစ်သည်။ အရိယဆိုသည်ကား မြတ်သော နာမည်ဖြစ်သည်။ သူ့အလုပ်ကား သူတပါးအသက်ကို သတ်ဖြတ် ညှဉ်းဆဲရသော အလုပ်ဖြစ်သည်။

ထိုအရိယသည် တနေ့သောအခါ၌ ငါးများချိတ်ဖြင့် ငါးတို့ကိုဖမ်းနေသည်။ထိုအခိုက်မှာဘဲသာဝတ္ထိပြည်ဇေတဝန်ကျောင်းမှာ နေတော်မူသော ဗုဒ္ဓမြတ်စွာသည်သာဝတ္ထိပြည်၏ မြောက်

မျက်နှာ တံခါးရှေ့၌ ရဟန်းအပေါင်းခြံရံလျက် ဆွမ်းခံကြွလာသည်။ အရိယသည် ဗုဒ္ဓမြတ်စွာကိုမြင်၍ ငါးများချိတ်တံကိုချထားပြီး ရပ်နေသည်။

## ဗုဒ္ဓမြတ်စွာ၏ ပရိယာယ်

ဗုဒ္ဓမြတ်စွာသည် အရိယ တံငါသည်အနီး၌ ရပ်တော်မူ၍ ရဟန်းတို့ကို မေးတော်မူသည်။ အရှင်သာရိပုတ္တရာကို လက်ညှိုးညွှန်၍ "သင့်အမည်ကို ဘယ်လိုခေါ်သလဲ"၊ "သာရိပုတ္တရာ ခေါ်ပါတယ်ဘုရား"။ မောဂ္ဂလာန်ကို လက်ညှိုးထိုး၍ "သင့်အမည်ကို ပြောကြားစမ်း"၊ "မောဂ္ဂလာန် ခေါ်ပါတယ်ဘုရား"။ အာနန္ဒာကို ကြည့်ရှု၍ "သင့်အမည် ဘယ်လိုလဲ"၊ "အာနန္ဒာပါဘုရား"

တံငါသည်မှာ လန့်နေ၏။ "ငါ့အမည်ကို မေးတော့မှာဘဲ။ ဟုတ်မှန်တိုင်း ဖြေရုံရှိတာပေါ့"ဟု စဉ်းစားနေဆဲတွင် တံငါသည်ကို လက်ညှိုးညွှန်၍ "သင့်နံမယ် ဘယ်လိုခေါ်သလဲ"၊ "တပည့်တော် နံမယ်ကား အရိယ မည်ပါတယ်ဘုရား"

## ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာ

"ဒါယကာ ငါးလုပ်သားကြီးရဲ့၊ သူတပါးအသက်ကို သတ်တတ်သူဆိုတာ အရိယ မမည်နိုင်ဘူးကွဲ့။ အရိယ ဆိုသည်ကား သတ္တဝါတို့ကို မညှဉ်းဆဲ မသတ်ဖြတ်သောအဖြစ်၌ တည်ရလေသကွဲ့။

၁၃၇၂၇

ဒါယကာ ရေလုပ်သားကြီးရဲ့၊ အကြင်သူသည် 'အကြင်ကြောင့် သတ္တဝါတို့ကို သတ်ဖြတ် ညှဥ်းဆဲ၏။ ထိုသူသည် ထိုကြောင့် အရိယမည်သည် မဟုတ်ဖူးကွဲ့။ ခပ်သိမ်းကုန်သော သတ္တဝါတို့ကို မသတ်ဖြတ် မညှဥ်းဆဲခြင်းကြောင့် အရိယဟူ၍ ဆိုအပ်သကွဲ့"

ထိုကဲ့သို့ ဟောကြားသော တဂါသာဒေသနာ၏ အဆုံးမှာ အရိယဥပါသကာသည် သောတာပန် အရိယာ ဖြစ်သွားသည်။ အနက်သဒ္ဒါလိုက်လျောသော အနွတ္ထအမည် ဖြစ်သွားသည်။

(ဓမ္မ။ ၄။ ၂။ ၂၅၀။ ၂၅၂)

## အမြတ်တရား ၍(၆)ပါး

မိမိနှင့် သင့်တော်ရာ ဒေသမှာ နေခြင်းကြောင့် သူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းဟူသော ဒဿနာနုတ္တရိယဂုဏ်၊ တရားတော်ကို နာခံ မှတ်သားရခြင်း ဟူသော သဝနာနုတ္တရိယဂုဏ်၊ ယုံကြည်မှုသဒ္ဓါတရားကို ရခြင်းဟူသော သဒ္ဓါနုတ္တရိယဂုဏ် လာဘ်လာဘပစ္စည်းကို ရခြင်းဟူသော လာဘာနုတ္တရိယဂုဏ် သိက္ခာသုံးဖြာကို ကျင့်နိုင်ခြင်း ဟူသော သိက္ခာနုတ္တရိယဂုဏ်၊ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူး တို့ကို အောက်မေ့ခြင်း ဟူသော အနုဿတာနုတ္တရိယဂုဏ်တို့ကို ရစေနိုင်သည်။

### ၁၄။ ကောက်ချက်ဥပဒေသ

အရိယဥပါသကာသည် မိမိနှင့်သင့်တော်ရာ ဒေသမှာ နေမိခြင်းကြောင့် ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရခြင်း တရားတော်ကို နာကြားရခြင်း၊ သောတာပန်တည်ခြင်းဟူသော အမြတ်ကိုရရှိလိုက်ခြင်းဖြစ်သည်။

ဤခေတ် ဤအခါမှာလည်း ပဋိရူပဒေသဝါသ မိမိနှင့် သင့်တော်ရာဒေသ၌ နေကြခြင်းကြောင့် လောကီ လောကုတ္တရာ အကျိုးတို့ကို ရရှိနေသော ပုဂ္ဂိုလ်များလည်း အသင်္ချေ အနန္တ ဂဏန်းမချနိုင်အောင် များလှသည်။ "တရွာမပြောင်း သူကောင်း မဖြစ်" ဟူသော မြန်မာ့စကားပုံအတိုင်း တရပ်တရွာ တမြို့တနယ် ပြောင်းလို့ ကြီးပွားတိုးတက်သူတွေ အမြောက်အမြားရှိသကဲ့သို့ အချို့ ပြောင်းရွှေ့သူများလည်း ကြီးပွားတိုးတက်မှု မရှိဘဲ ဆင်းရဲနေသူများလည်း ရှိနေကြသည်။ မူလနေရာမှာ မပြောင်း မရွှေ့သူများလည်း ကြီးပွားချင် ကြီးပွားနိုင်သည်။ ဆင်းရဲချင် ဆင်းရဲနိုင်သည်။ လိုရင်း ကောက်ချက်ကား ရဟန်းရှင်လူတိုင်း မိမိနှင့် သင့်တော်ရာဒေသမှာသာ နေသင့်ကြသည်။ သို့မှသာ "ပဋိရူပ ဒေသဝါသောစ" မိမိနှင့် သင့်တော်ရာမှာ နေခြင်း ဟူသော မင်္ဂလာတရားနှင့် ပြည့်စုံကြပေလိမ့်မည်။

ကုသိုလ်အမြတ်၊ ရတတ်နေရာ
ပညာဉာဏ်တိုး၊ အကျိုးတဖြာ
ဥစ္စာဓန များလှရိက္ခာ
ရရှိလတ်၊ သင့်မြတ်ရပ်ဒေသာ။

အတွဲ ၁၀၊ အမှတ် ၄၊ ဗုဒ္ဓဓမ္မလောက
၁၀-၆-၇၂

## ၁၅။ ရှေးကကုသိုလ်လုပ်တိုင်းလို။

ရှေးလွန်ခဲ့ပြီးသောဘဝများစွာ သံသရာက ယုံကြည်မှု သဒ္ဓါ ဓာတ် အရင်းခံ၍ ပြုစုအားထုတ်ခဲ့သော လှူမှု၊ စောင့်ထိန်းမှု၊ ပွားများမှုအစရှိသော အဖြစ်သည် ရှေးက ကုသိုလ်ထူးရှိခဲ့ခြင်း မင်္ဂလာမည်နိုင်သည်။ ရှေးက ကုသိုလ်ထူးရှိခြင်း မင်္ဂလာကို ဗုဒ္ဓ သာသနာဝင်တို့က ကံဟုယူကြသည်။ ထိုကံသည် လွန်စွာ တန်ခိုး ကြီးမားသည်။

လောကီဘက်ထိုင်ရာတွင် စကြာပတေးမင်း၊မန္တာတ်မင်း၊ နတ် မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းအထိ ကြီးကျယ်ခမ်းနားသော အကျိုးကို ပေးနိုင်သည်ကား ကံပင်ဖြစ်သည်။လောကုတ္တရာဘက် တွင် အလွန်မြေသော သန္တိလက္ခဏာရှိသောနိဗ္ဗာန်ချမ်းသာစည်း စိမ်ကို အရှိန်ကောင်းကောင်းဖြင့် ပေးစွမ်းနိုင်ခြင်းသည်လည်း ကံ၏ အစွမ်းသတ္တိပင်ဖြစ်ချေသည်။

### ကံ ဉာဏ် ဝီရိယ

ဤလောက လိမ်မာသော ဥယျာဉ်မှူးသည် မိမိဥယျာဉ် ဟောင်း သစ်ပင်အပေါင်းကို ပြုပြင်၍ ဥယျာဉ် အသစ်ကိုလည်း ထပ်မံစိုက်ပျိုးသည်။ဤဥပမာအတူ ရှေးဘဝ ကုသိုလ်ထူးဟူသော ကံဟောင်းကိုကောင်းသည်ထက်ကောင်းအောင်ပစ္စုပ္ပန်ဖြစ်သော ဉာဏ် ဝီရိယတို့ဖြင့်ပြုပြင်ခြင်း နောင်ဘဝသစ်၌ခံစားဘို့ရန်အသစ် ဖြင့်သော ကောင်းမှုကုသိုလ်ကိုလည်း တတ်စွမ်းသမျှ အားထုတ် ကြိုးစားကြရသည်။

## ၁၆။ မဟာကပ္ပိနဝတ္ထု။

ရှေးရှေးတုန်းက ဗာရာဏသီပြည်အနီး တခုသော ရွာကြီးမှာ ယက်ကန်းသည် တထောင်နေကြသည်။ ပစ္စေကဗုဒ္ဓါ တထောင်တို့သည်လည်း ဟိမဝန္တာမှာ ရှစ်လနေကုန်၍ မိုးလေးလတို့ပတ်လုံး ဇနပုဒ်၌ နေလိုကြသည် ဖြစ်၍ သူတို့လိုအပ်သော ပစ္စည်းအတွက် ပစ္စေကဗုဒ္ဓါရှစ်ပါးတို့ကို ထိုရွာသို့ လွှတ်လိုက်ကြကုန်၏။ ယက်ကန်းသည်ကြီး၏ ဇနီးသည် ကိစ္စတခုဖြင့် အပြင်သွားသော် ပစ္စေကဗုဒ္ဓါတို့ကို တွေ့မြင်၍ အကြောင်းကို မေးမြန်းသည်။

"အရှင်ဘုရားတို့၊တပည့်တော်တို့သည် ဤရွာ၌ အိမ်ထောင်သည် တထောင်ရှိပါကုန်၏။ ပစ္စေကဗုဒ္ဓါတပါးကို ယက်ကန်းသည်တဦး ကိုးကွယ်၍ ဆွမ်းနှင့် ကျောင်းတို့ကို လှူဒါန်းပါကုန်အံ့"ဟု တာဝန်ယူ၍ အားလုံးသော ယက်ကန်းသည်တို့ကို ပြောကြားသည်။

### အသီးအသီးလှူကြရာ

မိမိတို့ရွာသို့ ပစ္စေကဗုဒ္ဓါ တထောင်တို့ကို ပင့်ဖိတ်ဝါဆိုစေ၍ ယက်ကန်းသည်တဦးလျှင် ကျောင်းတဆောင်စီ ဆောက်လုပ်စေ၍ ဆွမ်းဝေယျာဝစ္စတို့ကို သဘောတူ ရိုသေစွာ လုပ်ကျွေးကြကုန်၏။ ဝါကျွတ်ကုန်သော်သင်္ကန်းတစုံစီကို လှူဒါန်းကြကုန်၏။ ပစ္စေကဗုဒ္ဓါ တို့သည် အခါ အခွင့် သင့်တိုင်း ပစ္စည်းလေးပါး

ဒါယကာ ဒါယိကာမ ယက်ကန်းသည်တို့ကို တရားဓမ္မဟောပြတော်မူကြသည်။

## နတ်ပြည် လူ့ပြည်

ယက်ကန်းသည် တထောင်တို့သည် ထိုဘဝမှ စုတေသော်တာဝတိံသာ နတ်ပြည်၌ ဘပေါင်းတည်းနတ်သား ဖြစ်ကြကုန်၏။ နတ်စည်းစိမ်ကို ကြာမြင့်စွာ ခံစားပြီး၍ စုတေကြပြန်သော် ကဿပဘုရားလက်ထက်၌ သူကြွယ်မျိုး၌ ဖြစ်ကုန်၏။ အားလုံးပြန်၍ ဇနီးမောင်နှံဖြစ်ကြကုန်၏။ ကဿပ ဘုရားနှင့် သံဃာတော် နှစ်သောင်းတို့အား တိုက်ခန်းတထောင်ဖြင့် တန်ဆာဆင်အပ်သော ပရိဝုဏ်ကို ဆောက်လုပ်လှူဒါန်းကြသည်။

ပရိဝုဏ် ရေစက်ချပွဲ၌ (၇) ရက်ပတ်လုံး အလှူကြီးကို ပေး၍ သင်္ကန်းတို့ဖြင့် လှူဒါန်းကြကုန်၏။ သူကြွယ်ကြီး၏ ဇနီးသည် တထောင်တန်သော လိစ္ဆဝရွှေပန်းတို့ဖြင့် ဘုရားကို ပူဇော်၍ "လိစ္ဆဝရွှေပန်းလို အဆင်းလှ၍ အနောဇာ အမည်ဖြင့် ဖြစ်ရပါလို၏" ဟု ဆုတောင်းသည်။ ထိုနောက် လူ့ပြည်နတ်ပြည် အဖန်ဖန်ကျင်လည် ဖြစ်ရသည်။

### နောက်ဆုံးဘဝ။

ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်ချိန်၌ အားလုံးသောသူတို့ စုတေကုန်၍ လူ့ပြည်၌ဖြစ်ကုန်၏။သူကြွယ်ကြီးသည် ကုက္ကုဋဝတီမြို့၌ မဟာကပ္ပိန အမည်ဖြင့် မင်းဖြစ်၏။ အခြားသော ယောကျ်ားတို့သည်

လည်း ထိုမြို့၌သာလျှင် အမတ်မျိုးမှာ ဖြစ်ကုန်၏။ အမျိုးသမီးကြီးသည်ကား မဒ္ဒတိုင်း သာဂလမြို့၌ လိစ္ဆဝီရွှေပန်းလို အဆင်းလှသောကြောင့် အနောဇာအမည်ရှိသော အမျိုးသမီး ဖြစ်ရမည်။ အခြားသော အမျိုးသမီးတို့သည်လည်း အမတ်သမီး ဖြစ်ကြကုန်သည်။

## ဘုရားဖူးသွားကြခြင်း။

အားလုံးသောသူတို့ဇနီးမောင်နှံ အသီးအသီးဖြစ်ကုန်၍ကုက္ကုဋဝတီမြို့မှာ နေကြသည်။ တနေ့သောအခါ ကုန်သည်တို့ထံမှ "လောကမှာ ဘုရားတရား သံဃာ ဖြစ်ပေါ်နေပြီ" ဟု သတင်းကြားရ၍ သတင်းပေးသော ကုန်သည်တို့အား သုံးသိန်းသောငွေတို့ဖြင့် ပူဇော်စွန့်ကြဲသည်။

ဘုရားပွင့်သည်ကိုကြားလျှင် ကြားခြင်း ဘုရားဖူးဘို့ အားလုံးထွက်လာကြသည်။ ဗုဒ္ဓမြတ်စွာသည် အားလုံးသော လူတို့၏အားကြီးသော အကြောင်းကိုမြင်၍ သာဝတ္ထိပြည်မှ ယူဇနာ(၁၂၀)ဝေးကွာသောအရပ်သို့ ကြွတော်မူ၍ စန္ဒဘာဂမြစ်အနီး ပညောင်ပင်ရင်း၌ သီတင်းသုံး နေထိုင်တော်မူသည်။ အားလုံးသော ဇနီးမောင်နှံတို့အား ဗုဒ္ဓမြတ်စွာက တရားဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာ အားလုံးရဟန္တာယောကျ်ား၊ရဟန္တာမိန်းမ ဖြစ်ကြရသည်။ (ဓမ္မ။ ဋ္ဌ။ ၁။ ၃၅၁။ ၃၅၈)

## ၁၇။ ကောက်ချက်ဥပဒေသ။

ဤဝတ္ထု၌ အားလုံးသော မဟာကပ္ပိန အမှူးရှိသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ရှေးကပုံ့ဘူး၊ ကုသိုလ်

ထူးရှိကြသည်။ ကုသိုလ်ထူးရှိကြသည့်အတွက် သံသရာ တခွင်မှာ အောက်တန်းမကျဘဲ ဗုဒ္ဓမြတ်စွာနှင့် တွေ့သောအခါ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရသည်။

စာရှုသူတို့သည်လည်း သူတို့လိုကုသိုလ်ထူးရှိဖို့လိုကြသည်။ယခု ဘဝ ကောင်းစား နေကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ရှေးကုသိုလ်ထူး ရှိသူတွေ ဖြစ်ကြသည်။ ရှေးကုသိုလ်ထူးရှိကြသော သူများကို “ပုဗ္ဗေစ ကတပုညတာ” ရှေးဘဝ ကုသိုလ်ထူး မင်္ဂလာနှင့် ပြည့်စုံသူများဟု ဆိုသင့်သည်။

ကုသိုလ်အထူး၊ ရှိဘူးမှသာ
ဖြစ်ရာဘဝ၊ မြတ်လှပေတာ
လူတိုင်းရှင်တိုင်း၊ မဆိုင်းမှန်စွာ
ကုသိုလ်ရေး၊ အားပေးစုဆောင်းပါ

အတွဲ ၁၈၊ အမှတ် ၁၀၊ ဗုဒ္ဓမွေလောက
၂၅၊ ၇၊ ၇၂

## ၁၈။ မိမိကိုယ်ကို ကောင်းရာမှာထားပါ။

ဤကမ္ဘာလောကကြီး တခွင်၌ လူဟူ၍ ဖြစ်ပေါ်လာရခြင်းမှာ ရုပ်တရား၊နာမ်တရား နှစ်ပါးတွဲ၍ မကွဲမကွာ ဖြစ်နေရသည်။ ထိုနှစ်ပါးအနက် ရုပ်တရားဆိုသည်မှာ ကိုယ်ဖြစ်၍ နာမ်တရားကို ဝိညာဉ်ဟု ခေါ်ဆိုကြသည်။ ကိုယ်စိတ်နှစ်ပါးကြောင့် နူတ်ဖျား၌ ဖြစ်ပေါ်လာသော သဒ္ဒရုပ်သည်လည်း ခန္ဓာကိုယ်တွင် အရေးကြီး

သော အချက်အချာဖြစ်သဖြင့် ကိုယ် နှုတ် စိတ် သုံးပါးကိုယှဉ်တွဲ၍ ပြောဆိုကြရသည်။ ထို ကိုယ် နှုတ် စိတ်သုံးပါးကို ကောင်းရာမှာထား၍ တားဆီး စောင့်ရှောက် ဆောက်တည်နိုင်မှုသည် အတ္တသမ္မာပဏိဓိ မင်္ဂလာဖြစ်သည်။

ထိုမျှမက မဖြစ်ပေါ်သေးသော အကုသိုလ်တရားကို ဖြစ်ပေါ်မလာအောင် အားထုတ်ခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားကို မတိုးပွားအောင် ပယ်ချိုးစွန့်ခွာခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားကို ဖြစ်အောင် အားထုတ်ခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားကို လွန်စွာပွားအောင် အားထုတ်ခြင်းဟူသော သမ္မာပဓာန်တရားလေးပါးသည်လည်း အတ္တသမ္မာပဏိဓိ မင်္ဂလာပင်ဖြစ်သည်။

အချုပ်အားဖြင့် ဒုစရိုက်ကို ပယ်ခွာခြင်း၊ သုစရိုက်ကိုကြိုးစားခြင်း၊သီလ စောင့်ရှောက်ခြင်း၊စကားကို ယဉ်ကျေးစွာပြောခြင်း၊ မိမိမှာသဒ္ဓါသီလ,သုတ,စာဂ,ပညာ,ဟိရီ, ဩတ္တပ္ပတွေဖြစ်အောင် နေထိုင်ခြင်းစသောအမူအရာ ကောင်းများသည်လည်းမိမိကိုယ်ကို ကောင်းရာမှာထားခြင်းပင် ဖြစ်ချေသည်။

## ၁၉။ ဘာရဒွါဇဝတ္ထု။

ရှေးရှေးတုန်းက ရာဇဂြိုဟ်ပြည်မှာ အကြောသက ဘာရဒွါဇမည်သော ပုဏ္ဏားတယောက်ရှိ၏။ သူ့ဇနီးကတော့ ဓနဥ္စာနီတဲ့၊ ဘာရဒွါဇ ပုဏ္ဏားသည် မိစ္ဆာအယူရှိနေသည်။ ဝန်တို၏။ သဒ္ဓါတရားမရှိ။ ရတနာသုံးပါးကို မကိုးကွယ် မဆည်းကပ်ရုံမျှမက ဘုရား၊ တရား၊သံဃာနှင့်စပ်သော စကားကို ကြားရလျှင်အလိုလို

ဒေါသ ဖြစ်လာ၏။ နားကို ပိတ်ထား၏။ မကြားရလိုပေ၏။ သူ့ ဇနီး ဓနဉ္စာနီကတော့ ရတနာ သုံးပါးကို အသက်ထက်ချစ်မြတ်နိုး၏။ သဒ္ဒါ ကြည်ညို၏။ အမြဲတန်း "နမော ဗုဒ္ဓဿ" ဟုဆို၍ ဘုရားကို တ,လေ့ရှိသည်။ ဓနဉ္စာနီကသောတာပန်၊ ဘာရဒွါဇ,က မိစ္ဆာဒိဋ္ဌိ အလွန်ဘက်မညီသောဇနီးမောင်နှံ ဖြစ်နေသည်။

## ထမင်းစားပွဲမှာ ဘုရား မတ,ရတဲ့။

ဟနေ့သောအခါ ဘာရဒွါဇသည်မိမိရောင်းရင်း အပေါင်း အသင်းပုဏ္ဏားငါးရာတို့ကိုအိမ်မှာဖိတ်၍ နို့ဃနာထမင်းကိုစီမံ၏။

"ရှင်မ ဓနဉ္စာနီ၊ နက်ဖန်ပုဏ္ဏား သူငယ်ချင်းတွေကို နို့ဃနာ ကျွေးမလို့။ ဤအချိန်မှာ သင့်ဆရာ ဂေါတမကိုမတမ်းတပါနဲ့" ဟု ဆို၏။ "သတ်ချင်လဲ သတ်ရော၊ ကျမကတော့ ဘုရားကို မတမ်းတဘဲ မနေနိုင်ပါ" ဟု ကန့်ကွက် ပြောဆိုသည်။

ဘာရဒွါဇ၏ နို့ဃနာထမင်းစားပွဲကြီးကား စပါပြီ၊ ဓနဉ္စာနီသည် နို့ဃနာကို ယူလာရာအဆင်မသင့်၍ ချော်လဲ၏။ ထိုအခါ ဘုရားရှိရာ ဝေဠုဝန်ကျောင်းသို့ မျက်နှာမူလက်အုပ်ချီ၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု သုံးကြိမ် ကျူးရင့်၏။ ဘာရဒွါဇ၏ ရောင်းရင်းပုဏ္ဏားတွေ စိတ်ဆိုး၍ ဘာရဒွါဇကို ကျိန်ဆဲပြီး အိမ်မှ ထွက်သွားကြသည်။

## မယားမနိုင် ဘုရားတိုင်။

ဘာရဒွါဇသည် ဓနာဉ္စာနီအပေါ် အတော်စိတ်ဆိုး၏။ မှုလက ကြိုတင်ပြောထားပါလျက် အယုတ်မငါ့ကိုအရှက်ခွဲ၏။ သင့်ဆရာ

ဘယ်မျှလောက်အသိတရားရှိလို့လဲ။ နေနှင့်အုံး သင့်ဆရာကိုစွပ်စွဲ အပြစ်တင်လိုက်မယ်ဟု စိတ်ဆိုးပြောဆို ဝေါက်ငန်း၍ ဝေဠုဝန် ကျောင်းဘုရားရှိရာသို့ သွားသည်။ ဘုရားထံ ရောက်လျှင် ရှိမခိုးဘဲ ထိုင်နေလျက် ဤသို့မေးသည်။

"ရှင်ကြီး ဂေါတမ၊ အဘယ်တရားကို သတ်၍ ချမ်းသာစွာ အိပ်နိုင်ရတာတုန်း၊ အဘယ်တရားကို သတ်၍ မစိုးရိမ်ရတာလဲ။ အဘယ်တရားတပါးသတ်ခြင်းကို ကြိုက်နှစ်သက်သလဲ"ဟုဒေါသ တကြီး ဝေါက်ဆတ်ဆတ် မေးသည်။

"မောင်ပုဏ္ဏား၊ဒေါသကိုသတ်၍ ချမ်းသာစွာအိပ်ရသကွယ့်၊ စိတ်ဆိုးမှုကို သတ်၍ မစိုးရိမ်ရခြင်းဘဲ။ ဆင်းရဲခြင်း၏ တရားခံ ဖြစ်သော ဒေါသတရားတခု သတ်ခြင်းကို အကြိုက်နှစ်သက်ဆုံးဘဲ ကွယ့်"ဟု မေတ္တာ ရှေ့ထား ဖြေကြားလိုက်သည်။

ဘာရဒွါဇသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို နာလိုက်ရ၍ ကြည်ညိုစိတ်ဖြစ်သွားပြီး ရှိခိုးဝပ်တွား၍ ရဟန်းပြုပေးဖို့လျှောက် ထားသည်။ ဗုဒ္ဓမြတ်စွာထံ ရဟန်းပြုပြီး ရဟန်းတရားကို ကြိုးစား အားထုတ်ရာ ရဟန္တာ ဖြစ်သွားသည်။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၄၀၇၊ ၄၀၈)

## ၂၀။ ကောက်ချက်ဥပဒေသ။

ဤဝတ္ထု၌ ဘုရားကိုမကြည်ညိုသောအက္ကောသကဘာရဒွါဇ သည် ဘုရားရှင်၏တရားတော်ကို နာကြားရသောအခါ မူလ က မဖြစ်သေးသော သဒ္ဓါတရားတွေဖြစ်ပေါ်လာသည်။ဤကဲ့သို့ သဒ္ဓါတရား အကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာခြင်းသည် မိမိ ကိုယ်ကို ကောင်းရာမှာထားခြင်းဖြစ်သည်။

စာရှုသူ မမ မိတ်ဆွေတို့သည်လည်း ဘာရဒွါဇကဲ့သို့ အယူမှောက်မှားနေသော မိမိ ကိုယ် နှုတ် စိတ်တို့ကို ပြုပြင်ပြောင်းလဲ၍ ကောင်းရာမှာ ထားသင့်ကြသည်။ သို့မှသာ "အတ္တသမ္မာပဏိဓိ" မိမိ ကိုယ်ကိုကောင်းရာမှာ ထားခြင်း မင်္ဂလာနှင့်ပြည့်စုံကြပေလိမ့်မည်။

အယူမှောက်မှား၊ ထောက်ထားရှောင်ခွာ
ကိုယ် နှုတ် စိတ်သုံး၊ အားလုံးပြင်ပါ
ကောင်းရာတွင်ထား၊ ကောင်းစားဘို့ရာ
ပြုပြင်ကြ၊ ဗုဒ္ဓမင်္ဂလာ။

အတွဲ ၁၈၊ အမှတ် ၈၊ ဗုဒ္ဓဓမ္မလောက
၁၀၊ ၇၊ ၇၂

၂၁။ အကြားအမြင်များခြင်း။

အကြားအမြင်များခြင်းကို ပါဠိဘာသာအားဖြင့် ဗဟုဿုတဟု ဆိုကြသည်။ အများအားဖြင့် ရေးသားနေကြသည်ကား ဗဟုသုတဟု သကလေးဖြင့်သာ ဖြစ်၏။ ကစ္စည်း သဒ္ဒါကျမ်း စည်းကမ်းအနေဖြင့်သကြီးဖြင့် ဗဟုဿုတသာ အမှန်ဖြစ်၏။ အကြားအမြင်များခြင်းကို ကြီးပွားကြောင်းမင်္ဂလာဟု ဗုဒ္ဓမြတ်စွာဟောကြားထားသည်။

## အကြားအမြင် နှစ်မျိုး

လောကရေးရာ အကြားအမြင်၊လောကမှ ထွက်မြောက်ရေး အကြားအမြင်ဟု အကြားအမြင် နှစ်မျိုးရှိသည်။ လောကမှာ ထွက်မြောက်ရေးအကြားအမြင် ရှိသူသည် မိမိ၌ရှိသော အကြားအမြင်ကို အကြောင်းပြု၍ ဆောင်ယူ မှတ်သားအပ်သော အကြားအမြင်ဖြင့် တရားသဘောမှန်ကို ဆင်ခြင် လေ့လာ ပွားများအပ်သည်ရှိသော် မဖောက်မပြန် မှန်ကန်သော ပရမတ္ထ သစ္စာကို ကိုယ်တိုင်အားဖြင့် မျက်မှောက်ပြုနိုင်သည်။ အထူး တလယ်အားဖြင့် သိသောပညာဉာဏ်ဖြင့် ထိုးထွင်း၍သိနိုင်သည်။

အပြစ် လွတ်ကင်းသော လောကီလူသားတို့၏ အကြားအမြင် သည်လည်း ယခုဘဝနောက်ဘဝတို့၌ကျေးဇူးများသောကြောင့် မင်္ဂလာပင်ဖြစ်နိုင်သည်။သို့သော်လည်း လောကမှာ ထွက်မြောက် ရေး အကြားအမြင်သည်သာပဓာနဖြစ်သည်။လောကီလောကုတ် အကြားအမြင်နှစ်မျိုးလုံး ရဟန်းရှင်လူတိုင်းမှာရှိသင့်သည်။

## ၂၂။ သေနက ပညာရှိဝတ္ထု

ရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ အတတ်ပညာနှင့် ပြည့်စုံ သော သေနကမည်သော ပုဏ္ဏားတယောက်ရှိသည်။ ဇနကမင်း သည် သေနကအား အမတ်ရာထူးပေး၍ ချီးမြှင့်သည်။ ထိုအခါ၌ ပုဏ္ဏားအိုတယောက်သည် ငွေတထောင်ကို အလှူခံ ရရှိ၍ ပုဏ္ဏား တယောက်ထံ အပ်နှံထားသည်။ တဖန်သွား၍ အလှူခံထွက်ပြန် သည်။ ပြန်လာသောအခါ အပ်နှံထားသော ငွေတထောင်ကို

တောင်းသည်။ငွေကို မပေးနိုင်၍ သမီးကို ခြေရင်းအလုပ်အကျွေး အဖြစ် အပ်နှံပေးစားလိုက်သည်။ ပုဏ္ဏားအိုသည် ရာဇဂြိုဟ်ပြည် အနီး ပုဏ္ဏားရွာမှာ နေထိုင်၍ ဗေဒင်ဟောကာသားမယားကိုလုပ် ကျွေးသည်။

ပုဏ္ဏားက သားမယားကို ရှာဖွေကျွေးပေမဲ့ သားမယားလုပ် သူသည်ငယ်ရွယ်သူဖြစ်သည့်အတိုင်းအခြားယောကျ်ားတယောက် နှင့် မှောက်မှားကျင့်သည်။ သည်မျှမက အိမ်တွင်းမှုကိစ္စကို မပြု နိုင်ဆို၍ ကျွန်မတယောက် ငှားရမ်းထားနိုင်ဖို့ ငွေရှာထွက်သည်။ လွယ်အိတ်တလုံး ကျောက်သင်ပုန်းတချပ်ဖြင့် ဗေဒင်ဟောပြီးငွေ အလှူခံရာ ငွေ (၇၀၀)ရရှိ၍ အိမ်ပြန်လာသည်။လမ်းခရီးအကြား ၌ လွယ်အိတ်ကိုချပြီး လွယ်အိတ်၌ပါသော မုံ့အချို့ကိုစား၍ ရေသောက်အံ့သောငှာ ရေကန်သို့ ဆင်းသွားသည်။

## သည်တောမှာ စဉ်းစားပါဦး

လွယ်အိတ်အတွင်းမှာ မုံ့နံ့ကိုရရှိ၍ သစ်ပင်အခေါင်း၌ နေသော မြွေဟောက် တကောင်သည် လွယ်အိတ်အတွင်းဝင်၍ မုံ့တို့ကို စားသည်။ ပုဏ္ဏားသည် အမှုမဲ့ အမှတ်မဲ့ လွယ်အိတ်ကို လွယ်၍ ခရီးဆက်သည်။ ရုက္ခစိုးနတ်သည် အကြောင်းခြင်းရာကို သိ၍ လူကိုယ်တိုင် မပြဘဲ နောက်မှနေ၍ "ဟေ့ရှေ့က သွားတဲ့လူ ရေ၊ သည်တောမှာနေရင် သင်သေနိုင်တယ်။ အိမ်မှာ ရောက်ရင် သားမယားသေနိုင်တယ်။ သည်တောမှာဘဲ စဉ်းစားအုံးမောင် ရယ်" ဟု အသံပေးလိုက်သည်။

## သေနက ပညာရှိထံ

သတ္တုဘ္ဘတ (သတ္တု မုံ့လုံး၊ဘ္ဘတ အိတ်တွင်းရှိသူ) အမည်ရသောပုဏ္ဏားသည် ရက္ခစိုးနတ်၏နောက်မှနေ၍ အသံပြုသည်ကိုကြားရ၍ ငိုကြွေးပြီး အိမ်သို့ မဝင်ဘဲ သေနက ပညာရှိထံ သွားသည်။ ထိုနေ့သည်တဆယ့်ငါးရက်ဥပုသ်နေ့ဖြစ်၍သေနက ပညာရှိထံမှာ ပရိသတ်အများ တရားနာနေကြသည်။ ငိုလျက် ပရိသတ်အစွန်း၌ရပ်နေသော သတ္တုဘ္ဘတကိုမြင်၍ အကြောင်းအကျိုးကိုမေးသည်။ သတ္တုဘ္ဘတက ရက္ခစိုးနတ်ပြောလိုက်သော စကားကိုပြန်ပြောသည်။

## ပညာရှိတွေး ပြေးကြည့်သလို

သတ္တုဘ္ဘတပြောသော စကားကိုကြားသည်နှင့် တပြိုင်နက်ဤလွယ်အိတ်မှာ မြွေတကောင် ဝင်နေသည်ကို သိသည်။ "လွယ်အိတ်ကို နှိုက်လိုက်ရင် တောထဲမှာဘဲ သူသေမည်။ အိမ်ရောက်လို့သားမယား နှိုက်ရင် သားမယားသေမည်" ဟုပရိသတ်အလယ်မှာ ရှင်းပြပြီး လွယ်အိတ်ကိုချခိုင်းလိုက်ရာ ပင်ပန်းနေသော မြွေသည်တရှုးရှုး အသံပြု၍ ပါးပျဉ်းထောင်ပြီး ထွက်သွားသည်။ ဤအကြောင်းကို ရည်ရွယ်၍ ရှေးပညာရှိများက "ပညာရှိ တွေးလိုက်ရင် ပြေးကြည့်တာ ထက်မှန်သေးတယ်" ဟု စကားဆိုကြသည်။

## ပူဇော်ကြခြင်း

ဘုရားအလောင်းတော် ပညာရှိ သုခမိန်ကို ကောင်းချီး ပေးခြင်း တသိန်းတို့ကို ဖြစ်စေ၍၊ ရတနာ ခုနစ်ပါးတို့ဖြင့် ပူဇော်ကြ

သည်။ သတ္တုဘ္ဘာတပုဏ္ဏားကလည်း မိမိရလာသော အသပြာငွေတို့ဖြင့် ပူဇော်သည်။ သေနက ပညာရှိ သုခမိန်သည် ပူဇော်သော ပစ္စည်းတို့ကို သူ့ပြန်ပေး၍ တထောင်ပြည့်အောင် ဖြေ့ပေးလိုက်သည်။ (ဇာတက။ ၄။ ၅။ ၃၂၁။ ၃၃၀)

## ၂၃။ ကောက်ချက်ဥပဒေသ။

ဤသေနက ဝတ္ထု၌ဘုရားအလောင်းတော်၏ အပြစ်မရှိသော အကြားအမြင် လောကီပညာသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ဘဝတို့၌ စီးပွားချမ်းသာကို ဆောင်ရွက်နိုင်သောကြောင့် ဗဟုဿုတ မင်္ဂလာမည်သည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်းလောကီလောကုတ္တရာ အကြားအမြင်ရှိသင့်ကြသည်။ လောကီ လောကုတ် အကြား အမြင်များကို မရမနေဆည်းပူးသင့်ရှာဖွေသင့်ကြသည်။ သို့မှသာ "ဗာဟုသစ္စဉ္စ" အကြားအမြင်များခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေမည်။

အမြင်အကြား၊ ရှိထားသင့်ပေ
လောကီလောကုတ်၊ မယုတ်နှစ်ထွေ
သံသာလောက၊ ကောင်းကြနိုင်စေ
သုတမြတ်၊ သတ်မှတ်စုဆောင်းလေ။

အတွဲ ၁၈၊ အမှတ် ၁၂၊ ဗုဒ္ဓဓမ္မလောက
၉–၈–၇၂

## ၂၄။ အတတ်ပညာ မင်္ဂလာ

လောကီ လူသားတို့၏ လက်မှုစက်မှုပညာ၊ ရဟန်းသာမဏေ တို့၏ ဆိုင်ရာ လက်မှုပညာဟူ၍ အတတ်ပညာ နှစ်မျိုးရှိသည်။ ထို တွင် အပြစ်ကင်း၍ အများလူတို့ ချမ်းသာရာ ချမ်းသာကြောင်း ဖြစ်သောလက်သမား၊ပန်းပု၊ပန်းဘဲ၊ပန်းတိမ်၊ကျောက်သွေး၊ယက် ကန်း၊ အိုးခွက်၊ ပန်းကန် စသည်ဖြင့် များလှစွာသော လက်မှု စက်မှု အတတ်ပညာတို့သည် လူတို့နှင့်ဆိုင်ရာ အတတ်ပညာတို့ ဖြစ်ကုန်၏။

ယခုခေတ်၌ နိုင်ငံတွင်း နိုင်ငံခြားတက္ကသိုလ် ကောလိပ်များ၌ သင်ယူရသော ဆေးဘက်ဆိုင်ရာ ဒေါက်တာဘွဲ့ရဂူ၊ စက်ဘက် ဆိုင်ရာ အင်ဂျင်နီယာဘွဲ့ရဂူ၊ သစ်တော၊ သတ္တုတွင်း၊ ရေနံ တွင်း မိုးလေဝသ စသည်ဖြင့်အရေအတွက်များစွာသော အတတ် ပညာတို့သည်လည်း လူတို့နှင့်ဆိုင်ရာအတတ်ပညာတို့ မည်ကုန်၏။

သင်္ကန်းချုပ်ခြင်း၊ သပိတ်ဖုတ်ခြင်း၊ သပိတ်အိတ်ချုပ်ခြင်း အစရှိသော အတတ်ပညာတို့သည် ရဟန်းတော်တို့နှင့် ဆိုင်ရာ ဝိနည်းမာ နားလည်ထားရမည့် လက်မှုပညာတို့ ဖြစ်ကုန်၏၊ လူရှင် ရဟန်းတို့သည် သက်ဆိုင်ရာ အတတ်ပညာတို့ကို စွမ်းနိုင်သမျှ တတ်သင့်သလောက် တတ်ထားသင့်ကြသည်။ ဤကဲ့သို့ တတ်ထား သော အတတ်ပညာသည် ကြီးပွားကြောင်း မင်္ဂလာမည်သည်။

## ၂၅။ ဆွံ့ အကြောင်း

ရှေးရှေးတုန်းကဗာရာဏသီပြည်မှာ မသွားမလာနိုင်ရှာသော ဆွံ့မည်သော သူငယ်တယောက်ရှိသည်။ အဆိုပါဆွံ့သည်

ကျောက်စရစ် ပစ်ခြင်း အတတ်ပညာ၌ ကျွမ်းကျင် လိမ္မာသည်။ ရှာသူရှာသားတို့သည် ဆွံ့ကို ရထားတခုပေါ်တင်၍ မြို့တံခါး အနီး၌ တည်သော ပညောင်ပင်ရင်းသို့ ဆောင်ယူလာကြသည်။ ပိုက်ဆံ တရွေးတပဲပေး၍ "ဆင်ရုပ်ထုပေးပါ၊ မြင်းရုပ်ထုပေးပါ" စသည်ဖြင့် တောင်းဆိုကြသည်။

ဆွံ့သည် ကျောက်စရစ်ခဲဖြင့် ပညောင်ရွက်တို့ကို ပစ်၍ ဆင်ရုပ်၊ မြင်းရုပ်စသည်တို့ကို ပြုလုပ်ပြသည်။ ရှင်ဘုရင်ကြီးသည် ဥယျာဉ်သို့ ထွက်သည်ရှိသော် ထိုအရပ်သို့ ရောက်လာသည်။ ဆွံ့မှ တပါး အခြားသောသူတို့ ကြောက်သောကြောင့် ထွက်ပြေးကြသည်။ ဆွံ့သည်ကား ပညောင်ပင်၏ အမြစ်ကြား၌ဝပ်နေသည်။ မင်းကြီးသည် ပညောင်ပင်အရွက်တွေဆင်ရုပ်၊ မြင်းရုပ်အသွင်ဖြစ်နေသည်ကိုမြင်၍ အမတ်တို့ကို မေးမြန်းသည်။

## ပုရောဟိတ်ဆရာ စကားမများအောင်

အမတ်တို့က "အရှင်မင်းကြီး၊ ဆွံ့သည် ပြုနိုင်ပါ၏"ဟု သံတော် ဦးတင်ကြသည်။ မင်းကြီးက ဆွံ့ကိုခေါ်စေ၍ "အမောင်ဆွံ့၊ ငါ၏ပုရောဟိတ်သည် စကားအလွန်များ၏၊ နှုတ်ကြမ်း၏၊ သူစကားပြောလျှင် အခြားသူများပြောခွင့်မရ။ ထိုပုရောဟိတ် အသံတိတ်ဖြစ်သွားအောင် ပြုနိုင်မလား"ဟု မေးသည်။ ဆွံ့က "အရှင်မင်းကြီးဆိတ်ချေးတပြည်သားကို ရှာထားပါ၊ ပုရောဟိတ် စကားမများအောင် ပြုလုပ်ပါမည်"ဟု သံတော်ဦး တင်သည်။

## ပါးစပ်က ဆိတ်ချေးသွင်း

မင်းကြီးသည် ဆွံ့ကို နန်းတွင်းခေါ်ဆောင်၍ တင်းတိမ်ကာ ပေးထားသည်။ မင်းကြီးနှင့် ပုရောဟိတ် ညီလာခံမှာ စကား ပြောဆိုနေသည်။ ပုရောဟိတ်သည် မည်သူကိုမျှ စကားပြောခွင့် မပေးဘဲ သူချည်းပြောနေသည်၊ဆွံ့သည် တင်းတိမ် အပေါက်မှ ဆိတ်ချေးခြောက်ကို ပုရောဟိတ်ပါးစပ်ထဲ ပစ်သွင်း၏။ပုရောဟိတ် သည် ဆွံ့ပစ်တိုင်းပစ်တိုင်းသော ဆိတ်ချေးခြောက်တို့ကိုနွှံ့မှုန့်ကို မျိုသကဲ့သို့ မျိုချ၏။ ဆိတ်ချေး တပြည်သား ကုန်သော်လည်း စကားအပြောမရပ်နားသေးဘဲ ဖြစ်နေသည်။စကားပြောမှု ပြတ် သွားမှာစိုး၍ ပစ်တိုင်းသော ဆိတ်ချေးတို့ကို မျိုချခြင်းဖြစ် သည်။

## စကားမပြော တုဏှိဘော

မင်းကြီးက "ဆရာ ပုရောဟိတ်၊ သင်သည်ကား ဆိတ်ချေး တပြည်သားပါးစပ်ထဲရောက်သော်လည်း စကားပြောမရပ်သေး ချေ၊ အိမ်ပြန်၍ ဝမ်းနှုတ်ဆေးစားပြီးလျှင် ဝမ်းဗိုက်ကောင်း မွန်အောင် ပြုပြင်ပါအုံး"ဟု ပြောဆိုသည်။ ထိုအခါမှစ၍ ပုရော ဟိတ်သည် ပိတ်အပ်သော ခံတွင်းရှိသကဲ့သို့ဖြစ်၍ စကားမပြော မဆိုတော့ဘဲ တုဏှိဘောနေသည်။ မင်းကြီးက ဆွံ့ကို အလွန် ကျေးဇူးတင်နေသည်။

## ဆွံ့အား ဆုချခြင်း

မင်းကြီးသည် "ငါ့ကို နားချမ်းသာအောင်ပြုသည်"ဟု ဆွံ့ အား အခွန်တသိန်းထွက်သော မြို့လေးမျက်နှာတို့၌ ရွာလေးရွာ

တို့ကို ဆုချပေးသနားလိုက်သည်။တခဏခြင်းရှာစားကြီးဖြစ်သွားသည်။ (ဇာတက။ ၃။ ၊၁။၄၄၃။ ၄၄၄)

## ၂၆။ ကောက်ချက်ဥပဒေသ။

ဤဝတ္ထု၌ ဆေ့သည် အတတ်ပညာကြောင့် ဤကဲ့သို့ရှာစားကြီးဖြစ်ရသည်။ လောက၌ အတတ်ပညာမည်သည်ကို ပညာရှိတို့သည် သင်ထိုက်ကုန်၏။ ဆေ့သည် ကျောက်စရစ် ပစ်ခတ်ခြင်း အတတ်ပညာမျှဖြင့် ဤမည်သော ‘စည်းစိမ်ကိုရသည်။ အခြားသော အတတ်ပညာတို့၏ အကျိုးသည်ကား များပြားလှပေ၏။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ဤမျှအကျိုး အာနိသင် ကြီးမားသော အတတ်ပညာကို ကြိုးစား အားထုတ်သင့်ကြသည်။ သို့မှသာ “သိပ္ပဥ္စ”အတတ်ပညာ သင်ကြားရခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

လက်မှုအတတ်၊ မြင့်မြတ်ပေတာ
စက်မှုအတတ်၊ များမြတ်ကျိုးပြာ
ပညာသိပ္ပ၊ ကိစ္စထွေလာ
ရှင်လူများ၊ သင်ကြားမင်္ဂလာ

အတွဲ ၁၈၊ အမှတ် ၁၄၊ ဗုဒ္ဓဓမ္မလောက
၂၄၊ ၈၊ ၇၂

## ၂၄။ ဝိနည်းဆိုတာ စည်းမျဉ်း ဥပဒေသဘဲ

ဝိနည်းဆိုတာ လူကိုယဉ်ကျေးအောင် ငြိမ်သက်အောင် အပိုး တန်အောင် လောက၌ လူရာဝင်အောင် လောကုတ္တရာ တရား ထူးကိုရအောင် ပြုပြင်ပို့ဆောင် ဆုံးမပဲ့ပြင် သွန်သင်ကြောင်း တရားစည်းမျဉ်းဥပဒေသပင် ဖြစ်သည်။ စည်းမျဉ်းဥပဒေသကို ဝိနည်းဟုဆိုသည်။

ထိုဝိနည်းသည် လူတို့ဆိုင်ရာဝိနည်း၊ ရဟန်းတော်တို့ ဆိုင်ရာ ဝိနည်းဟု နှစ်မျိုးရှိသည်။အပြစ်ကိုဖြစ်စေတတ်သော အကြောင်း တရား၊ အကုသလကမ္မပထဟူသော ဒုစရိုက် ဆယ်ပါးကိုရှောင် ကြဉ်မှုစသည်များသည် လူတို့ဆိုင်ရာ လူ့ဝိနည်းဖြစ်သည်။ဒုစရိုက် တို့ကိုရှောင်ကြဉ်ခြင်း၊ သုစရိုက် တို့ကိုဖြစ်စေခြင်း၊ မိဘာဝတ်သား သမီးဝတ် စသည်တို့ကို ဆောင်ရွက်ခြင်း စသည်တို့သည်လည်း လူ့ဝိနည်းပင် ဖြစ်ကြသည်။ ထိုဝိနည်းတို့ဖြင့် လူဝတ်ကြောင်တို့ သည် မိမိကိုယ်ကို မိမိ ထိန်းသိမ်းဆင်ခြင် ပြုပြင်၍ ယဉ်ကျေး အောင်နေထိုင် သင့်ကြသည်။

ရဟန်းတော်များဆိုင်ရာ ပထမပါရာဇိကာ အစရှိသော ဝါရိတ္တ ဝိနည်း၊ သင်းပိုင်ကို ညီညွတ်စွာဝတ်ခြင်း အစရှိသော သေခိယ လာ စာရိတ္တ ဝိနည်းများသည် ရဟန်းတော်များ၏ ဝိနည်းဖြစ် သည်။ ဝိနည်းသိက္ခာပုဒ်နှင့် လျော်ညီစွာ နေထိုင်၍ ရူရနှစ်ပါးကို ကြိုးစား အားထုတ်နေသော ရဟန်းတော်များသည်သာလျှင် ပစ္စက္ခသံသရာနှစ်ဖြာမှာ ကောင်းစားနိုင်သည်။

## ၂၈။ ဂန္ဓာရနှင့်ဝေဒေဟဝတ္ထု

ရှေးရှေးတုန်းက ဘုရားအလောင်းတော်သည် ဂန္ဓာရအမည်ဖြင့် ရသေ့ဖြစ်၍ ဈာန်အဘိညာဏ်ကိုရသည်။ ဂန္ဓာရ ရသေ့မှာ အတူနေဝေဒေဟ အမည်ရှိသော ရသေ့တပါးရှိသည်။ ဝေဒေဟ ရသေ့သည် ဆားကို သိုမှီးသိမ်းဆည်းခြင်းကိုပြု၏။ထိုအကြောင်းကို ဂန္ဓာရရသေ့သိသောအခါဝေဒေဟကိုကဲ့ရဲ့အပြစ်တင်သည်။ ဝေဒေဟ ရသေ့သည် ကဲ့ရဲ့ အပြစ်တင်ခြင်းကို သည်းမခံနိုင်၍ ဂန္ဓာရရသေ့ကို စိတ်ဆိုးပြီးပြန်လှန်ပြောဆိုသည်။ ဂန္ဓာရ ရသေ့သည် ဝေဒေဟ ရသေ့ကို အောက်ပါစကားတို့ဖြင့် ဆုံးမသည်။

### ဝိနည်းအဆုံးအမ။

အချင်း ဝေဒေဟ၊ သတ္တဝါတို့အား မိမိဥစ္စာဖြစ်သောဉာဏ်သည်ရှင်း၊ အကျင့်ပညတ်ဟူသော ဝိနည်းကို ကောင်း စွာ သင်ခြင်းသည်ပှင်း အကယ်၍ မဖြစ်ငြားအံ့။ များစွာသောလူသည် တော၌ ကျွဲကန်းသွားသကဲ့သို့ စမ်းတဝါးဝါး သွားလာနေထိုင်ရာ၏။

အကြင်ကြောင့် ဤလောက၌ အချို့သော သူတို့သည် ဆရာအထံ၌ အကျင့်ပညတ်ကို ကောင်းစွာ သင်ကုန်၏။ ထို့ကြောင့် ဆရာတို့သည် ဆုံးမ အပ်သောအကျင့်ပညတ်ဟူသော ဝိနည်းရှိကုန်သော ပညာရှိတို့သည် တည်ကြည်သော စိတ်ရှိကုန်သည်ဖြစ်၍သွားလာ နေထိုင်ကြရကုန်၏။

## သူတော်ချင်းချင်း၊ သတင်း လွှ့လွှ့

ဤကဲ့သို့ ဂန္ဓာရ ရသေ့က ဆုံးမသောအခါ ဝေဒေဟ ရသေ့သည် သတိသံဝေဂရ၍ ကောင်းမွန်စွာ နေထိုင်သည်။ သူတော်ကောင်းက ဝိနည်းတရားနှင့်အညီ ဆုံးမသည်ကို သူတော်ကောင်းက လက်ခံကျင့်သုံး၍ သူတော် ချင်းချင်း သတင်းလွှ့လွှ့ ပေါင်းဖက် တွေ့ကြုံခြင်းဖြစ်သည်။ ဝေဒေဟ ရသေ့သည် ဂန္ဓာရ ရသေ့ ဟောသော ဝိနည်း အဆုံးအမနှင့်အညီ နေထိုင်၍ကသိုဏ်း ပရိကံကိုပြုပြီး အားထုတ်ရာ ဈာန်အဘိညာဉ်ကို ရရှိသည်။ထိုနှစ်ဦးသော ရသေ့တို့သည် ရသေ့တို့ ဆိုင်ရာ ဝိနည်းတော်နှင့်အညီ နေထိုင်၍ သေလွန်သော အခါ ဗြဟ္မာပြည်သို့ လားရောက်ကြသည်။ (ဇာတက။ ဠ။ ၃။ ၃၄၄။ ၃၄၉)

## ရဟန်းရောလူပါ

ရဟန်းဖြစ်စေ၊ လူဖြစ်စေ ဝိနည်းတရားတော်ကို တတ်သိနားလည်ရသည်။ ရဟန်းဖြစ်လျှင်ရဟန်းတော်များဆိုင်ရာ ဝိနည်း တရားတော်ကို နားလည်ပြီးနားလည်သည့်အတိုင်းအကောင်အထည်ဖော်သောအားဖြင့် ဝိနည်းတရားတော် ဥပဒေသနှင့် လျော်ညီစွာ နေထိုင်သင့်သည်။ သူ့ဆန်စားလျှင် ရဲမှ ဆိုသကဲ့သို့ ဘုရားပေးသောပစ္စည်းလေးပါးကို သုံးဆောင်၍ ဘုရားတပည့်သား ပြုလုပ်နေကြလျှင် ဘုရားစကားကို နာယူ၊ ဘုရားဝိနည်းကို အလေးပြုမူရန်နှစ်ပါးကို အားထုတ်ကြရသည်။ ဝိနည်းရှိရုံ ဆောင်ထားရုံနှင့် မပြီး မလိုက်နာကြပါလျှင် နှစ်ဘဝလုံး ဆုံးရှုံးတတ်သည်၊ လိုက်နာ ပြုကျင့်မှ အမြတ်ရနိုင်သည်။

လူသားများ အနေဖြင့် ဘုရားအဆုံးအမ ဝိနည်းတရားကို မလေ့လာနိုင်သူတွေက များနေသည်။ ဘုရားအဆုံးအမ ဝိနည်း တရားဆိုတာ အခြားမဟုတ် လူသားများ ကျင့်စရာ ငါးပါးသီလ သိက္ခာပုဒ်ကို စောင့်ထိန်းဖို့၊လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိဖ ကျင့်ဝတ်၊အရှင်သခင်ကျင့်ဝတ်၊ကျွန်ကျင့်ဝတ် စသော လူသားတို့ ကျင့်ဝတ်များကို ဖြည့်ကျင့်ဖို့ဖြစ်သည်။

## ၂၉။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ ဂန္ဓာရ ရသေ့နှင့်ဝေဒေဟ ရသေ့တို့သည် ဝိနည်း ဥပဒေသနှင့်အညီ နေထိုင်ကြသည်။ သို့အတွက် ဈာန် အဘိညာဉ် တို့ကို ရရှိကြသည်။ ဗြဟ္မာပြည်သို့ ရောက်ကြသည်။ သင် စာရှုသူ ဓမ္မ မိတ်ဆွေတို့သည်လည်း ဝိနည်း ဥပဒေသ စည်းမျဉ်းနှင့်အညီ နေထိုင်သင့်ကြသည်။ သို့မှသာ "ဝိနယောစ သုသိက္ခိတော" ကောင်းစွာ ကျင့်ပြီးသော ဝိနည်းတရားရှိခြင်း ဟူသောမင်္ဂလာ ဘုရားနှင့် ပြည့်စုံပေလိမ့်မည်။

ဝိနည်းတရား၊ သင်ကြားခါခါ
ကောင်းမွန်စွာကျင့်၊ မြင့်မြင့်ကြံပါ
လူရှင်ရဟန်း၊ ခွင့်လန်းရှာကာ
မြတ်စည်းမျဉ်း၊ ကပ်ချဉ်းလိုက်နာရာ။

အတွဲ ၁၀၊ အမှတ် ၁၆၊ ဗုဒ္ဓဓမ္မလောက။
၇၊၉၊၇၂

## ၃၀။ စကားချိုသာ ပြောကြားရာဖို့

"စကား ခြောက်ခွန်း လူ့ဥထွန်း လေးခွန်းကိုမျှော နှစ်ခွန်းပြော"ဟူ၍ ရှေးသူဟောင်းတို့ ဆိုရိုးပြုကြသည်။ ရှေးသူဟောင်းတို့ဆိုရိုးပြုကြသောအတိုင်း ဗုဒ္ဓမြတ်စွာကလည်း စကားခြောက်ခွန်းကို ဟောထားပြီးဖြစ်သည်။ လေးခွန်းကိုပယ်ရှားဖို့ နှစ်ခွန်းကိုသာ ပြောကြားကြဖို့ ညွှန်ကြားသည်။

ပထမ မဟုတ်မမှန်၊အကျိုးမရှိ၊ ကြားရသူ မနှစ်သက်သော စကားကို မပြောဆိုရ။ဒုတိယ ဟုတ်မှန်၏၊ အကျိုးမရှိ၊ ကြားရသူ မနှစ်သက်သောစကား မပြောဆိုရ။တတိယ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ ကြားရသူ မနှစ်သက်သော စကားကို အခါအားလျော်စွာ ပြောဆိုရသည်။ စတုတ္ထ မဟုတ်မမှန် အကျိုးမရှိ၊ ကြားရသူ နှစ်သက်သော စကားကို မပြောဆိုရ။ ပဉ္စမ၊ဟုတ်မှန်၏၊ အကျိုးမရှိ၊ ကြားရသူ နှစ်သက်သော စကားကိုမပြောဆိုရ။ ဆဋ္ဌ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ ကြားရသူ နှစ်သက်သော စကားကို အခါအားလျော်စွာ ပြောဆိုရ၏။

ဤစကား ခြောက်ခွန်းတို့တွင် တတိယစကားနှင့်ဆဋ္ဌစကားကိုသာ ပြောကြားကြဖို့ အခြားလေးခွန်းကို မပြောကြားကြဖို့ ဗုဒ္ဓမြတ်စွာ အတိအလင်း ဟောကြားထားသည်။

မုသားစကား ပြောခြင်း၊ ဂုံးချောစကားပြောခြင်း၊ ကြမ်းတမ်းရုန့်ရင်းသော အနက်အဓိပ္ပာယ် ရှိသောစကားကို ပြောဆိုခြင်း၊အနှစ်အသား မရှိသော စကားကိုပြောဆိုခြင်းတို့မှ ရှောင်ကြဉ်၍ မှန်ကန်ခြင်း၊ဂုံးမချောခြင်း၊သိမ်မွေ့သာယာခြင်း၊အနှစ်အသားရှိ၍ လေးနက်ခြင်း၊ ဤအင်္ဂါ လေးပါးနှင့် ပြည့်စုံသော စကားသည် သုဘာသိတဝါစာ မင်္ဂလာရှိသောစကား မည်သည်။

## ၃၁။ သူငယ်ချင်းလေးယောက်ဇတ်

ရှေးရှေးတုန်းက သူဌေးသား သူငယ်ချင်း လေးယောက်တို့ရှိကြသည်။ တခုသောရွာ၌ တောလိုက်မုဆိုး တယောက်လည်း တောကောင် သားသမင်တို့ကို တောမှ ရရှိ၍ ခုတ်ဖြတ် တုံး တစ်နေသည်။

တယောက်သော သူငယ်ချင်းက "ဟေ့ မုဆိုး၊ငါ့ကိုအသား တုံးပေးစမ်း"ဟု ကြမ်းတမ်းသော စကားဖြင့်သုံးနှုံးတောင်းရမ်းသောကြောင့် ကြမ်းတမ်းသောသူ့စကားနှင့် လျော်သောအသားမပါသော အရွတ်အကာကို မုဆိုးက ပေးလိုက်သည်။

တယောက်က "အကိုကြီး ကျွန်တော့်ကို အသားပေးပါ"ဟု တောင်း၍ အစိတ်အပိုင်းဖြစ်သော အသားကိုရသည်။တယောက်က "အဖ ကျွန်တော့်အား အမဲတုံးကို ပေးလော့"ဟု တောင်း၍ နှလုံးသားကို ရသည်။

နောက်ဆုံးလူက "မိတ်ဆွေ၊ ကျွန်တော့်အား အသားပေးပါ" ဟု တောင်းသဖြင့် သုဘာသိတဝါစာမြောက်၍ ပါသမျှသော အသားအားလုံးကို ရသွားသည်။

### စကားလေးမျိုး စိစစ်ချက်

ဤသူငယ်ချင်း လေးယောက်တို့တွင် ပထမ တောင်းသူ၏ စကားသည် သုဘာသိတဝါစာ အင်္ဂါလေးပါးအနက် တပါး တလေမျှ မညီသော မကောင်းသော စကားဖြစ်၍ အရွတ်ကိုသာ ရသည်။

ဒုတိယ၊ တတိယ သူငယ်ချင်းတို့၏ စကားသည် ချစ်ဖွယ်သော စကား၊ နူးညံ့သောစကား ဖြစ်သော်လည်း မှန်သောစကား

မဟုတ်၍ သုဘာသိတဝါစာမဖြစ်သောကြောင့်၊ စကားအား လျော်သလောက်သာလျှင် ရကြသည်။

စတုတ္ထသူငယ်ချင်းစကားသည်ကား သုဘာသိတဝါစာအင်္ဂါ လေးပါးနှင့် ပြည့်စုံ၍ အသားအားလုံးကို အကုန်ရသည်။

## မင်္ဂလာမြောက်စကား

ဤသူဌေးသား သူငယ်ချင်းလေးယောက်တို့၏ စကားမျိုးကို ဆင်ခြင်၍ မိမိတို့ ပြောဆိုသော စကားသည် သုဘာသိတဝါစာ မည်၍ မိမိတို့၏ အလိုဆန္ဒရည်ရွယ်ချက် ထမြောက်အောင်မြင်စေ ရန် မင်္ဂလာမြောက်သော စကားကောင်းကိုသာ ရွေးချယ်ပြော ဆိုသင့်ကြသည်။

လူကြီးလူကောင်းနှင့်ခေါင်းဆောင်လုပ်သူများသည် သုဘာ သိတဝါစာ ဖြစ်အောင် စကားပြောဆိုရန် အလွန်အရေးကြီး သည်။ မိမိတို့ ပြောဆိုလိုက်သောစကား သုဘာသိတဝါစာအင်္ဂါ နှင့်ညီညွတ်သလောက် နောက်လိုက်ယောသားတို့၏ ကြာရှည်လေး မြင့် ယုံကြည်လေးစား အားထားချီးမြှောက်ခြင်းကို ခံယူရရှိမည် ဖြစ်သည်။

အမှန်အားဖြင့် လူကြီးလူကောင်းနှင့် ခေါင်းဆောင်လုပ်သူ များသာ မဟုတ်။ လူတိုင်းရှင်တိုင်း ပြောရေးပြောခွင့် ဆိုက်သော အခါ သုဘာသိတဝါစာ မင်္ဂလာမြောက်အောင် ပြောဆိုရမည် သာဖြစ်သည်။ (ဇာတက။ ၄။ ၃။ ၄၅၊ ၄၇)

## ၃၂။ ကောက်ချက် ဥပဒေသ

ဤဝတ္ထု၌ သူငယ်ချင်းလေးယောက်တို့တွင် စတုတ္ထမြောက် သူငယ်ချင်းသည် သုဘာသိတဝါစာ မင်္ဂလာမြောက်သောစကား ကို ပြောဆိုသည်ဖြစ်၍ အသားအားလုံးကို ရရှိရုံမျှမက မင်္ဂလာနှင့် ပြည့်စုံသူဖြစ်ရသည်။ သုဘာသိတဝါစာ မင်္ဂလာနှင့်ပြည့်စုံကြပါ လျှင် တကမ္ဘာလုံး ရေအေးဖြင့် လောင်းထားသောမီးကဲ့သို့ ဆူပူ လောင်ကျွမ်းခြင်းမရှိဘဲ အမြဲငြိမ်းအေး၍ ချမ်းသာသုခ ရကြ ပေလိမ့်မည်။

သင် စာရှုသူ မမိတ်ဆွေတို့သည်လည်း အင်္ဂါ လေးပါးနှင့် ပြည့်စုံသော စကားကို ပြောကြားသင့်ကြသည်။ သို့မှသာ "သုဘာ သိတဝါစာ" ကောင်းစွာ ပြောဆိုသော စကားရှိခြင်းမင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

ချစ်ဖွယ်စကား၊ မြွက်ကြားလေပါ
မှန်ရာစကား၊ ပြောကြားသင့်တာ
အင်္ဂါလေးချက်၊ ပြည့်လျက်သာယာ
စကားမြတ်၊ ဆိုတတ်မင်္ဂလာ။

အတွဲ ၁၈၊ အမှတ် ၁၈၊ ဗုဒ္ဓမေ့လောက
၂၂၊ ၆၊ ၇၂

## ၃၃။ မွေးမေအဖေ ကျေးဇူးတွေမှာ

"မြင်းမိုရ်ဆယ်ပြန် ကျေးဇူးလွန်သည်၊ ချစ်ဝှန်ကဲဆ မိနှင့်ဖ အား သားလှုပ်ပုံလတ် ရက်မချွတ်လျှင်၊ကျင့်ဝတ် ငါးမည် အရင်း တည်လျက်၊ ချစ်ကြည်မကွေ ညွတ်ပျပ်ထွေဖြင့်၊ ရှိသေလှုံ့စွာ လုပ် ကျွေးရာ၏"

ဤသို့ မာတာဝါဒဆုံးမစာမှာ လာသည့်အတိုင်း တောင်စဉ် ခုနစ်ထပ် နက္ခတ်တာရာ ပေါင်းများစွာတို့ ခြံရံကာနေသော မြင်းမိုရ်တောင်ကြီးထက် ဆယ်ပြန်လောက် ကြီးမားလှသော မွေးမေ အဖေတို့ ကျေးဇူး ဂုဏ်မှာ အဘယ်မျှ ကြီးကျယ်သည် ကို စားမိကြပြီးလျှင် ထိုကဲ့သို့ ကြီးမား မြင့်မြတ်လှသည်ကို သောက်မြော် ဆင်ခြင်ကြလျက် မွေးမေ အဖေ နှစ်ပါးကို သား သမီးဝတ် ငါးပါးကို အရင်းတည်ကာ လုပ်ကျွေး မွေးမြူသင့်ကြ သည်။

### သူယုတ်မာတဲ့

မွေးမေ အဖေတို့၏ ကျေးဇူးကို မသိတတ်သော သူ၏ အသက် ရှင်၍ နေခြင်းဖြင့် ဖိုနွတ်သီးလေထွက်နေသည့်ပမာ ထွက်သက်ဝင် သက်ကိုရှူရှိုက်နေငြားသော်လည်း ခွေး၊ဝက်၊ကြက်၊ငှက် စသော တိရစ္ဆာန်၊ လူသေနှင့်မခြား မွေးမေ အဖေတို့၏ ဂုဏ်ကျေးဇူးကို သိတတ်သော သူတို့က ပေါင်းသင်း ဆက်ဆံခြင်းမပြုလိုကြချေ။

ထိုမွေးမေ အဖေတို့၏ ဂုဏ်ကျေးဇူးကို မသိတတ်သော လူမျိုး ကို ဗုဒ္ဓမြတ်စွာက "လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်း ကျိုး မတိုးမတက် ညှိုးပျက်အောင် ပြုသောသူ"ဟူ၍ ပရာဘဝ

သုတ်၌ မိန့်ထုတ်ထားသည်သာမက ဝသလသုတ်၌လည်း"သူယုတ်မာ"ဟု ဟောထားသည်။

## ၃၄။ မိတ္တဝိန္ဒကဝတ္ထု။

ဟိုရှေးရှေးတုန်းက ကဿပမည်သော ဘုရားသည် ဘဒ္ဒကမ္ဘာ၌ သုံးဆူမြောက် ပွင့်ခဲ့သည်၊ ထိုကဿပဘုရား လက်ထက်မှာ ဗာရာဏသီတိုင်းပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော သူဋ္ဌေးကြီး တဦးရှိသည်။ ထိုသူဋ္ဌေးကြီးမှာ မိတ္တဝိန္ဒကမည်သော သားတယောက်ရှိသည်။ ထိုမိတ္တဝိန္ဒကသည် သီလမရှိ၊ သဒ္ဓါတရားမရှိ၊ မိဘတို့သည်ကား စေတာပန် ဖြစ်ကြသည်။

မိတ္တဝိန္ဒကသည် အဖသူဋ္ဌေးကြီး ကွယ်လွန်သောအခါ အမေအပေါ်မှာ မင်းမူနေသည်။ တနေ့သော အခါ၌ အမေကို ပြောသည်မှာ"မေမေ ကျွန်တော်သည် လှေဖြင့် ရောင်းဝယ်မှုကိုပြုလိုပါ၏"ဟူ၍ ပြော၏။ အမေက"ချစ်သား၊ သင်ဟာ တယောက်ထည်းသောသားဖြစ်၏။ ဤအိမ်၌ ဥစ္စာတော့များလှ၏။ သမုဒ္ဒရာသည်ကား အပြစ်များလှ၏။ မသွားပါနဲ့"ဟု တားမြစ်ပြောဆိုသည်။

### မွေးမေစကား၊ ပယ်ရှားဘေးထိ

မိတ္တဝိန္ဒကသည် အမေစကားကို နားမထောင်ဘဲ"သွားမည်"ဟု အတင်းပြောစဉ် အမေက လက်ဆွဲထားသည်ကို တွန်းလှဲ၍ အနိုင်အထက်ပြုပြီးလျှင် လှေဖြင့် သမုဒ္ဒရာသို့ ထွက်သွားသည်။ လှေသည် သွား၍ (၇)ရက် ရှိလေသော် မိတ္တဝိန္ဒကကို အမှီပြု၍

မသွားဘဲ ရပ်တံ့နေသည်။ ဤလှေ၌ လူယုတ်မာရှိနေ၍ မသွားဘဲဖြစ်ရာ၏ဟု လူယုတ်မာ မဲချသောအခါ သုံးကြိမ်တိုင်တိုင် မိတ္တဝိန္ဒကသည်သာလျှင် စာရေးတံ လူယုတ်မာမဲကျသည်၊ လှေသားတို့သည် မိတ္တဝိန္ဒကကို ဖောင်ငယ်တခုပေး၍ သမုဒ္ဒရာ၌ ပစ်ချကြသည်။

## ရေပြည်ကို မြို့ကြီးထင်

မိတ္တဝိန္ဒကသည် ဖောင်ဖြင့် ကူးသွားသော် ကျွန်းငယ်တခုသို့ ရောက်၍ ဥဿဒ ရေကို မြို့ကြီးတခုထင်၍ ထိုမြို့သို့ဝင်ရောက်သည်။ ထိုရေ၌ မကောင်းမှုပြုသော သူတို့ ညှင်းဆဲနှိပ်စက်ခံရသည်ကိုမြင်သောအခါ တန်ဆာဆင်ခြင်းနှင့်စပ်သောမြို့မှာ လူတွေပျော်ပါးနေသကဲ့သို့သူ့စိတ်၌ ထင်နေလေသည်။သင်မုန်းစက်ကို ဦးခေါင်းဖြင့်ရွက်၍ ငိုကြွေးသော ငရဲသားကိုမြင်၍သင်တုန်းစက်ကိုပဒုမ္မာကြာပန်းထင်၍ တောင်းနေရှာသည်။

ရင်၌အနှောင်အဖွဲ့ ငါးခုကို ရင်လွှမ်းတန်းဆာထင်နေ၍ကိုယ်မှ ယိုစီးသော သွေးကို စန္ဒကူးနံ့သာကဲ့သို့ သူ့စိတ်မှာထင်နေသည်။ ငိုကြွေးသောအသံကိုလည်း သူ့နားမှာ သီချင်းဆိုသံ ထင်နေသည်။

## သူလိုချင်တာ တောင်းခြင်း

"မိတ်ဆွေ၊ ပဒုမ္မာကြာပန်းကို ပန်ချင်တာကြာပြီ။ငါ့ပေးပါ" ဟု ငရဲသားထံ တောင်းသည်။ငရဲသားက ပဒုမ္မာကြာပန်းမဟုတ်ကြောင်းကို ပြောသော်လည်း မယုံကြည်ဘဲ ဖြစ်နေ၍"ငါ့ကံကုန်

၍ သူ့အလှည့်ရောက်လို့ ထင်ရဲ့”ဟု ပဒုမ္မာ ကြာပန်းရော အကုသိုလ်အပြစ်အားလုံးကိုမိတ္တဝိန္ဒကအား အပ်နှင်းလိုက်သည်။ အမေကို နှိပ်စက် အနိုင်ကျင့်ခဲ့သော ကံအားလျော်စွာ မိတ္တဝိန္ဒက သည် ငိုကြွေးမြည်တမ်းကာ ဆင်းရဲဝေဒနာကို ခံစားရသည်။ (ဇာတက။ ဌ။ ၄။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆)

## ၃၇။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ မိတ္တဝိန္ဒကသည် အမေ့စကားကို နားမထောင်ဘဲ ဆန့်ကျင်ခဲ့သည့်အတွက် ပစ္စက္ခပင် ဆင်းရဲခြင်းအမျိုးမျိုးကို ခံစား ရသည်။ အမိအဖကို ပြုစုလုပ်ကျွေးသော သူတို့မှာ ပစ္စက္ခသံသရာ နှစ်ဖြာတို့၌ ချမ်းသာစေနိုင်သည်။ ဘုန်းကြီး သက်ရှည်နိုင်ကြ သည်။

သင် စာရှုသူဓမ္မမိတ်ဆွေတို့သည်လည်း မိတ္တဝိန္ဒကလို မိဖကို မဆန့်ကျင်ဘဲ ပြုစုလုပ်ကျွေးသင့်ကြသည်။ လုပ်ကျွေး ပြုစုသူတို့ မှာ ပစ္စက္ခသံသရာ နှစ်ဖြာတို့၌ ချမ်းသာ သုခ ရရှိနိုင်ကြသည်။ သို့မှသာ“မာတာပိတု ဥပဋ္ဌာနဉ္စ”အမေအဖေကို လုပ်ကျွေးရခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

ကျေးဇူးများလှ၊ မိဖနှစ်ထွေ
ထောက်ပံ့ပြုစု၊ ကြည့်ရှုစောင့်လေ
လေးလေးစားစား၊ ညွတ်ဘွားနှုံ့သေ
လုပ်ကျွေးကြ၊ မုချ မင်္ဂလာပေ။

အတွဲ ၁၈၊ အမှတ် ၂၄၊ ဗုဒ္ဓဓမ္မလောက
၅-၁၁-၇၂

## ၃၆။ သားမယားကို ထောက်ပံ့ခြင်း

ဤမင်္ဂလာ အရာ၌ သားသမီးကို ထောက်ပံ့ခြင်း၊ ဇနီးမယား ကို ထောက်ပံ့ခြင်းဟူ၍ အဓိပ္ပာယ်နှစ်မျိုးထွက်သည်။ သားသမီး များကို ထောက်ပံ့ပုံမှာ ပဒုမ္မာကြာတို့သည် စင်ကြယ်သန့်ရှင်း သော ရေကန်အတွင်း၌သာ ပေါက်ရောက်လာသကဲ့သို့ ဘုန်းကံ ပါရမီနှင့် ပြည့်စုံသော သားကောင်း၊ သမီးကောင်းတို့သည် သီလသမာဓိ စသည့်ထွေထွေ ကြက်သရေ မင်္ဂလာနှင့်ပြည့်စုံသော မိခင်၏ ဝမ်းတိုက်၌သာ ကိန်းပိုက် သန္ဓေမှီနေ စွဲကပ်လာကြရိုး ဓမ္မတာဖြစ်သည်။ ပဋိသန္ဓေတည်နေဆဲ ကာ၌လည်း မိဖတို့ပြုလုပ် အားထုတ်သော အလေ့ဝါသနာ စရိုက်အားလျော်စွာ ဓာတ် ခိုက်ကူးစက်တတ်သည်။

### သားကောင်း လိုချင်လျှင်

ကိုယ်ဝန်ရှိနေစဉ် မိခင်ဖြစ်သူသည် ဘုန်းကံ ပါရမီ ရှိသော သားကောင်းရတနာကို အလိုရှိပါလျှင် မိမိကိုယ်ကို ကျန်းမာ အောင် နေခြင်း၊ ငါးပါးသီလကို အမြဲဆောက်တည်ခြင်း၊ မိဖ နှစ်ပါးကို လေးစားရိုသေခြင်း၊ ရတနာသုံးပါး ဂုဏ်ကို အဖန်ဖန် ပွားများ၍ အမြဲအားဖြင့် အောက်မေ့ခြင်း စသည်ဖြင့်မိမိကိုယ် ကို ကြက်သရေ မင်္ဂလာရှိအောင် ဆောင်ရွက်ပြုလုပ်သင့်ကြသည်။

### သားသမီးကို ထောက်ပံ့ခြင်း

မိခင်ဖခင်တို့သည် သားသမီး တို့အား ထောက်ပံ့ရမည်မှာ အကျဉ်းဆုံးနည်းအားဖြင့် မိဖဝတ် ငါးပါးအတိုင်း ပြုလုပ်ကြ

မည် ဆိုပါလျှင် သားသမီးတို့အား ထောက်ပံ့သည် မည်သည်။ မကောင်းရာ လုပ်သည်ကို တားမြစ်ခြင်း၊ ကောင်းရာလုပ်ဖို့ ညွှန်ကြားခြင်း၊ အတတ်ပညာ သင်ပေးခြင်း၊ အရင်းအနှီး ပေးထားခြင်း၊ အချိန်ရောက်လျှင် လက်ထပ်ထိမ်းမြားပေးခြင်း အားဖြင့် ငါးပါးဖြစ်သည်။

## မယားကောင်းလင် တစ္စင်ရှင်

အိမ်တွင်းအမှု ကိစ္စကို ဆောင်ရွက်ခြင်း၊ လင်ရှာလို့ရသော ပစ္စည်းကို ထိန်းသိမ်းခြင်း၊ မိမိလင်မှတပါး အခြားသူကိုမမြတ်နိုး ခြင်း၊လင်ဖက် ကိုယ့်ဘက် ဆွေမျိုးများကို သင့်သလို ချီးမြှောက် ခြင်း၊ မပျင်းရိခြင်းဟူသော မယားဝတ်ငါးပါးနှင့် လျော်ညီစွာ လင်ကို လုပ်ကျွေးသင့်သည်။ "အိမ်တွင်းမှုလုပ် သိမ်းထုပ်သောျာ၊ မိတ္တာကြည်ချောင် လျော်အောင်ဖြန့်ချိ၊ပျင်းရိမမှု ဝတ်ငါးဆူ အိမ်သူ ကျင့်အပ်စွာ"

## လင်ကောင်းအိမ်သူ တလူလူ

ဇနီးသည် အပေါ်မှာ မထိလေးစား မပြုခြင်း၊ ရလာသော ဥစ္စာကို ဇနီးသည်အား အပ်နှင်းခြင်း၊ မိမိဇနီးသည်မှ တပါး အခြား အမျိုးသမီးကို မပြစ်မှားခြင်း၊ အစားအဝတ်အတွက်ဇနီး သည်အကြိုက် စီမံပေးခြင်း၊မြတ်နိုးကြင်နာမှုရှိခြင်းဟူသော လင့် ဝတ္တရားငါးပါးနှင့်လျော်ညီစွာ ဇနီးသည်ကိုချီးမြှောက်ထောက်ပံ့ သင့်သည်။ "မထေမဲ့ကင်း အပ်နှင်းဥစ္စာ၊ မိတ္တာမမှား ဝတ်စား ဆင်ယင်မြတ်နိုးကြင် ငါးအင်လင်ကျင့်ရာ"

## ၃၄။ ကာလသတို့သား

ဟို ရှေးရှေးတုန်းက သာဝတ္ထိပြည်ကြီးမှာ အနာထပိဏ် သူဌေးကြီးဆိုတာ ဗုဒ္ဓမြတ်စွာ၏ ကျောင်းတကာကြီး ဖြစ်သည်ကို ဗုဒ္ဓသာသနာဝင်တိုင်း သိကြသည်။ ထိုအနာထပိဏ် သူဌေးကြီးမှာ သားမိုက်တယောက်ရှိသည်။ သူ့အမည်ကမောင်ကာလ ဖြစ်သည်။ ဖခင်ကြီးက ကျောင်းဒါယကာ သောတာပန်အရိယာကြီးဖြစ်ပေမယ့် မောင်ကာလ ဘုရားသွားကျောင်းတက် လုံးဝ ဝါသနာမပါဘဲ ဖဲရိုက်၊ အရက်သောက်ဖြင့် လူမိုက်ကြီး ဖြစ်နေသည်။

အနာထပိဏ် သူဌေးကြီးမှာ သားအတွက်ရတက်မအေးနိုင်ဘဲ ကျပ်ငွေတရာပေး၍ ဘုရားကျောင်းတော် အသွားခိုင်းသည်။ ငွေတထောင်ပေး၍ တရားတော်ကို အနာခိုင်းသည်။ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို ကြားနာရသောအခါ ကာလသည် သောတာပန် အရိယာဖြစ်သွားသည်။ (ဓမ္မ။ ဋ္ဌ။ ၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅)

### ခေမာမိဖုရား

ဟို ရှေးရှေးတုန်းက ရာဇဂြိုဟ်ပြည်မှာ ဗိမ္ဗိသာရ ဘုရင်ကြီး ဆိုတာ ဗုဒ္ဓမြတ်စွာ၏ ဝေဠုဝန် ကျောင်းဒါယကာကြီး ဖြစ်သည် ကို စာဖတ်သူတိုင်းသိပြီးဖြစ်သည်။ ထိုဘုရင်ကြီးမှာ ခေမာမည် သော မိဖုရားကြီးတယောက်ရှိသည်။ အဆင်းလှသည်၊ မာနကြီး သည်။ ဘုရားသွားကျောင်းတက် သူ့မှာဝါသနာ မရှိချေ။ ဘုရင် ကြီးက သူ့မိဖုရား ဘုရားဖူးသွားစေလိုသည့်အတွက် ဝေဠုဝန် ဥယျာဉ် ကျောင်းတိုက်ကြီး သာယာပုံ၊ လှပပုံ၊ ကြည့်ရှုထိုက်ပုံတွေ ကို ဝါဒဖြန့်သည်။ ဇာတ်သမတွေကို သီချင်းလုပ်အဆိုခိုင်းသည်။

အလှူအပကြိုက်သော မိဖုရားကြီးကို အလှူအပဖြင့် ချီးကျူး ဆွဲ ဆောင်ခြင်းဖြစ်သည်။

တနေ့သောအခါ ခေမာ မိဖုရားကြီးသည် ဘုရင်ကြီး၏ ဆွဲဆောင်ချက်ဖြင့် ဝေဠုဝန်ဥယျာဉ်ကျောင်းတိုက်သို့ အကြည့် အရှုသွားသည်။ ကြည့်ရှုရုံမျှဖြင့် မပြီးသေး။ ဘုရင်ကြီးက ခေမာ မိဖုရား ဗုဒ္ဓမြတ်စွာထံ မချဉ်းကပ်လျှင် မင်းအာဏာဖြင့် ဒဏ်တပ် မည်ဟု မှာလိုက်သဖြင့် မရဲတရဲ ချဉ်းကပ်သည်။ ဗုဒ္ဓမြတ်စွာက တရားဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာ ရဟန္တာမ ဖြစ်၍ ပညာအရာ ဧတဒဂ်ရထေရီမကြီး ဖြစ်သွားသည်။ (ဓမ္မ။ဋ္ဌ။ ၂။ ၃၃၉။ ၃၄၀)

## ၃၈။ ကောက်ချက် ဥပဒေသ

ကာလ သတ္တိသား၀တ္ထု၌ အနာထပိဏ် သူဌေးကြီးသည်သား ဖြစ်သူကို လောကီ ချီးမြှောက်ခြင်းဖြင့်လည်း ချီးမြှောက်သည်။ လောကုတ္တရာ ချီးမြှောက်ခြင်းဟူသော ဘုရားကျောင်းတော် အသွားခိုင်းခြင်း၊ ဥပုသ်စောင့်ခိုင်းခြင်း၊ တရားနာခိုင်းခြင်းဖြင့် လည်း ချီးမြှောက် စောင့်ရှောက်သည်။

ခေမာ မိဖုရား ၀တ္ထု၌ ဗိမ္ဗိသာရမင်းကြီးသည် သူ့မိဖုရား အား လောကီ ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်ရုံမျှမက လော ကုတ္တရာ ချီးမြှောက်ခြင်းဖြင့်လည်း မယားအပေါ် ချီးမြှောက် ခြင်းဖြစ်သည်။

သင်္ဘောရှုသူ မမွမိတ်ဆွေတို့သည်လည်း အနာထပိဏ် သူဌေးကြီး ဗိမ္ဗိသာရမင်းကြီးတို့လို သားမယားကိုချီးမြှောက်ထောက်ပံ့သင့်ကြသည်။ သို့မှသာ "ပုတ္တဒါရဿ သင်္ဂဟော" သားမယားတို့အား ချီးမြှောက်ထောက်ပံ့ခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

သားသမီးများ၊ မယားတဖြာ
လောကီလောကုတ်၊ မယုတ်သင့်ပါ
နှစ်မျိုးလုံးဖြင့်၊ ချီးမြှင့်ကြရာ
၀တ္တရား ပြုငြားမင်္ဂလာ။

အတွဲ ၁၈၊ အမှတ် ၃၉၊ ဗုဒ္ဓမမ္မလောက
၂၅-၂-၇၇

## ၃၉။ နှောင့်ရှက်မှု မရှိသောအလုပ်

လောက အတွင်း၌ နှောင့်ရှက်မျိုးသည် လွန်စွာ ဆိုးရွား၏။ လူသားများသာ မဟုတ်။ တိရစ္ဆာန်များသော်မှ နှောင့်ရှက်မှုကို မလိုလားချေ။အသက်မွေးမှုမကောင်းသော လူ့ဘုံဌာနကြီးအတွင်း၌ မှီတင်းနေထိုင်ကြသော လူတို့မှာ အကုသိုလ် ဒုစရိုက်ဟူသော အနှောင့်အရှက်မရှိဘဲ ကာယ ဒုစရိုက်သုံးပါး၊ ၀စီ ဒုစရိုက်လေးပါး၊ ဤယုတ်ညံ့မှုတွေကို ရှောင်ရှား၍ တရားနှင့်အညီ ကုန်သွယ်

လယ်လုပ် စသော အမှုကိုပြုကာ ရှာမှီး အသက်မွေးမှုခြင်းသည် အနှောင့်အရှက် မရှိသော အမှုမင်္ဂလာတပါး မည်ချေသည်။

## ကြီးပွားကြောင်းအလုပ်

ဒေသကာလ စသည်ကို မယုတ်စေမူ၍ လောကီ လောကုတ္တရာ ဖြစ်သော ဥစ္စာအားလျော်သော ရခြင်း၏ အကြောင်းကိုပြုလေ့ ရှိသော စိတ်၌ယှဉ်သော လုံ့လ၏ အစွမ်းအားဖြင့် မချသောဝန် ရှိသော ကိုယ်၌မှီသော ဝိရိယ၏ အစွမ်းအားဖြင့် ထကြွခြင်းနှင့် ပြည့်စုံသောသူသည် ကြွက်သေကောင်တခုဖြင့် မကြာမြင့်မီပင် လေးသိန်းအရေအတွက်ရှိသော ဥစ္စာကို စူဠကသူဌေး၏ အထံနေ အလုပ်အကျွေး လုလင်သည် ရသကဲ့သို့ လောကီ လောကုတ္တရာ ဥစ္စာကို ရနိုင်၏။

## ကြွက်သေတခု အရင်းပြု

ဟို ရှေးရှေးတုန်းက ဘုရားအလောင်းသည် စူဠက မည်သော သူဌေးကြီးဖြစ်၍ နိမိတ်အားလုံးကို သိ၏။ ထိုသူဌေးကြီးသည် တနေ့သောအခါ၌ မင်းခစားရန် သွားစဉ် လမ်းအကြားဝယ် ကြွက်သေတခုကိုမြင်၏။ ကြွက်သေကိုမြင်၍ ထိုခဏ၌ နက္ခတ်ကို ကြည့်လတ်သော ဉာဏ်အမြင်ရှိသော အမျိုးသားသည် ဤကြွက် သေကို အရင်းပြု၍ ပစ္စည်းရှာမူ ကြီးပွားနိုင်၏ဟု ပြောကြား သည်။

ထိုသူဌေး၏ စကားကိုကြား၍ ဆင်းရဲသား ယောကျ်ား တယောက်သည် ထိုကြွက်သေကိုယူ၍ကြောင်စာအလို့ငှာ ရောင်း

၏။ တချင်ရွေးသောငွေကိုရ၏။ ထိုတချင် ရွေးသောငွေကိုတင်လဲဝယ်ပြီး သောက်ရေအိုးကိုယူ၍ တောပြန်ပန်းလုပ်သားတို့အား တင်လဲကျွေး၍ ရေတိုက်၏။ ပန်းလုပ်သားတို့က ပန်းတဆုပ်စီပေးကုန်၏။ထိုဆင်းရဲသားသည် ပန်းတို့ဖြင့် တင်လဲကိုဝယ်၍ သောက်ရေအိုးကိုယူပြီး ပန်းခူးရာသို့သွား၍ တင်လဲကျွေး ရေတိုက်ရာ ပန်းလုပ်သားတို့က ပန်းတဝက်ကို ပေးကုန်၏။ ထိုနေ့က ငွေရှစ်ကျပ်ရခဲ့သည်။

တနေ့သ၌ လေပြင်းတိုက် မိုးကျ၍ မင်းဥယျာဉ်မှာ သစ်ခက်တွေကျိုးကျ၏။ ဥယျာဉ်စောင့် အလုပ်မလုပ်နိုင်ဘဲရှိရာ ဆင်းရဲသားက ဝင်လုပ်၍ ထင်းဖိုးက ဇာဆယ်ခြောက်ကျပ်၊ လုပ်အားခနှစ်ဆယ်လေးကျပ်ရသည်။

ထိုဆင်းရဲသားသည် မြို့အနီးမှာ သောက်ရေကိုတည်၍ ငါးရာသောမြက်ရိတ် လုပ်သားတို့ကို သောက်ရေတိုက်၏။ မြက်တို့ကိုလက်ကား အကုန်ယူထား၏။ မြင်းကုန်သည် ငါးရာတို့ လာ၍မြက်ရှာရာ မရကုန်၍ ဆင်းရဲသား အထံမှ မြက်တို့ကို တထောင်ပေး၍ ဝယ်ရသည်။

## ငွေနှစ်သိန်းချမ်းသာ

ရေကြောင်း ကုန်သည်တို့ထံမှ ကိစ္စဟူသမျှတို့ကို ဆောင်ရွက်ပေး၍ ရေကြောင်း ကုန်သည်တရာတို့က တယောက်လျှင်တထောင်စီပေး၍ ငွေတသိန်းရရှိမှုမက သင်္ဘော၌ ဘဏ္ဍာထုတ်ယူခွင့်အတွက် ငွေတသိန်းရရှိ၏။ ထိုငွေနှစ်သိန်းကိုယူ၍ကျေးဇူးရှင် စူဠက သူဌေးကြီးအား ငွေတသိန်း ကန်တော့၍အကြောင်းစုံကို ပြောကြားသည်။

## သူဌေးကြီး ဖြစ်ခြင်း

စူဠက သူဌေးကြီးသည် ဤကဲ့သို့ အမြော်အမြင်ရှိ၍ ထကြွ လုံ့လနှင့် ပြည့်စုံသော သူငယ်ကို အစေအပါး မပြုထိုက်ဟု သဘောပိုက်ကာ ထိုသူငယ်ကို သမီးနှင့် ပေးစား၏။ထိုသူဌေးကြီး သေလွန်သောအခါ သူဌေးအရာကိုရ၏။ ဤသို့ ကိုယ်၌ မှီသော လုံ့လ၏အစွမ်းအားဖြင့် ထကြွ လုံ့လနှင့်ပြည့်စုံသော သူသည် လောကီ လောကုတ္တရာ ဉစ္စာကို ရနိုင်သည်။ (ဇာတက။ ဌ။ ၁။ ၁၃၆၊ ၁၃၇)

## မနှောင့်ရှက်သောအမှု

အချိန်ကာလကို သူတတ်သောကြောင့်၎င်း၊ လျောက်ပတ်သည်ကို ပြုလေ့ရှိသောကြောင့်၎င်း၊ မပျင်းတတ်သောကြောင့် ၎င်း၊ ထကြွလုံ့လနှင့် ပြည့်စုံသောကြောင့်၎င်း၊ မပျက်စီးသောကြောင့်၎င်း၊ ကာလကို လွန်ခြင်း၊ မလျောက်ပတ်သည်ကိုပြုခြင်း၊ မပြုခြင်း၊ လျော့သဖြင့်ပြုခြင်း အစရှိသောနှောင့်ရှက်သောအဖြစ်မှ ကင်းခြင်းတို့သည် မနှောင့်ရှက်သောအမှု မည်ကုန်၏။

## ၄၁။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ ဆင်းရဲသား၏ငွေနှစ်သိန်းကို ရရှိခြင်း၊သူဌေးသမီးကိုရခြင်း၊ သူဌေးရာထူး ကိုရခြင်းတို့သည် နှောင့်ရှက်မှု မရှိသော အလုပ်တို့ မည်ကုန်သည်။ နှောင့်ယှက်မှု မရှိသော အလုပ်ကိုလုပ်ခြင်းကြောင့် ဤမျှသော အကျိုးအာနိသင်တို့ကို ရရှိခြင်းဖြစ်သည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ထိုကြွလုံ့လဝီရိယဖြင့် နှောင့်ရှက်မှုမရှိသော အလုပ်တို့ကို ပြုလုပ်သင့်ကြသည်။ သို့မှသာ "အနာကုလာစ ကမ္မန္တာ" နှောင့်ရှက်မှု မရှိသော အမှုတို့ကို ပြုရခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

ယုတ်ညံ့အမှု၊ မပြုရှောင်ခွာ
နှောင့်ရှက်ကင်းငြား၊ လုပ်အားများစွာ
ထကြွလုံ့လ၊ ပြည့်ဝသူမှာ
ကြီးပွားရ၊ မုချမင်္ဂလာ။

အတွဲ ၁၈၊ အမှတ် ၁၉၊ ဗုဒ္ဓဓမ္မလောက
၉–၅–၇၃

## ၄၂။ ပေးကမ်းခြင်းသာ မင်္ဂလာမို

"သဒ္ဒါမရှေး မပေးမလှူ မုန်းဆေးဟူ၏၊ ပေးလှူတတ်သော် ချင်ဆေးကျော်တည့်၊ လူ့ဘော်ဌာန ဤလောကဌ်၊ စိတ်က ကြည်စွာ စေတနာနှင့် သဒ္ဒါဝမ်းတွင်း ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ ဝမ်းမြောက်စွာသည် မင်္ဂလာ လွန်မြတ် ဖြစ်သတတ်ရှင့်"

**မဃဒေဝ**

သဒ္ဒါတရား ရှေ့သွားမရှိခြင်း၊ မပေးမလှူခြင်းသည် အမုန်းဆေးဖြစ်သည်။ သဒ္ဒါတရားရှိပြီး ပေးကမ်း လှူဒါန်းခြင်းသည်

ချစ်ဆေးမည်သည်။ စိတ်စေတနာ ကြည်လင်စွာဖြင့် ပေးကမ်းလိုက်ရခြင်းသည်ကား လောကမှာ မင်္ဂလာတပါးဖြစ်သည်။

## အလှူအစွမ်း

လှူဒါန်းပေးကမ်းခြင်း၏အစွမ်းသတ္တိသည်ကား သိကြားမင်း၊ ဗြဟ္မာမင်း၊ မာရ်မင်း၊ စကြဝတေးမင်းတို့၏ စည်းစိမ်ချမ်းသာကို ပေးနိုင်ရုံမျှမက၊ သာဝက ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်တို့ကိုလည်း ပေးစွမ်းနိုင်သည်ဖြစ်၍ အရာရာတွင်လည်း သိဒ္ဓိပြီးမြောက် အောင်မြင်ခြင်း ခရီးသို့ ရောက်နိုင်သည်၊

### ၄၃။ ကောသလမင်း လှူဒါန်းခြင်း

ဗုဒ္ဓမြတ်စွာ လက်ထက်တော် အခါတုန်းက သာဝတ္ထိပြည်ကြီးကို အုပ်စိုးသော ဘုရင်မှာ ကောသလမင်းကြီး ဖြစ်သည်။ တနေ့သောအခါ ကောသလမင်းကြီးသည် အသဒိသဒါန သူတပါးနှင့်မတူသော အလှူကြီးကို စီရင်ပြီးလျှင် ဗုဒ္ဓမြတ်စွာနှင့် သံဃာတော် ငါးရာကို ပင့်ဖိတ် လှူဒါန်းသည်။ ပြည်သူပြည်သားတို့ကိုလည်း ဖိတ်ကြားပြီးလျှင် ကြည်ညိုစေသည်။ ဝမ်းမြောက်စေသည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးလှူဖွယ် ပစ္စည်းတွေကို မြင်ကြရ၍ ကြည်ညိုပြီး သဒ္ဓါတရား အသစ်အသစ်ဖြစ်၍ အလားတူ အသဒိသ အလှူကြီးကို လှူလိုကြသည်။

## ပြည်သူ ပြည်သား အလှူကား

သာဝတ္ထိ ပြည်သူပြည်သားတို့သည် ကောသလ မင်းကြီး၏ အသဒိသ အလှူကြီးကို အားကျပြီး မင်းကြီးအလှူထက် သာလွန်

သော အသိဒိသအလှူကြီးကို စီမံပြီးလျှင် ဗုဒ္ဓမြတ်စွာနှင့် သံဃာတော် ငါးရာတို့ကို ပင့်ဖိတ် လှူဒါန်းသည်။ တရားတော်ကို နာကြသည်။ ကောသလ မင်းကြီးကိုလည်း ဖိတ်ကြားပြသသည်။ ကြည်ညိုစေသည်။ ဝမ်းမြောက်စေသည်။ ဤသို့ အလှူပြိုင်လှူကြသည်ကား ငါးကြိမ်တိုင်တိုင် ဖြစ်သည်။

ကောသလ မင်းကြီးကလည်း ပြည်သူပြည်သားတွေကို အရှုံးမပေး အညံ့မခံဘဲ သာထက်သာအောင် လှူဒါန်းသည်။ ပြည်သူပြည်သားတွေကလည်း အရှုံးမပေး အညံ့မခံဘဲ မင်းကြီးထက်သာအောင် လှူဒါန်းသည်။ မင်းကြီးအလှူနှင့်ပြည်သူအလှူမကွာခြားလှဘဲ သူမသာ ကိုယ်မသာ အပြိုင်ကြဲကြသည်။

## မင်းကြီး အရှုံးပေးရမလိုလို

ခြောက်ကြိမ်မြောက် ပြည်သူပြည်သားတို့ အလှူကြီးသည်ကား မင်းကြီးအလှူထက် အဆအရာ အဆအထောင် သာလွန်အောင် စီမံခင်းကျင်းကြသည်။ အလှူပွဲကြီးကို ကြည်ညိုရန် ကြည့်ရှုရန်လာသော ကောသလမင်းကြီးသည်ပင် ပြည်သူပြည်သားတို့၏ အလှူပွဲကြီးကိုမြင်၍ သူ့အလှူထက် သာလွန်နေသောကြောင့် စိတ်မချမ်းမသာဖြစ်နေရှာသည်။ စိတ်နှလုံးမကြည်မသာဖြစ်၍ မျက်နှာမသာမယာ နန်းတွင်းသို့ ဝင်လာသော မင်းကြီးကို မလ္လိကာ မိဖုရားမြင်၍ အကြောင်းခြင်းရာကို မေးမြန်းရသည်။

## မလ္လိကာ အစီအစဉ်

"ပြည်သူ ပြည်သားတို့ အလှူထက် သာလွန်အောင် ဘုရားနှမတော် စီစဉ်ပါ့မယ်။ ခွင့်ပြုပါ" ဟု သံတော်ဦးတင်ကာ စီစဉ်

သည်။ ဗုဒ္ဓမြတ်စွာနှင့် သံဃာတော်ငါးရာ ဆွမ်းဘုန်းပေးဖို့ မဏ္ဍပ် တန်ဆောင်းတို့ကို ဆောက်စေသည်။ ရဟန်းတပါးလျှင်ဆင်တစီး၊ ထီးဖြူတလက်၊ တဆယ့်နှစ်နှစ်အရွယ် မင်းသမီးငယ် တယောက် ယပ်ခတ်စေလျက် ဆွမ်းဘုန်းပေးစေသည်။ ဆင်ငါးရာ၊ ထီးဖြူ ငါးရာ၊ မင်းသမီးငါးရာ အစီအစဉ်များကို မလ္လိကာက စီစဉ်၍ ဆွမ်းကျွေးအလှူပွဲကြီး ကျင်းပရာ ကောသလမင်းကြီးခမြာ ဝမ်း အသာကြီးသာ၍ ပျော်မှုမဆုံး တပြုံးပြုံး ဖြစ်ရရှာသည်။

## ဖြူရှုသူနှင့် ဝမ်းမြောက်သူ

ကောသလ မင်းကြီး၏ (၁၄) ကုဋေကုန်သော အသဒိသ အလှူကြီးနှင့် ပတ်သက်၍ ကာဠအမတ်ကြီးမှာ ဖြူစူပြီးနှုမြော ဝန်တိုနေရှာသည်။ ဇုဏှ အမတ်ကြီးမှာဝမ်းမြောက် ဝမ်းသာဖြစ် နေရှာသည်။ ဒါန၏ အကျိုးကို ဗုဒ္ဓမြတ်စွာ အကျယ်ဟောလျှင် ကာဠအမတ်မှာ ဦးခေါင်းရှစ်စိတ် ကွဲမည်။ဇုဏှအမတ်မှာမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိမည်ကို သိတော်မူသော်လည်း တဂါထာကိုသာ ဟောသည်။

ဤအကြောင်းကို ဗုဒ္ဓမြတ်စွာ အမိန့်အရ ကောသလ မင်းကြီး သိရှိရ၍ ကာဠ အမတ်ကို တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။ ဇုဏှ အမတ်ကို (၇)ရက်ပတ်လုံး မင်းပြုခွင့် ပေးလိုက်သည်။ (ဓမ္မ။ ဋ္ဌ။ ၂။ ၁၁၉။ ၁၂၂)

## ၄၄။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ ကောသလမင်းကြီးနှင့် ပြည်သူ ပြည်သားတို့သည် အလှူကြီးကို ပေးလှူကြ၍ ပစ္စက္ခသံသရာ နှစ်ဖြာတို့၌ ကောင်းသောအကျိုးတို့ကို ရရှိခံစားကြရသည်။

သင်စာရှုသူ မိမိတ်ဆွေတို့သည်လည်း ပစ္စက္ခ သံသရာနှစ်ဖြာတို့၌ ကောင်းကျိုးတို့ကို ဖြစ်စေနိုင်သော အလှူကြီးတို့ကိုပေးလှူသင့်ကြသည်။သို့မှသာ "ဒါနဥ္စ" ပေးကမ်းစွန့်ကြဲခြင်း ဟူသော မင်္ဂလာနှင့်ပြည့်စုံကြပေလိမ့်မည်။

လှူဒါန်းပေးကမ်း၊ အစွမ်းလာရာ
လောကီသုခ၊ ပြည့်ဝသာယာ
ဗောဓိဆုမြတ်၊ရတတ်မှန်စွာ
အလှူပွဲ၊ အားခဲမင်္ဂလာ။

အတွဲ ၁၈၊ အမှတ် ၅၂၊ ဗုဒ္ဓမွလောက
၃၁-၅-၇၃

## ၄၅။ တရားကျင့်တာ မင်္ဂလာ

"ငါးမည်သီလ သုံးဝသုစရိုက် နှစ်ခြိုက် မှတ်သား တရားကောင်းဖြင့် ကျင့်ရခြင်းသည် တပ◌ါးမည်၏"။ ။မင်္ဂလသုတ်ပါဠိ။

လူတို့ကျင့်ဝတ် ငါးပါးသီလကိုစောင့်ထိန်းခြင်းနှင့်အကုသိုလ် ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဥ်၍ ကုသိုလ် သုစရိုက် ဆယ်ပါးကို

ပွားများခြင်းသည် တရားကျင့်ခြင်း သဘောဖြစ်၍ မင်္ဂလာမည်သည်။

ဤကဲ့သို့ တရားကို ကျင့်သော သူသည် ရှုကြည့်ချင့်စဖွယ် တင့်တယ်သောကိုယ်သဏ္ဍာန်ရှိ၍ အနာရောဂါကင်းလျက်အသက် ရှည်စွာနေရခြင်း ပစ္စည်းဘဏ္ဍာ ရတနာ ရွှေ ငွေ ဆန်ရေစပါး ပေါများ ကြွယ်ဝ၍ ရန်သူမျိုး ငါးပါးကြောင့် ပျက်ပြား ယိုယွင်း မရှိရခြင်း။ ဘဝဆုံးရှုံးသည့် နှုပ်နှိးပဏ္ဍုက်မဖြစ်ရမူ၍ မယားနှင့်လင် ကြင်နာ ချစ်ခင်စွာကိုယ်အင်္ဂါ ပြည့်စုံလျက် စိတ်နှလုံး ချမ်းမြေ့စွာ နေထိုင်ရခြင်းစသောအကျိုးပေါင်းအမြောက် အမြားကို ခံစားရတတ်သည်။

## ၄၆။ မိလက္ခတိဿဝတ္ထု

ဟိုရှေးရှေးတုန်းက ရောဟနဇနပုဒ်မှာအမျိုးသားတယောက် ရှိသည်။ သူ့အမည်မှာ မိလက္ခတိဿဖြစ်သည်။မိလက ဟူ၍လည်း ဆိုကြသည်။ သူသည် သူတပါးအသက်ကို သတ်ဖြတ်၍ အသက် မွေးမှုသည်။ ကျော့ကွင်းပေါင်းအရာ၊ ဘိယန္တရား အရာတို့ကို ထောင်ထားသည်။

## ရေနှိုလျက် ရေကိုမမြင်

တနေ့သ၌ သားကောင်ထောင်ခြင်းအလုပ်ကိုလုပ်ရင်းရေငတ် လှသဖြင့် တောနေရဟန်းတပါး၏ ကျောင်းသို့ ရေသောက်သွားသည်။ သောက်ရေအိုးကို မတွေ့ရကောင်းလားဟုရဟန်းကိုအပြစ် တင်ပြောဆိုသည်။ သောက်ရေအိုးကို ရေနှင့်တကွ တည်ထားပါ

လျက် မမြင်မတွေ့သော သူ့ကံကြမ္မာကိုကား သူ့ဟာသူ မမြင်နိုင်ဘဲ ရှိနေသည်။ မိလက္ခတိဿသည် ရဟန်းခပ်ပေးသော ရေကိုသောက်ပြီး၍ "ငါ့ကံသည် အလွန်ဆိုးနေ၏။ ရေတွေ့ အမြောက်အမြားရှိပါလျက် မတွေ့မမြင် ရှိရ၏။ ငါ့ကံကိုစွဲ၍ ရေတွေ့ပျောက်နေရုံမျှမက ရေအေးက ရေပူဖြစ်နေရ၏"ဟု ထိတ်လန့် သံဝေဂဖြစ်ရှာသည်။

## ရဟန်းပြုခြင်း

မုဆိုးမိလက္ခတိဿသည် သံသရာအပြစ်ကိုမြင်၍ ထိတ်လန့်ပြီးလျှင် တောနေရဟန်း အသံတော်၌ ရဟန်းပြုသည်။ တစပဉ္စကကမ္မဋ္ဌာန်းကို အားထုတ်သည်။ အားထုတ်သော် ငြားလည်းကောင်းသော နိမိတ်အာရုံမထင်လာဘဲ သမင် ဝက်တို့ကို သတ်ရာအရပ်နှင့်ကျော့ကွင်း ဘိုယန္တရားတွေသာ ထင်မြင်လာသည်။ ခန္ဓာကိုယ်ပူလာသည်။ စိတ်တည်ငြိမ်မှု မရဘဲရှိနေသည်။

## တရားကို အားမထုတ်နိုင်

မိလက္ခတိဿသည် ဆရာရဟန်းထံသွား၍ တရားအားထုတ်၍ မဖြစ်ကြောင်းကို လျှောက်ထားသည်။ ဆရာရဟန်းသည် "တရားအားမထုတ်နိုင်လျှင် လက်အမှုကိုပြုပါ"ဟု ပြောဆိုပြီးလျှင် ရေသဖန်း အစချိသော စိုသောအသားတို့ကို စုစေ၍ မိလက္ခတိဿကို မီးရှို့ခိုင်းသည်။ အသားတွေ စိုနေ၍ မီးရှို့မရဘဲ ဖြစ်နေသည်။ ဆရာရဟန်းက မိလက္ခတိဿကို အဖယ်ခိုင်း၍ မြေကို နှစ်ဖြာခွဲ၍

အဝိစိငရဲမှ ပိုးစုန်းကြူးမျှသော မီးကို ထုတ်၍ ထိုသစ်သားစု၌ ထည့်လိုက်သည်။

## ထင်းစိုပုံ ပြာဖြစ်တာကိုမြင်၍

ပိုးစုန်းကြူးပမာဏရှိသော အဝိစိမီးသည် ကြီးစွာသော သစ်သားစုကို ဘစ်ရွက်ခြောက်ကဲ့သို့ တခဏချင်း လောင်ကြွမ်းသည်။ ဆရာ ရဟန်းသည် မိလက္ခုတိဿအား အဝိစိငရဲမီးကိုပြ၍“အကယ်၍ သင်လူထွက်လျှင် ထိုအဝိစိငရဲ၌ဖြစ်လိမ့်မယ်”ဟု ထိတ်လန့်ခြင်းကို ဖြစ်စေသည်။ ထိုအဝိစိ ငရဲမီးကို မြင်သောအခါမှ စ၍ မိလက္ခုတိဿ ရဟန်းသည် အတော်ထိတ်လန့်သွားသည်။

## ရဟန်းပြုတာ လွတ်မြောက်နိုင်သလား

“ရဟန်းပြုတာဟာ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ပါရဲ့လား”

“ငါ့ရှင်၊ လွတ်မြောက်နိုင်ပါတယ်”

“ဒီလိုဆို တပည့်တော်အတွက် စိတ်ချပါတော့။ တရားကို အားထုတ်ပါတော့မယ်”

ဤသို့ ဆရာတပည့် အတိုင်အဖောက်ပြောဆိုပြီး မိလက္ခုတိဿသည် မနေမနား ကြိုးစား အားထုတ်သည်။ ဝတ်ပဋိပတ်ကိုပြည့်ကျင့်သည်။ သမာဓိကို ထူထောင်သည် အိပ်ချင်လာသော် စိုသော ကောက်ရိုးကို ဦးခေါင်း၌ထား၍ ခြေနှစ်ဖက်ကို ထုံးအိုင်၌ချ၍ ထိုင်သည်။

"ထကြွလုံ့လ ရှိသူသည် ငါကဲ့သို့ ဖြစ်ရာ၏။ သတိရှိသော သူသည်လည်း ငါကဲ့သို့လျှင် ဖြစ်ရာ၏။ ဆင်ခြင်ခြင်း ပြုသူသည် လည်း ငါကဲ့သို့လျှင် ဖြစ်ရာ၏" စသည်ဖြင့် မိမိကိုယ်ကိုဆောင်၍ ကြိုးစားအားထုတ်ရာ သုံးမင်္ဂသုံးဖိုလ်တည်၍ နောက်အခါ ရဟန္တာ ဖြစ်သွားသည်။ (သံ။ ၌။ ၂။ ၂၅၁။ ၂၅၃)

## ၄၇။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ မိလက္ခတိဿသည် မူလကဒုစရိုက်တွေကို လွန်ကျူး သည်၊ နောက်ဒုစရိုက်တွေကိုပယ်၍ သုစရိုက်တွေကို ဖြည့်ကျင့် သည်။ မိလက္ခတိဿ၏ တရားကျင့်ခြင်း အားထုတ်ခြင်းသည် ဓမ္မစရိယ မင်္ဂလာအစစ်ဖြစ်သည်။

သင်စာရှုသူဓမ္မမိတ်ဆွေတို့သည်လည်း မိလက္ခတိဿလိုဒုစရိုက် တရားတွေကိုပယ်၍ သုစရိုက်တရားတွေကိုဖြည့်ကျင့်သင့်ကြသည်။ သို့မှသာ "ဓမ္မစရိယ" တရားကျင့်ခြင်း မင်္ဂလာနှင့် ပြည့်စုံ ကြပေ လိမ့်မည်။

ငါးပါးသီလ၊ ထိန်းကြစောင့်ပါ
ဒုစရိုက်များ၊ ပယ်ရှားရှောင်ခွာ
သုစရိုက်မျိုး၊ လွန်ကြိုးစားရာ
တရားကျင့်၊ သိသင့် မင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၂၊ ဗုဒ္ဓဓမ္မလောက
၁၅-၆-၇၃

## ၄၈။ ဆွေမျိုးကို စောင့်ရှောက်ခြင်း

မွေးသမိခင် ကျေးဇူးရှင်ဘက်မှ၎င်း၊ မွေးသဖခင် ကျေးဇူးရှင် ဘက်မှ၎င်း၊ ခုနစ်ဆက်တိုင်အောင် တော်စပ်သော သူတို့သည် "ဤသူတို့သည် ငါတို့၏ ဆွေမျိုးတို့"ဟူ၍ သိအပ်ကုန်သော ကြောင့် ဆွေမျိုးတို့မည်ကုန်၏။ ထိုဆွေမျိုးတို့ကို စောင့်ရှောက် ခြင်း၊ ချီးမြှင့်ခြင်း၊ ပေးကမ်းခြင်းများသည်မင်္ဂလာမည်၏။ဤသို့ မင်္ဂလာဖြစ်အောင် ဆွေမျိုးတော်စပ်သူတို့ကို ကူညီ စောင်မကြရ သည်။ တတ်နိုင်သလောက် အားပေးကြရသည်။

### ရှေးထုံးစဉ်လာပါ

ဆွေမျိုးတို့ကို စောင့်ရှောက်တာဟာရှေးထုံးစဉ်လာဖြစ်သည်။ ဘုရား အလောင်း တော် များ သည် လူသား ဘဝများ၌၎င်း၊ တိရစ္ဆာန်ဘဝများ၌၎င်း၊ ဆွေမျိုးတို့ကို ဂရုတစိုက်ကိုယ်ဘိရင်ဘိ စောင့်ရှောက်တော်မူသည်။ ဤကဲ့သို့သော အလောင်းတော်များ ၏ ဆွေမျိုးတို့ကို စောင့်ရှောက်ခြင်း ရှေးထုံးစဉ်လာကို ဗုဒ္ဓသာ သနာဝင်များအနေဖြင့် လိုက်နာကျင့်သုံးသင့်သည်။ဗုဒ္ဓသာသနာ ဝင်ပီပီ ဆက်လက် ထိန်းသိမ်းသင့်သော အစဉ်အလာကောင်း မင်္ဂလာ တခုဖြစ်သည်။

## ၄၉။ ခွေးမင်းအကြောင်း

ဟို ရှေးရှေးတုန်းက ဘုရားအလောင်းတော်သည် ကံဇာတာ ညှိုး၍ ခွေးမျိုးမှာ ဖြစ်တော်မူသည်။ ဗာရာဏသီပြည် သုသာန် စရပ်မှာ ခွေးအပေါင်း ခြံရံလျက်နေသည်။ဗာရာဏသီ ဘုရင်မင်း

သည် နေ့အဖို့၌ ဉယျာဉ်ကစား ထွက်တော်မူ၍ ညဉ့်အခါ၌ ရထားတို့ကို မင်းယင်ပြင်၌ ချွတ်ထားပြီး နန်းတွင်းသို့ ဝင်တော်မူသည်။ နန်းတွင်း၌နေသော ခွေးတို့သည် မင်းယင်ပြင်၌ချွတ်ထားသော ရထားတို့မှ ရထား၏ အရံအကာ သားရေ၊ သားရေလွန်တို့ကို စားကြသည်။

## ခွေးမြင်သမျှ သတ်စေ

နံနက်လင်းသောအခါ လူတို့က မင်းကို ဤသို့သံတော်ဦးတင်ကြသည်။ "အရှင်မင်းကြီး၊ ရထား၏ သားရေတို့ကို မြို့တွင်းမှ ခွေးတို့သည် ပြွန်ပေါက်မှဝင်ကုန်၍ စားကြပါကုန်၏"

ဤစကားကိုကြား၍ မင်းသည် ခွေးတို့ကို ဒေါသဖြစ်၍ "မြင်တိုင်း မြင်တိုင်းသော မြို့တွင်းခွေးတို့ကို တွေ့ရာအရပ်၌ သတ်ကြစေ"ဟု အမိန့်တော်မှတ်သည်။ တွေ့တိုင်းတွေ့တိုင်းသော မြို့တွင်းခွေးတို့ကို လူတို့က သတ်ကြသည်။

အပြစ်ကင်းမဲ့သော သုဿာန်ရှိ ခွေးတို့ကို သတ်ဖြတ်တော့ရာ ခွေးအပေါင်းက ဘုရားအလောင်း ခွေးမင်းကိုအကျိုးအကြောင်း ဖော်ပြ၍ တိုင်တန်းကြသည်။ ဘုရားအလောင်းတော် ခွေးမင်းသည် ဤကိစ္စနှင့်ပတ်သက်၍ အကြိမ်ကြိမ် စဉ်းစားသည်။ အပြစ်မဲ့သော ဆွေမျိုးခွေးတို့ကို တွေ့ရာအရပ်မှာ သတ်နေခြင်းသည် တရားမဲ့လွန်းသည်။ဆွေတော်မျိုးတော်တို့ကိုတော်နိုင်သလောက် ကယ်တင်ရန် ဆုံးဖြတ်ချက်ချမှတ်ထားသည်။

## ဘုရင်မင်းနှင့် သွားတွေခြင်း

ဘုရားအလောင်းတော်သည် ပါရမီတို့ကို ဆင်ခြင်၍ မေတ္တာဘာဝနာကို ရှေ့သွားပြုပြီး "ငါ၏ ကိုယ်ပေါ်၌ တစုံတခုသောခဲ, တုတ်စသည် မကျရောက်ပါစေသား" ဟု အဓိဋ္ဌာန်၍ မြို့တွင်းလမ်းမှစ၍ မင်း၏ တရားဆုံးဖြတ်ရာ ရုံးအောက်မှာ ဝင်နေသည်။ ခွေးဝင်လာ၍ အားလုံးမင်းချင်း ယောကျ်ားတွေ အလုပ်ရှုပ်သွားသည်။ ဖခွေးကို မောင်းထုတ်ကြသည်။

ဘုရားအလောင်းတော် ခွေးက ဘုရင်မင်းကိုမြင်၍ ရှိခိုးအသနားခံသည်။

"အရှင်မင်းမြတ်၊ ခွေးတွေကို တွေ့ရာမှာ သတ်တယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်၏"

"ဘယ်အပြစ်ကြောင့်ပါလဲ"

"ငါမင်းမြတ်၏ ရထားမှ သားရေတို့ကို စားလို့ပေါ့"

"ဘယ်ခွေးတွေ စားပါသလဲ"

"မြို့တွင်းခွေးတွေ စားတာပေါ့"

"မဟုတ်ပါဘုရား၊ အရှင်မင်းကြီး၏ နန်းတွင်းခွေးတွေ စားတာပါ"

"အထောက်အထား ခိုင်လုံအောင် ပြစမ်း" ဟု ဘုရင်မင်းက ခွေးကို အမိန့်ပေးသည်။

## သားရေတွေ အံထွက်ခြင်း

အလောင်းတော် ခွေးမင်းသည် နန်းတွင်း ခွေးတို့ကို ခေါ်စေ၍ နို့ရည်၊ ရက်တက်ရည်၊ မြေဇာမြက်တို့ကို နန်းတွင်းခွေးတို့

အား တိုက်ကျွေးရာ သားရေဖတ်တွေ အံထွက်လာသည်။ တနန်းတော်လုံး အံ့အားသင့်ကုန်ကြသည်။ သဗ္ဗညု ဘုရားတမျှ ခွေးမင်း၏ အဆင်ခြင်ဉာဏ်ပညာနှင့်, ချီးကျူး မကုန်နိုင်သော ဂုဏ်ကျေးဇူးတို့အတွက် အားလုံး စိတ်ဝင်စားလာကြသည်။

## ထီးဖြူမိုးပေးခြင်း

အလောင်းတော်ခွေး၏ ဉာဏ်ပညာကို ကြည်ညို၍ ဘုရင်မင်းက ထီးဖြူမိုးပေးသည်။ အလောင်းတော် ခွေးမင်းက ထီးဖြူအောက်မှာနေ၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ တိုင်းပြည်အုပ်ချုပ်ဖို့အကြောင်းနှင့်ငါးပါးသီလကိုခါးဝတ်ပုဆိုး၊ထမိကဲ့သို့ စောင့်ရှောက် ထိန်းသိမ်းဖို့အကြောင်းကိုဟောကြားသည်။ဘုရင်မင်းမြတ်က ကြည်ညို၍ မိမိစားတော်ပွဲနှင့် အတူ ခွေးမင်းအား နိစ္စဘတ် ထမင်းဖြင့် ပူဇော်သည်။ တိရစ္ဆာန်သတ္တဝါ အများတို့အား ဘေးမဲ့ပေးသည်။ အားလုံးသော တိုင်းသူပြည်သားတော့ဟာ ခွေးမင်းအဆုံးအမအတိုင်း နေထိုင်ကြသည်။ အနှစ်တသောင်း နှစ်ထောင်တိုင်တိုင် ခွေးမင်းအဆုံးအမ တည်သည်။ သို့အတွက် မန်လည် ဆရာတော်က “ခွေးမင်းတရား တည်ငြားလူ့ဘောင် သောင်းနှစ်ထောင်တည်း”ဟု မဃဒေဝ လင်္ကာသစ်၌ ဆိုထားသည်။ (ဇာတက။ ၄။ ၁။ ၁၉၁။ ၁၉၃)

## ၅၀။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ တိရစ္ဆာန်ဖြစ်သော အလောင်းတော် ခွေးမင်းသည် ခွေးမျိုး ခွေးတို့ကို စောင့်ရှောက်သည်။ အလောင်းတော်

ခွေးမင်း၏ ဆွေမျိုးတို့ကိုချီးမြှောက် ထောက်ပံ့ခြင်းသည် မင်္ဂလာအစစ်ဖြစ်သည်။

သင်စာရှုသူ မမြမိတ်ဆွေ တို့သည်လည်း ဒ၊လောင်းတော်ခွေးမင်းလို ဆွေမျိုး ဉာတကာတို့ကို ချီးမြှောက် စောင့်ရှောက်ထောက်ပံ့သင့်ကြသည်။ သို့မှသာ "ဉာတကာနဉ္စ သင်္ဂဟော" ဆွေမျိုးတို့ကို ထောက်ပံ့ရခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

လောင်းတော် ခွေးမင်း၊ စောင့်ခြင်းမင်္ဂလာ
ဆွေမျိုးအတွက်၊ အသက်စွန့်ကာ
ရှင်းလင်းတင်ပြ၊ ဒွိဟ ကင်းကွာ
ဆွေမျိုးများ၊ ထောက်ထား စောင့်ရှောက်ရာ။

အတွဲ ၁ဂ၊ အမှတ် ၂ဂ၊ ဗုဒ္ဓမေလောက
၅-၁၂-၇၅

## ၅၁။ အပြစ်မရှိအောင် နေကြဖို့

အပြစ်ကင်းစင်သော အသက်မွေးဝမ်းကြောင်း မျက်မှောက်စီးပွားရေးကို အနှောင့်အရှက်မရှိသော မင်္ဂလာဟု နောက်မှာပြခဲ့ပြီ။ ယခုအပြစ်မရှိအောင်နေတာ မင်္ဂလာဟု ရေးသားရသည်။ သံသရာ စီးပွားရေး၊ လောကုတ္တရာ စီးပွားရေး၌ အပြစ်မရှိသောအလုပ်သည် မင်္ဂလာတပါးဖြစ်သည်။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလ စသည်ကို စောင့်ထိန်းခြင်း၊ လမ်းခင်းခြင်း၊ ပြုပြင်ခြင်း၊

အများမှီခို သုံးစွဲရန် သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် စိုက်ပျိုး လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ စာသင်ကျောင်း၊ စာကြည့် တိုက်၊ ဆေးရုံ၊ တက္ကသိုလ်ကျောင်းကြီးများ ဆောက်လုပ် လှူဒါန်းခြင်း၊ တိုင်းပြည်မြို့ရွာ စည်ပင်သာယာအောင် ဆောင် ရွက်ခြင်း စသည်တို့ကို အပြစ်မရှိအောင် နေခြင်း၊ လုပ်ကိုင်ခြင်း တို့ဖြစ်၍ မင်္ဂလာဟု ဆိုကြသည်။

## ၅၂။ ပုရောဟိတ် ဝတ္ထု

ဟို ရှေးရှေးတုန်းက ဗာရာဏသီတိုင်းပြည်မှာ ရှင်ဘုရင်တဦး တိုင်းပြည် အုပ်စိုးနေသည်။ ထိုဗာရာဏသီ မင်းသည် ဒါန၊ သီလ ဥပုသ် အမှုကိစ္စတို့၌ ဝါသနာရှိသည်။ လှူဒါန်းသည်။ ငါးပါး သီလမြဲသည်။ ဥပုသ်နေ့တို့၌ ရှစ်ပါး ဆယ်ပါး ဥပုသ်သီလတို့ကို စောင့်သုံးသည်။ မိမိပတ်ဝန်းကျင် ပရိသတ်ကိုလည်း ကောင်း သောအမှုတို့ကို ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်သည်။

### လာဘ်စားသော ပုရောဟိတ်

ထိုမင်း၏ တရားစီရင်ရာ၌ ထားသော ပုရောဟိတ်သည်ကား လာဘ်စားသည်။ မင်း၏အလိုသို့လိုက်၍ ဥပုသ်လည်း ဆောက် တည်သည်။ ပုရောဟိတ်သည် တခုသော ဥပုသ်နေ့၌ နေ့အခါ လာဘ်စား၍ တရားစီရင်ပြီး မင်းအား ခစားရန် သွားသည်။ "ဆရာ သင်ယနေ့ ဥပုသ်ဆောက်တည်ရဲ့လား"

"ဆောက်တည်ပါ၏"ဟု မုသားဆို၍ ပြာသာဒ်မှ ဆင်းသွား သည်။ ထိုပုရောဟိတ်ကို အမတ်တယောက်က "ဆရာ၊ ယနေ့ ဆရာ့မှာ ဥပုသ်မရဘူး မဟုတ်လား"ဟု မေးသည်။

"ငါသည် နေ့အခါ၌စား၍ ညဥ့်အခါ၌ ဥပုသ်စောင့်မည်"ဟု ပြော၍ အိမ်ပြန်ပြီးလျှင် ပြောဆိုသည့်အတိုင်း ခံတွင်းကို ဆေး၍ ထက်ဝက်သော ညဥ့်ဥပုသ်ကို ဆောက်တည်သည်။

## ပုရောဟိတ်၏ ကုသိုလ်

ထိုအခါ တခုသော ဥပုသ်နေ့၌ အမျိုးသမီးတယောက်သည် သီလဖြင့် အမြဲနေထိုင်သူဖြစ်ရာ တရားရုံးသို့ ကိစ္စတခုဖြင့် လာသည်။ ကိစ္စပြီး၍ အိမ်ပြန် ထမင်းစားဖို့ အချိန်မရဘဲ ဖြစ်နေရာ ပုရောဟိတ်က "ဤသရက်သီးကိုစား၍ ဥပုသ်ဆောက်တည်ပါလော့"ဟုဆို၍ သရက်သီးကိုပေးသည်။ ဤသို့သရက်သီးကို သီလစောင့်သူ အမျိုးသမီးအား ပေးလှူရခြင်းသည် ပုရောဟိတ်၏ ကုသိုလ်ကံပင် ဖြစ်ချေသည်။

## နေ့ခံညစံ သူ၏ကံ

ကုသိုလ်, အကုသိုလ် ဒွန်တွဲ၍ လုပ်ခဲ့သော ပုရောဟိတ်သည် ကွယ်လွန်သောအခါ ဟိမဝန္တာအရပ် ဂင်္ဂါမြစ်၌ သုံးယူဇနာ ရှိသော သရက် ရွှေဗိမာန်၌ ဝေမာနိက ပြိတ္တာဖြစ်ရသည်။ နတ်သမီးတသောင်း ခြောက်ထောင် အခြံအရံရှိသည်။ ထိုဝေမာနိက ပြိတ္တာသည် ညဥ့်အခါ၌သာ စည်းစိမ်ကို ခံစားရ၍ အရုဏ်ကျင်း အလင်းရောက်လတ်သော် သရက်တောသို့ ဝင်ရသည်။ သရက် တောသို့ဝင်သော ခဏ၌သာလျှင် နက်၏ကိုယ်ကွယ်၍ အတောင် ရှစ်ဆယ် ထန်းပင်ပမာဏရှိသော ခန္ဓာကိုယ် ဖြစ်ပေါ်လာရသည်။

ခန္ဓာကိုယ်မှ မီးအလျှံ တပြောင်ပြောင် တောက်ပသည်။ ပြိတ္တာကိုယ်သည် ပေါက်ပန်းပွင့်သဏ္ဍာန် ဖြစ်နေသည်။ လက်နှစ်ဖက်တို့၌ လက်ချောင်းတခုစီသာ ဖြစ်ရကုန်၏။ လက်ချောင်းတို့၌ လက်သည်းတို့သည် ပေါက်တူးပမာဏ ရှိကုန်၏။ ထိုပြိတ္တာသည် မိမိလက်သည်းဖြင့် ကျောက်ကုန်းသားကိုခွာ၍ စားနေရကာ ဒုက္ခရောက်နေရှာသည်။ နေဝင်သော် ပြိတ္တာကိုယ် ကွယ်၍ နတ်ခန္ဓာကိုယ် ဖြစ်ရပြန်သည်။

နတ်သမီးတွေ ခြံရံလာသည်။ အတီးအမှုတ် အကအခုန်တို့ဖြင့် ဖျော်ဖြေကြရသည်။ ထိုစည်းစိမ်ကို မငြီးနိုင်အောင် ခံစားပြီး၍ ပြဿာဒ်သို့ တက်ရောက်သည်။ အရုဏ်ကျင်း၍ အလင်းရောက်ပြန်သော် ပြိတ္တာကိုယ် ဖြစ်ရပြန်သည်။

## အရင်းစစ် အမြစ်မြေက

ဤသို့ ဆိုသူသည် ဥပုသ်ဆောက်တည်သော အမျိုးသမီးအား သရက်သီးအလှူ၏ အကျိုးဆက်အားဖြင့် သုံးယူဇနာရှိသော သရက်တောကိုရသည်။ လာဘ်စား၍ တရားစီရင်ခြင်းကိုပြုသော မကောင်းမှု၏ အကျိုးဆက်အားဖြင့် ကျောက်ကုန်းသားကိုခွာ၍ စားရသည်။ ထက်ဝက်မျှ ဥပုသ်ဆောက်တည်သော ကောင်းမှုကံ၏ အကျိုးဆက်အားဖြင့် ညဉ့်၌ များစွာသော စည်းစိမ်ကို ခံစားရသည်။ (ဇာတက။ ၄။ ၅။ ၁၊ ၂)

## ၅၃။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ ပုရောဟိတ်သည် အပြစ်ကင်းစင်သော သရက်သီးကို လှူသည်။ ထက်ဝက်သောဥပုသ်ကို ဆောက်တည်သည်။ ဤသို့

သရက်သီးကို လှူခြင်း၊ ထက်ဝက်သော ဥပုသ်ကို ဆောက်တည်ခြင်းသည် အပြစ်မရှိသောကြောင့် မင်္ဂလာမည်သည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ဗာရာဏသီ မင်းလိုကိုယ်တိုင်လည်း ဒါနပြု၊ သီလဆောက်တည်၍ မိမိပတ်ဝန်းကျင်ပရိသတ်ကိုလည်း မိမိဘက်ပါအောင် ဆွဲဆောင်၍ လှူစေသင့်၊ သီလဆောက်တည် စေသင့်ကြသည်။ အကျိုးများသော အပြစ်မရှိအောင်နေခြင်း၊မင်္ဂလာကိုလက်တွေ့ကျင့်သုံးအကောင်အထည်ဖော်သင့်ကြသည်။ သို့မှသာ "အနဝဇ္ဇာနိ ကမ္မာနိ" အပြစ် မရှိအောင် နေထိုင်ခြင်း မင်္ဂလာနှင့် ပြည့်စုံကြ ပေလိမ့်မည်။

လောကစီးပွား၊ ကြိုးစားဖွေရှာ
လောကုတ်အကျိုး၊ ပွားတိုးစေကာ
အပြစ်လွတ်ကင်း၊ သန့်ရှင်းဖြာဖြာ
လုပ်ဆောင်ချက်၊ ကျမ်းထွက် မင်္ဂလာ။

အတွဲ ၁၈၊ အမှတ် ၃၂၊ ဗုဒ္ဓမေတ္တာလောက
၃-၁၂-၇၃

## ၅၄။ မကောင်းမှုမှ ရှောင်ဖယ်ခွာ

မင်္ဂလာတရားတော် (၃၈)ဖြာမှာ ပါပအာရတိ၊ ပါပဝိရတိဟု မင်္ဂလာနှစ်မျိုးလာရှိသည်။စိတ်ဖြင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းသည် ပါပအာရတိ မင်္ဂလာ ဖြစ်သည်။ကိုယ်နှုတ်နှစ်ပါးဖြင့် မကောင်းမှုကို ရှောင်ကြဉ်ခြင်းသည် ပါပဝိရတိ မင်္ဂလာဖြစ်သည်။

## ပါပအာရတိ

ပုထုဇဉ် သတ္တဝါမှန်သမျှတို့သည် ကာမဂုဏ်တရားအာရုံများ နှင့် တွေ့သောအခါ အစေးရှိသော သစ်ပင်ကို ခုတ်ထစ်လိုက်လျှင် ထိုထစ်ခုတ်ရာမှ အစေးတွေ ယိုစီး၍ တဒီးဒီး ကျလာဘိသကဲ့သို့ မျက်စိ၊ နား၊ နှာခေါင်းစသော ဒွါရခြောက်ပါးခန္ဓာကိုယ်တံခါး ကြီးများမှ အာသဝေါတရားတို့ တဖွားဖွားစီး၍ ကျလာတတ် သည်။

သို့အတွက် မိမိခန္ဓာကိုယ်ကိုကြိုတာဘဝတသက်လျှာတမျက်နှာ လောက်ကလေးကိုသာမကြည့်ဘဲ နောက်နောင်အရေးတွေးခေါ် မြော်မြင်ကြလျက် လောကီရေး၌သာ အားပေးမနေသင့်ကြပေ။ နောင်သံသရာရေးအေးချမ်းဖို့ကိုလည်း ပြုပြင် ဖန်တီး၍ ကြီးလေး လှသော အကုသိုလ် အပြစ်မကောင်းမှုတွေကို ရှောင်ကြဉ်သော အားဖြင့် "ပါပအာရတိ"မင်္ဂလာနှင့် ပြည့်စုံအောင် နေထိုင်သင့် ကြသည်။

## ပါပဝိရတိ

မည်သူမဆို သတ္တဝါတို့သည် ကိလေသာ အာရုံနှင့် တွေ့ကြုံ သောအခါ ပုထုဇဉ်တို့ဖြစ်တတ်သော သဘောကို စုန်မျှောမလိုက် ကြမူ၍ စိတ်မှုကိုကိုပယ်ရှားကာ အထူးအားဖြင့် ကိုယ်နှုတ်မကောင်း ကျူးမိအောင် အထူးရှောင်ကြဉ်ခြင်းသည် 'ပါပဝိရတိ' မင်္ဂလာ ဖြစ်သည်။

ပုထုဇဉ်တို့ သဘောသည် အာရုံကို မတွေ့ကြုံမီ ရှောင်ကြဉ်လို သော ဆန္ဒရှိပါသော်လည်း အကြိုက်အာရုံနှင့် တွေ့ကြုံဆုံဆည်း သောအခါ လွန်စွာ ရှောင်ကြဉ်နိုင်ခဲသည်။ ဤခေတ်ကြီးအတွင်း မှီတင်းနေထိုင်ကြသူ လူရှင်အပေါင်းတို့မှာ ပါပဝိရတီ မင်္ဂလာ ဖြစ်ထွန်းအောင် မဆောက်တည်နိုင် လက်တွေ့အကောင်အထည် ဖော်၍ မကျင့်သုံးနိုင်ကြသည့်အတွက် တနေ့ထက်တနေ့ရာဇဝတ်မှု အကြီးအသေးတို့မှာ တခုပြီးတခု တိုးပွားများပြားလာရသည်။

၅၅။ ဇဂ္ဂနညီနောင်

ဟို ရှေးရှေးတုန်းက သီဟိုဠ်ကျွန်းမှာ ဇဂ္ဂနမည်သော အမျိုး သားတယောက်ရှိသည်။ သူ၏ အမေမှာ သူငယ်စဉ်ကပင် ရောဂါ စွဲကပ်နေသည်။ ဆေးသမားက ယုန်သားစို ရအောင် အရှာခိုင်း သည်။ ယုန်သားစိုရမှသာ သင့်အမေရောဂါပျောက်မည်ဟုပြော သည်။ အကိုဖြစ်သူကလည်း ညီဖြစ်သူ ဇဂ္ဂနကို ယုန်သားရှာဘို့ တောသို့ လွှတ်လိုက်သည်။

## ယုန်ရှာထွက်ခြင်း

ဇဂ္ဂန စဉ်းစားရှာသည်။ အကိုကလည်း ယုန်သားရှာဘို့တော သို့ လွှတ်ထားသည်။ ဆေးသမားကလည်း ယုန်သားအစိုရမှ အမေ ရောဂါ ပျောက်ကင်းမှာ ပြောနေသည်။ "အကိုကြီးတော့ အဖ အရာ" ဆိုထားတဲ့အတိုင်း အကိုစကားကို နားထောင်ကာ လယ် တောသို့ ယုန်သားရှာ ထွက်လာသည်။ အချို့ရှာ သကာတွေ့ ဆိုတာလို ယုန်ငယ်တကောင်သည် ကောက်ပင်နုနုကို စားဖို့ရာ

ထွက်လာသည်။ ယုန်ရှာလာသူဇဂ္ဂနနှင့် ပက်ပင်းပါတွေ့နေသည်၊ ယုန်ငယ်သည် ဇဂ္ဂနကိုတွေ့၍ ထိတ်လန့် ကြောက်ရွံ့ပြီး ခတ်သုတ်သုတ် တောစပ်သို့ ပြေးသည်။

## ဝမ်းသာလိုက်တာ

ဇဂ္ဂနသည် ယုန်ကိုမြင်လိုက်ရ၍ ဝမ်းသာသွားသည်။ ဝမ်းမသာဘဲ နေပါမလား၊ သူလိုချင်တာ တွေ့နေတာကိုး။ ယုန်ငယ်သည် ကြောက်အားလန့်အားနှင့်တအားကုန် ခြေကုန်သုတ်ပြေးရာ နွယ်တခုဖြင့် ငြိနေသည်။ ယုန်တို့ဘာသာ ဘာဝ ကြောက်လန့်လှသဖြင့် "ကိုရိ၊ကိုရိ"ဟု အသံပြုရင်း မပြေးနိုင်ဘဲဖြစ်နေသည်။ ဇဂ္ဂနလက် ဝကွက်အပ်ရတော့မလို ဖြစ်နေသည်။ဇဂ္ဂနသည် လျှင်သောအဟုန်ဖြင့် ယုန်ငယ်ကို ဖမ်းဆီးလိုက်သည်။အမေကိုဆေးဝါးကုသဖို့ ဆေးပစ္စည်းတော့ ရပြီဟု ဝမ်းအသာကြီးသာသွားသည်။

## ယုန်တော့သေစေ၊ ငါ့အမေရှင်စေ

ဇဂ္ဂနသည် အလေးအနက် စဉ်းစားသည်။ "ဤယုန်ငယ်ကို သတ်၍ ငါ့အမေကိုဆေးကုအံ့၊ တော်ပါ့မလား။ သူ့ကိုသတ်၍ ငါ့အမေကို ဆေးကုခြင်းဟာဖြင့် မသင့်လျော်ဘူး" ဤသို့အကြိမ်ကြိမ် စဉ်းစားပြီးလျှင် ယုန်ငယ်ကို လွှတ်ပစ်ဖို့ ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

"ကိုင်း မင်းဟာဖြင့် ကောက်ပင်နုနုကိုစား၍ ရေကိုသောက်ပြီးလျှင် သားမယားနှင့် ပျော်ပါးစွာ နေပေတော့"ဟု ဆို၍ ယုန်ငယ်ကို လွှတ်လိုက်သည်။ ယုန်ငယ်သည် ဇဂ္ဂနလက်မှ လွတ်လျှင် လွတ်ခြင်း တောသို့ ပြေးဝင်သည်။

## သစ္စာဖြင့် ကုသခြင်း

ဇဂ္ဂနအိမ်ရောက်လျှင် ရောက်ခြင်း အရှိုဖြစ်သူကိုအကြောင်းစုံ ပြောဆိုရာ အကိုဖြစ်သူကလည်း ယုန်ကို လွှတ်ပစ်ရပါမည်လားဟု ဆဲရေးတိုင်းထွာ အပြစ်တင်သည်။ ဇဂ္ဂနသည် "အကြင်အခါမှစ၍ သူ့အသက်ကို ငါသည်မသတ်စဖူး။ ထိုသဘောမှန်ပါလျှင် ငါ့အမေ ရောဂါ ပျောက်ကင်းပါစေသား" ဟု သစ္စာဆိုသောခဏ၌ အမေရောဂါ လုံးဝပျောက်ကင်းသွားသည်။(အဘိ။ဋ္ဌ။၁။ ၁၄၆၊ ၁၄၇) (စက္ကန၊ ဆဋ္ဌမူ)

### ၅၆။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ ဇဂ္ဂနသည် သူ့အသက်သတ်ခြင်း အကုသိုလ်မကောင်းမှုကို ရှောင်ကြဉ်သည်။ရှောင်ကြဉ်၍မှန်ကန်ရာကိုသစ္စာဆိုသည်။ ဤရှောင်ကြဉ်ခြင်း သစ္စာဆိုခြင်းသည် မင်္ဂလာဖြစ်သည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ဇဂ္ဂနလို မကောင်းမှုအကုသိုလ်ကိုရှောင်ကြဉ်သင့်ကြသည်။သို့မှသာ "အာရတိ ဝိရတိ ပါပါ" မကောင်းမှု အကုသိုလ်ကို ရှောင်ကြဉ်ခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

စိတ်ဖြင့်ရှောင်က၊ ပါပအာရတိ
ကိုယ်နှုတ်နှစ်ဝ၊ ရှောင်က ဝိရတိ
မကောင်းမှုများ၊ ရှောင်ရှားသင့်ပြီ
ရှင်တော်မြတ်၊ ဟောလတ်ကျင့်သင့်သည်

အတွဲ ၁၈၊ အမှတ် ၃၄၊ ဗုဒ္ဓဓမ္မလောက
၁၈-၁-၇၃

## ၅၄။ လူ့သိက္ခာဖျက် အရက်ရှောင်ခွာ

လူသားတိုင်း ငါးပါးသီလ လုံခြုံလျှင် လူပြန်ဖြစ်နိုင်သည်။ နတ်ပြည်၌ ဖြစ်နိုင်သည်။ အသက်ရှည်နိုင်သည်။ ဥစ္စာပေါများနိုင်သည်။ ရုပ်ရေအဆင်းလှပနိုင်သည်။ ခံတွင်း သန့်ရှင်းနိုင်သည်။ လူတော် လူကောင်းဖြစ်နိုင်သည်။ လူ့သိက္ခာကို ထိန်းသိမ်းနိုင်သည်။ငါးပါးသီလလူ့သိက္ခာမှာပါသော အရက်သေစာသောက်စားခြင်းသည် ပစ္စုပ္ပန်မှာလည်း မကောင်း၊ သံသရာမှာလည်း နစ်မွန်းနိုင်သည်။ ဗုဒ္ဓမြတ်စွာ စက်ဆုပ်တော်မူသော အလုပ်လည်း ဖြစ်သည်။

### မူးယစ်သောက်စား အပြစ်များ

မူးယစ်သောက်စားသောသူ ကွယ်လွန်သွားလျှင် အပါယ်ငရဲ၌ ဆင်းရဲဒုက္ခ ခံစားရသည်။ ပြိတ္တာဘုံမှာ ဆင်းရဲဒုက္ခ အမျိုးမျိုးတို့နှင့် တွေ့ကြုံရတတ်သည်။ တိရစ္ဆာန်ဘုံမှာ အငတ်ငတ်အပြတ်ပြတ် အစားအစာ ငတ်မွတ် ခေါင်းပါးရသည်။ ဘဝပေါင်းများစွာ အပါယ်ဘုံမှာ ဆင်းရဲဒုက္ခ ရောက်ရတတ်သည်။

မူးယစ်သောက်စားသော သူများသည် လက်ငင်းသေရည်သေရက် သောက်စားသောခဏ၌ပင် လူရူးအဖြစ်သို့ ရောက်ရသည်။ အရက်ကြောင့် ရောဂါဝေဒနာ အကြီးအကျယ် ရတတ်သည်။ အသက်တိုတတ်သည်၊ ကောင်းသော ကျော်စောသတင်းကင်းမဲ့တတ်သည်။ မပြုလုပ်သင့်သော မကောင်းမှုတို့ကို ပြုလုပ်လွန်ကျူးမိတတ်သည်။ရှိသေကိုင်းရှိုင်းထိုက်သောပုဂ္ဂိုလ်တို့၌အရိုအသေ ကင်းမဲ့၍ ပြစ်မှားစော်ကားမိတတ်သည်။ပင်ကိုယ် ဉာဏ်အမြင်ကို ဖောက်ပြန်ပျက်ပြား ယုတ်လျော့စေတတ်သည်။

မိမိ၏ ကိစ္စတာဝန်ဖြစ်သော အလုပ်အကိုင်ကို ယေစ်ဟင်း ပျက်စီးစေတတ်သည်။ အရက်ဖိုး နှိပ်စက်၍ ဆင်းရဲနွမ်းပါး လူ့ အောက်တန်းစားဖြစ်ရတတ်သည်။ လူကြီး လူကောင်းတို့၏ ယုံကြည် အားထားမှုကို ပျက်ပြားစေတတ်သည်။ မိဖဆွေမျိုးသား ချင်းတို့၏ မထေမဲ့မြင်ပြုမှုကို ခံရတတ်သည်။ အရက်သမား၏ သားဘဲ၊ သမီးဘဲဟု လက်ညှိုးထိုးခံရတတ်သည်။ အရက်သမား၏ သားသမီးများသည် နေရာတကာ မျက်နှာငယ်၍ စိတ်ဆင်းရဲ တတ်သည်။ အရက်သည် သားစဉ်မြေးဆက် တိုင်အောင် ပျက်စီး စေနိုင်သည်။

## အရက်သေစာ ရှောင်ကြဉ်ပါ

အရက်သေစာကို ရှောင်ကြဉ်သောသူသည် အထက်ပါအပြစ် များ မကျရောက်ရုံမျှမက ဗုဒ္ဓမြတ်စွာ အလိုတော်ကျ သမာဓိ ရှိအောင် နေထိုင်နိုင်သော လူတော်လူကောင်းတယောက်အဖြစ် ဗုဒ္ဓသာသနာဝင်များက အသိအမှတ်ပြုကြသည်။ လူ့စည်းကမ်းကို ထိန်းသိမ်း၍ လူချော်လူရှော်အဖြစ်မှ လွတ်ကင်းပြီး စစ်မှန်သော လူသားတယောက်အဖြစ် စာရင်းဝင်အောင် နေထိုင်သင့်သည်။

ဤကဲ့သို့ အရက်၏ အပြစ်များကို သိရှိအောင် လေ့လာ၍ မူးယစ် သောက်စားခြင်းကို မဖြင်မနေ ရှောင်ကြဉ်သင့်ကြသည်။ မူးယစ်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းကိုလူသုံးပါးတို့၏ ဆရာ ဗုဒ္ဓမြတ်စွာက မင်္ဂလာ (၃၈) ဖြာမှာ တပါးသော မင်္ဂလာအဖြစ် ဟောကြားတော်မူခဲ့သည်။

## ၅၈။ သားသတ်ဘုရင် ဝတ္ထု

ဟို ရှေးရှေးတုန်းက တိုင်းပြည်တခု၏ အကြီးအကဲလုပ်သူ ဘုရင်တဦးသည် တိုင်းသူပြည်သားတို့အား လူတို့ ဥပုသ်စောင့်ကြသော ဥပုသ်နေ့တို့၌ သားငါးမသတ်ရဟု အမိန့်ထုတ်ထားသည်။ သူကိုယ်တိုင်ကား အသားမပါသောဟင်းဖြင့် ပွဲတော် မတည်နိုင်ဟူ၏။ မူးယစ်စေတတ်သော အရက်ကိုလည်း အမြဲသောက်သည်။ စားတော်ကဲသည် ကြိုတင်၍ အမဲသားကို ဝယ်ထားရသည်။ အထားအသိုနေရာမကျ၍ ဝယ်ထားသော အမဲသားကို ခွေး တကောင်စားသွားသည်။ ဥပုသ်နေ့ ပွဲတော်အတွက် အမဲသားရဖို့ အခက်အခဲကြုံနေသည်။

### သားပြ၍ ပွဲတော်ပို့နိုင်း

"မမရေ၊ ကျွန်တော့်မှာဒုက္ခတွေ့ အခက်ကြုံနေပြီ၊ ယမန်နေ့က ကြိုတင်ဝယ်ထားသော အမဲသားကို ခွေးစားသွားပါတယ်။ ယခု ဘယ်လိုလုပ်ရမယ် မသိဘူး"

"ဒီလိုလုပ်ပါလားကွ၊ မင့်ဆရာက သားသားကို သိပ်ချစ်တာ ပွဲတော်စာ အပို့သွားသောအခါ သားတော်ကလေးကို ခေါ် သွားပါလား"

"ကောင်းသားဘဲမမ"ဟု မိဖုရားကြီးနှင့် စားတော်ကဲတို့ တိုင်ပင် ပြောဆိုပြီး သားတော်ကလေးကိုပြ၍ ပွဲတော်ဆက်သ သည်။

## သားလည်ပင်းလိမ်ချိုး၍

စားတော်ကဲသည် ပွဲတော်စာကို မဆက်သမီ သားတော်ကို ဘုရင်လက်အပ်သည်။ အရက်မူးနေသော ဘုရင်သည်သားကလေးကို နမ်း၍ ကြည်ဆယ် ကစားနေသည်။ အကွက်ကောင်းကိုယူ၍ ထိုအချိန်မှာဘဲ စားတော်ကဲက ပွဲတော်စာ ဆက်ကပ်သည်။

"ဟေ့ စားတော်ကဲ၊ ထမင်းပွဲမှာ အမဲသား မပါဘူးလားကွ"ဟု မေးရာ ယမန်နေ့က ဥပုသ်နေ့ဖြစ်၍ အမဲသားမပါရကြောင်းကို သံတော်ဦးတင်သည်။ အရက်မူးယစ်နေသော ဘုရင်သည် သားကလေး လည်ပင်းကို လိမ်ချိုး၍ "ရော့၊ မြန်မြန်ချက်ခဲ့"ဟု အမိန့်ပေးလိုက်သည်။ စားတော်ကဲသည် ပြန်လှန်၍ သံတော်ဦးမတင်ဝံ့ဘဲ ချက်ပြုတ်ပြီး ဆက်ကပ်လိုက်ရသည်။

### နောက်တနေ့နံနက်

နောက်တနေ့နံနက်၌ အရက်မူးယစ်မှုပြေသောအခါ "ငါ့သားတော်လေးကို ခေါ်ခဲ့ကြ"ဟု အမိန့်ပေးသည်။ မိဖုရားကြီးက "မောင်၊ ညက အရက်မူး၍ သား၏အသားဖြင့် ပွဲတော်တည်လိုက်ပြီ၊ သားသားလေး မရှိတော့ဘူး"ဟု မျက်နှာမသာမယာ ငိုကြွေးကာဖြင့် ခြေသလုံးဖက်၍ ဝမ်းနည်းပက်လက် သံတော်ဦးတင်သည်။

ဘုရင်သည် အကြီးအကျယ် ထိတ်လန့်၍ "အရက်ကြောင့် ငါ့သားကလေး သေရ၏။ ယနေ့မှစ၍ အရဟတ္တဖိုလ် မျက်မှောက်ပြုရသည့်နေ့တိုင်အောင် အရက်မသောက်တော့ပါ"ဟု ရှောင်ကြဉ်၍ အဓိဋ္ဌာန်ပြုသည်။ (ဇာတက။ ဋ္ဌ။ ၂။ ၁၇၇)
(မမ္ပဒ။ ဋ္ဌ။ ၁။ ၁၆၉)

## ၅၉။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ ဘုရင်မင်းမြတ်သည် အရက်ကို သောက်စားမိခြင်းကြောင့် မိမိ ရင်သွေးသားကလေးကိုသတ်၍ အရက်မြည်းသည်။ ဤအပြစ်ကို လွန်ကျူးမိသည်မှ အစပြု၍ အရက်သောက်ခြင်းကို ရှောင်ကြဉ်သည်။

သင်စာရှုသူ ဓမ္မ မိတ်ဆွေတို့သည်လည်း ကိုယ့်သားကိုပင် သတ်ဖြတ်နိုင်လောက်အောင် မူးယစ်စေတတ်သောအရက်သေစာ သောက်စားခြင်းကို ရှောင်ကြဉ်သင့်ကြသည်။သို့မှသာ "မဇ္ဇပါနာစ သံယမော" အရက်သေစာကို သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

လူကိုကျင့်ဖျက်၊ အရက်သေစာ
သံသာ မျက်မှောက်၊ ယွင်းဖောက်တတ်စွာ
ခုရှုးနောက်ရူး၊ အထူးရှောင်ခွာ
မူးယစ်ဖျောက်၊ စောင့်ရှောက် မင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၃၊ ဗုဒ္ဓဓမ္မလောက။
၂၃-၆-၇၃

## ၆၀။ မမေ့မလျော့ နေကြဖို့

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်၏။ မေ့လျော့ခြင်းသည် သေရခြင်း၏ အကြောင်းဖြစ်၏။ မမေ့မလျော့သော သူတို့သည် သေကုန်သော်လည်း သေသည် မမည်ကုန်။ မေ့လျော့သော သူတို့သည် မသေသော်လည်း သေသူနှင့်တူကုန်၏။ (ဓမ္မပဒ။ ဌ။ ၁။ ၁၄၅)

ဗုဒ္ဓမြတ်စွာသည် နေ့စဉ်နေ့စဉ်ခြေဆေးအင်းပျဉ်၌ရပ်၍မမေ့ မလျော့ဘဲ သတိတရားလက်ကိုင်ထား၍ နေကြဖို့ အဆုံးအမ ပေးသည်။ ပရိနိဗ္ဗာန်ဝင် စံကာနီး၌လည်း မမေ့မလျော့ဘဲ သတိတရားလက်ကိုင်ထား၍ နေရစ်ကြဖို့ မိန့်မှာတော်မူခဲ့သည်။ မေ့လျော့နေကြသော သူတို့သည် ဗုဒ္ဓမြတ်စွာကို မလေးစားသော သူတို့သာ ဖြစ်ကြသည်။

## မေ့လျော့ခြင်း အပြစ်များ

မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေသော သူများသည် လောကီလောကုတ် အကျိုးယုတ်လျက်ရှိသည်။အရွယ်သုံးပါးလုံးမှာဆင်းဆင်းရဲရဲ နေရတတ်သည်။ ချမ်းသာသော်လည်း မကြာမီ စီးပွားဥစ္စာ နိမ့်ကျလာတတ်သည်။ လက်ရှိရာထူးမှ ကျဆင်းလာတတ်သည်။ မေ့လျော့သော အမျိုးသား အမျိုးသမီးသည် ပစ္စုပ္ပန်မှာလည်း ဆင်းရဲသံသရာမှာလည်း ဆင်းရဲတတ်သည်။ ပစ္စုပ္ပန်မှာလည်း လူ့အောက်တန်းစားဖြစ်၍ လူရာမဝင်ဖြစ်တတ်သည်။ သံသရာမှာလည်း မေ့လျော့ပြစ်ကို ခံသောအားဖြင့် ဆင်းရဲဒုက္ခရောက်ရဦးမည် ဖြစ်သည်။

## မမေ့မလျော့ခြင်း အကျိုးများ

မမေ့မလျော့ဘဲ သတိနှင့် ပြည့်စုံသောသူသည် အလုပ်ကိုစွဲဟူ သမျှတို့၌ သူတပါးတို့ ချီးမွမ်းခံရလောက်အောင် ကောင်းမွန်သော အလုပ်မျိုးကို ဖြစ်ပေါ်လာစေတတ်သည်။ အခြားသူများထက် သာလွန်သော အလုပ်မျိုးဖြစ်တတ်သည်။ ခိုင်မြဲသပ်ယပ်

သော အလုပ်မျိုးကို ဖြစ်ပေါ်စေတတ်သည်။ အကျွက်ကျော် မြင့်တက်သည်။ တထွာလောက် နည်းပြလျှင် ဆယ်တောင်လောက် သိပြီးဖြစ်နေတတ်သည်။ ဘေးရန်ကင်းလွတ်တတ်သည်။ လူချစ်လူခင် ပေါများတတ်သည်။ ကိုယ့်အထက် ကိုယ့်အောက်အများ တကာတို့၏ ယုံကြည်အားထားမှုကို ခံရတတ်သည်။ တောင်သူလယ်သမားဆိုလျှင် စပါးပိုထွက်တတ်သည်။ ကျောင်းသားဆိုလျှင် အထက်တန်း ရောက်နိုင်သည်။ အလုပ်သမား ဆိုလျှင် စားရေး၊ နေရေး၊ ဝတ်ရေး ပြေလည်နိုင်သည်။ လခစား ဆိုလျှင် ရာထူးတိုးတက်နိုင်သည်။ ရဟန်းသံဃာဆိုလျှင် ထင်ပေါ်လာ၍ စင်တော်က အကောက်ခံရသောအားဖြင့် အလိုလိုဘုန်းကြီးလာတတ်သည်။

## ၆၁။ မစလရွာ မာဃဝတ္ထု

ဟိုရှေးရှေးတုန်းက မစလမည်သော ရွာတရွာရှိသည်။ ထိုရွာမှာ မာဃမည်သော စိတ်ကောင်းရှိသူ လူငယ်တယောက် ရှိသည်။ သူ့ဝါသနာကား လမ်းပြင်သည်။ တံတားခင်းသည်။ ရေအိုးစဉ်တည်သည်။ ငါးပါးသီလမြဲသည်။ ဥပုသ်နေ့တို့၌ ရှစ်ပါးသီလကိုဆောက်တည်သည်။ အလှူခံ အယုတ် အလတ် အမြတ်မရွေး ကုသိုလ်ကောင်းမှုကို ပြုသည်။ သူ့အိမ်မှာ ဇနီးလေးယောက်ရှိသည်။ နန္ဒာ၊ စိတ္တာ၊ သုဇာ၊ သုဓမ္မာတို့ ဖြစ်ကြသည်။ မာဃသည် အပန်းဖြေနားနေစရာ ဇရပ်ကြီးကို ဆောက်သည်။

နန္ဒာသည် ဇရပ်ကြီးအနီး ရေကန်ကြီး တူးဖော် ကုသိုလ်ပြုသည်။ စိတ္တာသည် ပန်းဥယျာဉ်ကြီး စိုက်ပျိုးထားသည်။ သုဓမ္မာ

သည် ဇရပ်ကြီးကို "သုဓမ္မာ ဇရပ်"ဟု သစ်သားထွင်း၍ ကဗျည်း စာရေးသောအားဖြင့် ကုသိုလ်ပြုသည်။ သူဇာသည်ကား ဝတ်စား ဆင်ယင် အလှပြင်၍သာနေ၏။ သူ့ ဝါဒကား လင်တော်မောင် ကုသိုလ်လုပ်လျှင် သူလဲ ရနိုင်၏ဟု ထင်နေသည်။

## သိကြားမင်းဖြစ်ခြင်း

အသက်တမ်း ကုန်၍ ကွယ်လွန် ကြသောအခါ မာဃသည် တာဝတိံသာ နတ်ပြည်မှာ သိကြားမင်းဖြစ်သည်။ နန္ဒာ၊ စိတ္တာ၊ သုဓမ္မာတို့ သိကြားမင်း၏ မိဖုရားတွေ ဖြစ်ကြသည်။ သူဇာကား ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ပြီး မိမိကိုယ်ကို အလှ ပြင်ဆင် နေခဲ့သည့်အတွက် တောင်ကမ္ဘားယံ ချောက်ကြားမှာ ဗျိုင်း အောက်မ ဖြစ်နေရှာသည်။ အသားနက်နက် အရပ်ရှည်ရှည် အကြည့်တန်လှသည်ဟူ၏။

## သိကြားမင်းကယ်ခြင်း

သူဇာ ဗျိုင်းအောက်မအား ငါးပါးသီလ စောင့်ထိန်းခိုင်း ခြင်းဖြင့် သိကြားမင်းကစောင့်ရှောက်သည်။ ထိုဘဝမှ ကွယ်လွန် သောအခါ အိုးထိန်းသည်သမီးဖြစ်သည်။ ငါးပါးသီလ အမြဲ စောင့်သည်။ ကွယ်လွန်သောအခါ အလွန် အဆင်းလှသော အသူရာ၏ သမီးဖြစ်ရသည်။အသူရာကြီးက သမီးကို ပန်းကုံးစွပ်၍ လင်ရွေးစေရာ ရွေးရေစက်ကြောင့် သိကြားမင်းကို ပန်းကုံးစွပ် သည်။ သိကြားမင်းသည် သူဇာကိုထမ်း၍ တာဝတိံသာသို့ပြေး တော့သည်။ (ဇာတက။ ၄။ ၁။ ၊ ၂၁၇။ ၂၂၂)
(ဓမ္မပဒ။ ၄။ ၁။ ၁၆၉)

## ၆၂။ ကောက်ချက် ဥပဒေသ

ဤဝတ္ထု၌ မာဃနှင့် တကွ နန္ဒာ၊ စိတ္တာ၊ သုဓမ္မာ တို့သည် ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့သည့်အတွက် နတ်ပြည် သုဂတိဘဝ ရကြသည်။ သုဇာသည် မေ့လျော့နေသည့် အတွက် ဗျိုင်းမဖြစ်ရသည်။

သင် စာရှုသူဓမ္မမိတ်ဆွေတို့သည်လည်း ဤဝတ္ထုကို နမူနာပုံစံ ယူ၍ မမေ့မလျော့ ကုသိုလ်ကောင်းမှုတို့ကိုပြု၍နေသင့်ကြသည်။ သို့မှသာ "အပ္ပမာဒေါ စ မေ့မေ့သု" ကုသိုလ်ကောင်းမှုတို့၌ မမေ့ မလျော့ခြင်း မင်္ဂလာနှင့် ပြည့်စုံ ကြပေလိမ့်မည်။

ကုသိုလ်ဓမ္မ၊ နေ့ညမကွာ
မမေ့မလျော့၊ မပေါ့ဘဲသာ
ပြုလုပ်ကြိုးစား၊ ပွားများလေပါ
မြတ်ဗုဒ္ဓ၊ ထုတ်ပြမင်္ဂလာ

အတွဲ ၁၀၊ အမှတ် ၄၃၊ ဗုဒ္ဓဓမ္မလောက
၂၆-၃-၇၃

## ၆၃။ ရိုသေထိုက်သူကို ရိုသေပါ

"အကြင်သူတို့သည် ဇာတ်ကြီး၊ ဂုဏ်ကြီး၊ အရွယ်ကြီးသော သူတို့ကို ရိုသေထိုက်သော တရား၌ လိမ်မာကုန်သည် ဖြစ်၍၊ဇာတ်

ကြီး၊ ဂုဏ်ကြီး၊ အရွယ်ကြီးသူများကို ရိုသေ လေးစားကြကုန်၏။ ထိုသူတို့သည် မျက်မှောက်ဘဝ၌ ချီးမွမ်းခြင်းကို ခံရတတ်ကုန်၏။ တမလွန်ဘဝ၌ ကောင်းရာ ဘဝကို ရနိုင်ကုန်၏။"

ရိုသေထိုက်သော သူတို့ကို ရိုသေခြင်းသည် ကြီးပွားချမ်းသာကြောင်းမင်္ဂလာမည်၏ဟု ဗုဒ္ဓမြတ်စွာ မင်္ဂလာ တရားမှာ ဟောထားသည်။ ရတနာသုံးပါး မိဖနှစ်ပါး၊ ဆရာသမား၊ အကိုကြီး၊ အမကြီး၊ ဘကြီး၊ ဘထွေး အစရှိသော ပုဂ္ဂိုလ်တို့သည် ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။

ဘုရားစေတီ ရုပ်ပွားတော်များ ရှေ့၌ဖိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်း၊ ရိုသေလေးစားဝပ်တွား ရှိခိုးခြင်း၊ ဘုရားစကားကို လိုက်နာကျင့်ကြံခြင်းတို့သည် ဘုရား၌ ရိုသေခြင်းများ ဖြစ်ကြသည်။ တရားဟောနေစဉ် စကားမပြောခြင်း၊ကွမ်းမစား၊ဆေးမသောက်ခြင်း၊ ငြိမ်သက်စွာ နေခြင်းတို့နှင့်တကွ စာပေကျမ်းဂန် သင်အံပို့ချခြင်း အစရှိသော အလုပ်များသည် တရားတော်၌ရိုသေခြင်းများဖြစ်ကြသည်။

သံဃာ့ မျက်မှောက်မှာ ရိုသေစွာ ဆည်းကပ်ခြင်း၊ ငုံ့သေစွာ တုပ်ဝပ်ထိုင်ခြင်း၊ မပန်ကြားဘဲ ထင်ရာ မပြောကြားခြင်းတို့သည် သံဃာ၌ ရိုသေခြင်းများ ဖြစ်ကြသည်။ မေမေ ဖေဖေ စကားကို နားထောင်ခြင်း၊ နှုတ်လှန်မထိုးခြင်း၊ မိဖတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း၍ နေထိုင်ခြင်းများသည် မိဖတို့၌ ရိုသေခြင်းဖြစ်ကြသည်။

ဆရာသမားစကားကို နားထောင်ခြင်း၊ ပြန်လှန်မပြောကြားခြင်း၊ ဆရာသမား ဂုဏ်သိက္ခာ မထိခိုက်အောင် နေထိုင်ခြင်းများသည် ဆရာသမားတို့၌ ရိုသေခြင်းများ ဖြစ်ကြသည်။ မိတ်ဆွေ

အပေါင်းအသင်း အချင်းချင်း တဦးအပေါ်တဦး ရိုသေစွာလေးစားခြင်းလည်း ရှိသင့်သည်။ ရှေးက တိရစ္ဆာန်များတောင် အချင်းချင်း ရိုသေလေးစားစွာ နေထိုင်ခဲ့ကြသည်။ လူသားအချင်းချင်းကား သာ၍ပင် ရိုသေလေးစားစွာ နေထိုင်သင့်ကြသည်။ ယင်းသို့ရိုသေထိုက်သူကို ရိုသေခြင်းသည် မင်္ဂလာမည်သည်ဟုဆိုထားသည်။

## ၆၄။ ဆင်, မျောက်, ခါ

ဟိုရှေးရှေးတုန်းက ဟိမဝန္တာအရပ် တောအုပ်ကြီး တခုမှာ ညောင်ပင်ကြီးတပင်ရှိသည်။ ထိုညောင်ပင်ကို မှီ၍ ဆင်၊ မျောက် ခါ သတ္တဝါသုံးဦးတို့ ချစ်ခင် ရင်းနှီးစွာ နေထိုင်ကြသည်။ တဦးနှင့်တဦး ရိုသေလေးစားမှု မရှိဘဲ ကိစ္စတခု ဆောင်ရွက်ရာ၌ တဦးလျှင် တသဘောစီဖြစ်ကာ သဘောမတူသော ကိစ္စတွေက များနေသည်၊

"ငါတို့ ယခုလို နေကြခြင်းဟာဖြင့် မသင့်လျော်သေးဘူး။ တဦးနှင့်တဦး ရိုသေလေးစားမှုလဲ မရှိကြဘူး။ အသက်ကြီးသူကို ရိုသေလေးစားစွာ နေကြစို့ရဲ့" ဟု တိုင်ပင် ဆွေးနွေးပြီး အသက်ကြီးသူကို ရွေးချယ်ကြသည်။

ခါနှင့် မျောက်တို့က "ဒီပညောင်ပင်ကြီးအောက်မှာ ငါတို့ အမြဲနေလာ၏။ သင်ဟာ အဘယ် အသက်အရွယ်လောက်က စ၍ ဤပညောင်ပင်ကြီးကို သိခဲ့ပါသလဲ" ဟု ဆင်ကို မေးသည်။

"ငါငယ်စဉ်က ဤပညောင်ပင်ဟာ ငယ်သေး၏။ ငါ့ပေါင်ကြားလောက်မှာဘဲ ရှိ၏။ ပညောင်ပင်ငယ်၏ အညွန့်နှင့်ငါ့ချက်

ဟာ ညီမျှ၏”ဟု ဆင်က သူအသက်ကြီးကြောင်းကို ပြောဆို သည်။

မျောက်က သူအသက်ကြီးကြောင်းကို ပြောဆို သည်မှာ “ငါငယ်စဉ်အခါက မြေကြီးမှာထိုင်၍ လည်ပင်းကို မမော့ရဘဲ ရှက်ညွန့်တို့ကို စားနေခဲ့၏။ ထိုအချိန်ကစ၍ ဤပညောင်ပင်ကြီး ကို သိခဲ့၏”ဟု ဖြစ်သည်။

ခါက နောက်ဆုံးပြောပြသည်မှာ “ငါငယ်ငယ်က ညောင်ပင် မရှိသေးပါ။ အခြားသော ညောင်ပင်မှ ညောင်သီးကိုစားပြီး ဤ နေရာ၌ မစင်စွန့်ခဲ့၏။ ငါ့မစင်မှပါသော ညောင်စေ့မှ ဤ ညောင်ပင် ပေါက်လာခြင်းဖြစ်၏။ ငါသည်သာ သင်တို့နှစ်ဦး ထက် အသက်ကြီး၏”ဟု ဖြစ်သည်။

ဆင်နှင့် မျောက်တို့က ဤသို့ ခါကို ပြောကြသည်။

“အဆွေခါ၊ သင်သည်သာ ငါတို့ထက် အသက်ကြီးပါ၏။ ငါတို့ကသာ သင့်ကို ရှိခိုးခြင်း၊ ရိုသေလေးစားခြင်း စသည်ကို ပြုပါမည်။ သင့်အဆုံးအမကို နာခံ၍ နေပါမည်။ ငါတို့ကို အမြဲ အဆုံးအမပေးပါ”ဟု ရှိခိုးဦးချ တောင်းပန်ကြသည်။

## ခါမင်း၏ အဆုံးအမ

အသက်အကြီးဆုံး ခါသည် ဆင်နှင့် မျောက်တို့ကို ကောင်း မွန်စွာ နေထိုင်ကြဖို့အတွက် အမြဲဆုံးမသည်။ ကိုယ်တိုင်လည်း သီလ ဆောက်တည်သည်။ ဆင်နှင့် မျောက်တို့ကိုလည်း သီလ ဆောက်တည်စေသည်။ ထိုသတ္တဝါ သုံးဦးတို့သည် အချင်းချင်း သင့်တင့် ညီညွတ်စွာ နေထိုင်ကြသည်။ ခါမင်း၏ အဆုံးအမ

အတိုင်း ဆိတ်က မျောက်ကို ရိုသေလေးစားသည်။ဆိတ်နှင့်မျောက်တို့က ခါကို ရိုသေလေးစားကြသည်။ ဤညောင်ပင်ကြီးအောက်မှာပဲ တညီတညွတ်တည်း အသက်ထက်ဆုံး နေထိုင်သွားကြသည်။ ကွယ်လွန်ကြသောအခါ သတ္တဝါ သုံးဦးလုံး နတ်ပြည်လားရောက်ကြသည်။

## ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ

အခါတပါး၌ သာဝတ္ထိပြည်ကြီးမှာဗုဒ္ဓမြတ်စွာသည် ရဟန်းသံဃာများစွာ ခြံရံလျက် ရောက်လာသည်။ဆဗ္ဗဂ္ဂီရဟန်းအသင်းအပင်းတို့က နေရာ ကျောင်းတို့ကို အပိုင်စီးထားသည်။ အရှင်သာရိပုတ္တရာကိုယ်တော်ကြီး နေရာကျောင်းမရ၍ သစ်ပင်တပင်အောက်မှာ ထိုင်ခြင်း၊ စင်္ကြံ သွားခြင်းဖြင့် တညလုံး နေရသည်။

ဗုဒ္ဓမြတ်စွာ သိသွား၍ “ငါဘုရား ပရိနိဗ္ဗာန်မစံမီတောင်ရဟန်းအချင်းချင်း မရိုသေကြလျှင် ငါဘုရား ပရိနိဗ္ဗာန်စံလျှင်ပို၍ပင် မင့်မသေ ပြုကြတော့မည်”ဟု မိန့်တော်မူကာ “တိရစ္ဆာန်များတောင် အချင်းချင်း ရိုသေစွာ နေထိုင်ကြသေး၏။ လူဇာတ်ဖြစ်သော သင်တို့သည် ရိုင်းကြလေကုန်စွ”ဟု တိတ္တိရဇာတ်ကိုဆဗ္ဗဂ္ဂီဂိုဏ်းဝင် ရဟန်းများအား ဟောကြားတော်မူသည်။ရှေးကဆိတ်သည် မောဂ္ဂလာန်အလောင်း၊ မျောက်သည် အရှင် သာရိပုတ္တရာအလောင်းဖြစ်၍ ခါသည် ဗုဒ္ဓမြတ်စွာ အလောင်းဖြစ်သည်။ (ဇာတက။ ၄။ ၁။ ၂၃၆)

## ၆၅။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ ဆင်၊ မျောက်၊ ခါ တိရစ္ဆာန်သတ္တဝါတို့တောင် အချင်းချင်း ရိုသေလေးစားပြီး နေထိုင်ကြသည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း တိရစ္ဆာန်များထက် သာလွန်သော အဆင့်အတန်း အသိဉာဏ်ရှိသည် အားလျော်စွာ အချင်းချင်း ရိုသေလေးစားပြီး နေထိုင်သင့်ကြသည်။ သို့မှသာ "ဂါရဝေါစ" ရိုသေထိုက်သူကို ရိုသေရခြင်း မင်္ဂလာနှင့်ပြည့်စုံကြပေလိမ့်မည်။

ဆင်နှင့် မျောက်တို့၊ အောက်ကြို့နေကာ
လောင်းတော်ခါမင်း၊ ဝပ်စင်းနေရာ
လူသားချင်းချင်း၊ ယိုင်းပင်းညီညာ
ရိုသေကြ၊ ဗုဒ္ဓမင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၁၁၊ ဗုဒ္ဓဝါဒလောက
၂၁-၈-၇၃

## ၆၆။ မာန်ပိုလျှင် ရန်ကိုခေါ်သလိုပါဘဲ

မာန်နှင့်မာန အတူဖြစ်သည်။မာနသည် အကုသိုလ်စေတသိက် (၁၄)ပါးမှာ ပါဝင်သော တရားဖြစ်သည်။ကောင်းသောတရား မဟုတ်ဘဲ တရားဆိုးဖြစ်သည်။ဗုဒ္ဓမြတ်စွာက "မာန်ကို နှိမ်ချထားရမည်"ဟု မင်္ဂလာ တရားတော်မှာ ဟောထားသည်။အစွယ်ကျိုးသောမြွေ၊ ဦးချိုကျိုးသော နွား၊ ခြေသုတ်ပုဆိုးအလားကဲ့သို့ ထောင်လွှားတတ်သော မာနတရားကို ပယ်ရှားသင့်ကြသည်။

ဤလောက၌ မိမိထက် ဂုဏ်အားဖြင့် ကြီးသော သူ၊ အသက်အားဖြင့် ကြီးသောသူဟူ၍ ရှိကြလေရာ ထိုသူတို့ရှေ့၌ သွားလာ ၀င်ထွက်သောအခါ ခန္ဓာကိုယ်ကို ကိုင်းရှိုင်းနှိမ့်ချ၍ မာနကို မထောင်လွှားဘဲ ပိပြားသေချွေ နှိုသေလေးစားကြရသည်။ စကားပြောရာ၌လည်း နင်,င ၊,ဟယ် အစရှိသော ရိုင်းစိုင်းသည့် စကားလုံးကို မသုံးစွဲမိကြစေဘဲယဉ်ကျေးသိမ်မွေ့စွာ ဂုဏ်နှင့်အရွယ်ကို ထောက်ချင့်၍ သင့်တင့်အောင် ပြောဆိုသင့်ကြသည်။

## မာနဟာ လူမိုက်တို့အမွေ

မည်သည့်သတ္တ၀ မဆို မာန်ပို့လျှင် ရန်ကို ခေါ်နေသည်နှင့် တူသည်။ မာန်မပို့လျှင် ရန်ကို ကော်ထုတ်နေသည်နှင့် တူသည်။ မာနသည် လူမိုက်တို့၏ အမွေပစ္စည်းသာဖြစ်သည်။ မာနကြီးလျှင် ပစ္စည်းနှင့်တကွ အခြံအရံ အပေ ါင်းအသင်းတို့ပါ တဖြည်းဖြည်း နည်းပါးချို့ယွင်းလာတတ်သည်။ မာနကို မသုံးဘဲ စကားလုံးသုံလှ ကိုပြောတတ်သူ၊ သူ့နေရာနှင့်သူ လျှောက်ပတ် အောင်နေတတ်၊ စားတတ်သူတို့မှာ တကယ်သစ်စ လ ၀ င်းပမာ တင့်ရွန်းတောက်ထိန် အရှိန်ဩဇာ ကြီးမားလာတတ်သည်။

မာနကြီးလျှင် ပျက်စီးတတ်သည်။ လူအထင်မြင်သေး ခံရတတ်သည်။ အရှက်ဘကွဲ အကျိုးနည်း ဖြစ်တတ်သည်။ မာနကို ပယ်ရှားနိုင်သောသူသည်သာလျှင် မင်္ဂလာနှင့် ပြည့်စုံသူ ဖြစ်နိုင်သည်။

## ၆၇။ မာနကြီးသော ငြေးငွေး

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ မင် ခစား ပုရောဟိတ် ပညာရှိသည် ပထဝီဇယမန္တန်ကို တတ်သည်။ တခုသော

တောအုပ်ဝယ် ကျောက်ဖျာမှာနေ၍ ပဌဝီဇယမန္တန်ကို ရွတ်ဆို သည်။ တခုသောတွင်း၌နေသော မြေခွေးသည် ထိုမန္တန်ကိုကြား ၍ နှုတ်တက်အောင် လေ့လာနေသည်။ ထိုမြေခွေးသည် ရှေး ဘဝက ပုဏ္ဏားဖြစ်ဘူး၍ ထိုမန္တန်ကို လေ့ကျက်ဘူးသည်။

## သဗ္ဗဒါဌ မြေခွေးမင်း

ထိုမြေခွေးသည် ပဌဝီဇယမန္တန်ကို မန်းမှုတ် ရွတ်ဆိုလိုက်ရာ ဆင်၊ မြင်း၊ ခြသေ့၊ ကျား၊ ဝက်၊ သမင် အစရှိကုန်သော အခြေ လေးချောင်း သားအပေါင်းတို့ကိုအုပ်စိုးနိုင်၍ သဗ္ဗဒါဌ အမည် ဖြင့် မြေခွေးမင်းဖြစ်ပြီး မြေခွေးမကို မိဖုရားကြီးပြုကာ စံစားနေ သည်။ ဆင်ပေါ်မှာ ခြသေ့ကိုစီးစေ၍ ခြသေ့၏ ကျောပေါ်မှာ မိဖုရားကြီး နှင့်တကွ သဗ္ဗဒါဌ မြေခွေးမင်း စီး၍ အခြံအရံ အမြောက်အမြားဖြင့် အခြေလေးချောင်း တိရစ္ဆာန် တပ်ကြီး ချီတက်လာသည်။

## တိုင်းပြည်ကို စိုင်းခြင်း

သဗ္ဗဒါဌ မြေခွေးမင်းသည် မိမိ၏ ၁၂ ယူဇနာရှိသော ပရိ သတ်ကိုကြည့်၍ အခြံအရံများမှုကို အစွဲပြုပြီး မာနကြီးစိတ်ကြီး ဝင်ကာ မြို့မှ မနီးမဝေး အရပ်၌ တန့်ရပ်၍ စစ်တိုက်ဖို့ မင်းကို အကြောင်းကြားသည်။ လူတို့သည် ကြောက်လန့်၍ မြို့တံခါးကို ပိတ်ထားကြသည်။ ပုရောဟိတ်သည် မင်းကြီးနှင့် လူအများကို နှစ်သိမ့်စေ၍ ထိုမြေခွေးနှင့်စစ်တိုက်ဖို့ ကျွန်တော်မျိုး တာဝန် ထားပါဟု သံတော်ဦးတင်ပြီးလျှင် တံခါးအနီး ပစ်စင်ပေါ်သို့ တက်၍ မြေခွေးနှင့် စကားပြောဆိုသည်။

## မာန်ဝိုလျှင် ရန်ကိုခေါ်သလို

"အဆွေ သဗ္ဗဒါဌ၊ ဘယ်လိုလုပ်ပြီး တိုင်းပြည်ကို သိမ်းယူမှာ လဲ"

"အသင်ပုရောဟိတ်၊ ခြင်္သေ့ကို ဟောက်စေမယ်။ ခြင်္သေ့ ဟောက်သံကြားရင် လူတွေ သေကုန်မှာဘဲ။ ထိုအခါ တိုင်းပြည် ကို အသာသိမ်းရုံဘဲ"

ပုရောဟိတ်သည် မေးမြန်းပြောဆိုပြီး၍ ပစ်စင်ပေါ်မှဆင်း ပြီးလျှင် မြို့သူ မြို့သားတို့၏ နားပေါက်တို့ကို ပဲမုံ့ညက်တို့ဖြင့် ပိတ်ဆို့ထားဘို့ မောင်းကြေးနင်းခတ်စေသည်။ ခွေး' ကြောင်မှ အစပြု၍ မြို့တွင်းရှိ သတ္တဝါအားလုံးတို့၏ နားတို့ကို ပိတ်ဆို့ စေသည်။

ပုရောဟိတ်သည် စီစဉ်ပြီး၍ ပစ်စင်ပေါ်သို့ တဖန် ပြန်တက် ခါ မြေခွေးအာဏာကို ခြင်္သေ့တို့ လိုက်နာမည် မဟုတ်သည်ကို သိ၍ "အဆွေ သဗ္ဗဒါဌ၊ ခြင်္သေ့တို့ကို ဟောက်ပါစေလော့"ဟု ပြောဆိုလိုက်သည်။

မြေခွေးမင်းသည် သူစီးထားသော ခြင်္သေ့ကို ခြေထောက်ဖြင့် ဟောက်ဖို့အတွက် အမှတ်သညာပေးသည်။ ခြင်္သေ့သည် ဆင်ဦး ကင်း၌ မျက်နှာအဆက်သို့မော့၍ သုံးကြိမ် တိုင်တိုင် တားမြစ် ခြင်းငှာ မတတ်ကောင်းသော ခြင်္သေ့သံဖြင့် ဟောက်သည်။ ဆင်တို့သည် ထိတ်လန့်ကုန်၍ ခြေရင်း၌ ကျသော မြေခွေး၏ ဦးခေါင်းကို မှုံ့မှုံ့ညက်ညက်ကြေစေ၍ နင်းသတ်ကြကုန်၏။ ခြင်္သေ့တို့ကိုထား၍ အားလုံးသော ဆင်၊ ကျား အစရှိသော သားတိရစ္ဆာန် အမြောက်အမြား နင်းမိ၊ တိုးမိ၊ တိုက်ခိုက်မိ၍

သေကြေပျက်စီးကြသည်။ တိရစ္ဆာန် အသားပုံကြီးသည် ၁၂ ယူဇနာ ရှိသည်။

ပုရောဟိတ်သည် အသားစားသူ လူတို့အလိုရှိတိုင်း ယူကြဘို့ မောင်းကြေးနင်းခတ်စည်လည်စေသည်။ စားမကုန်၍ အသား ညှင်းပြုကာ အခြောက်လှမ်းထားရသည်။ ထိုအခါမှစ၍ အသား ခြောက် သုံးစွဲခြင်း ဖြစ်ပေါ်လာခဲ့သည်။ (ဇာတက။ ၄။ ၂။ ၂၂၂)

## ၆၈။ ကောက်နုတ်ချက် ဥပဒေသ

ဤဝတ္ထု၌ မြေခွေးသည် မာနကြီး၏။ မာနကြီးသော ကြောင့် မိမိလည်း သေရ၏။ အခြားသော ဇာတ်တူ သတ္တဝါ အပေါင်းလည်း မြေခွေးကြောင့် သေကြေ ပျက်စီးရ၏။

သင် စာရှုသူ ဓမ္မ မိတ်ဆွေတို့သည်လည်း မာနကြီးသော မြေခွေးလို မပျက်စီးလိုကြပါလျှင် မာန်မာနတရားကို ပယ်ရှား သင့်ကြသည်။ သို့မှသာ 'နိဝါတောစ' နှိမ့်ချသော မာနရှိခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

မာနလွန်ပြင်း၊ ခွေးမင်းခမြာ
သူ့အပေါင်းသင်း၊ ရောင်းရင်းများစွာ
သေကြေပျက်ပြား၊ သနားစရာ
မာန်တရား၊ ပယ်ရှားစွန့်ခွာပ ။

အတွဲ ၁၉၊ အမှတ် ၁၃၊ ဗုဒ္ဓဓမ္မလောက
၄-၉-၇၃

## ၆၉။ ဖြစ်သမျှနှင့် ရောင့်ရဲကြဖို့

ရဟန်းသံဃာဖြစ်စေ၊ လူဖြစ်စေ၊ မိမိတို့နှင့် ထိုက်တန်သမျှသော အစားအစာ ပစ္စည်းဥစ္စာကိုသာ ကြည်သာရွှင်လန်းသော စိတ်ဖြင့် ရောင့်ရဲတင်းတိမ်ကာ ဗ ႆးသောက်ဝတ်ဆင်၍ နေထိုင်ကြပါလျှင် ရောင့်ရဲလွယ်ခြင်းမင်္ဂလာနှင့် ပြည့်စုံသူဟု ဆိုရမည်ဖြစ်သည်။

### ရောင့်ရဲခြင်း ၃ မျိုး

၁။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ရရသမျှသော ပစ္စည်းဥစ္စာ အစားအစာဖြင့် ရောင့်ရဲ တင်းတိမ်ကာ နေတတ်၊ စားတတ်ခြင်း။

၂။ မိမိရသော ပစ္စည်းဥစ္စာတို့၌ မိမိ အနာရောဂါ ကိုယ်ခန္ဓာနှင့် မသင့်လျော် မလျော်ပတ်သည့်အတွက် မိမိ အနာရောဂါ ကိုယ်ခန္ဓာနှင့် သင့်လျော် လျော်ပတ်လေအောင် မိတ်ဆွေသင်္ဂဟတို့၏ပစ္စည်းဥစ္စာနှင့် လဲလှယ်ကာ ရောင့်ရဲတင်းတိမ်စွာ နေတတ်ခြင်း။

၃။ မိမိရရှိလာသော ပစ္စည်းဥစ္စာတို့မှ ကောင်းနိုးရာရာဟူသမျှကို ရတနာသုံးပါး၊ မိဖနှစ်ပါး၊ ဆရာသမား၊ သက်ကြီးဝါကြီးတို့အား ပေးလှူပူဇော်ပြီးမှ မိမိကမူ သင့်တော်လောက်ရုံမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲတင်းတိမ်ကာ နေတတ် စားတတ်ခြင်း။

ဤရောင့်ရဲ တင်းတိမ်ခြင်း သုံးမျိုးနှင့် ပြည့်စုံအောင် နေထိုင်နိုင်သော သူသည်လည်း ကြီးပွားကြောင်း မင်္ဂလာနှင့် ပြည့်စုံသူဖြစ်နိုင်သည်။

## ချမ်းသာ ရှာဖွေနည်း

လောကီချမ်းသာကို အလိုရှိသည် ဖြစ်စေ၊ လောကုတ္တရာချမ်းသာကို အလိုရှိသည် ဖြစ်စေ၊ အလိုရမ္မက်မကြီးသင့်ချေ။ လိုချင်တပ်မက် စွဲလမ်း မရောင့်ရဲနိုင်ခြင်း သဘောကို ပယ်ဖျောက်နိုင်မှသာ ချမ်းသာကို ရတန်သမျှ ရနိုင်ကြသည်။ ရသမျှ၊ ရှိသမျှ၊ ဖြစ်သမျှအစား အစာ အဝတ် အသုံးအဆောင်၊ အဆောက်အဦ ရောဂါပျောက်ကင်းကြောင်း ဆေးတို့ဖြင့်သာ တင်းတိမ် ရောင့်ရဲတတ်သောသူသည် ကြောင့်ကျဗျာပါ ပူဆာမှု ကင်းလွတ်၍ လက်ငင်းချမ်းသာခွင့်ကို ရရှိတတ်ကြသည်။

## ၇၀။ ကျီးနှင့်ငုံး

မွတ်သိပ်နေသော ကျီးတကောင်သည် မြို့ရေမြို့စာကို စားသောက်ရလျက် တင်းတိမ် ရောင့်ရဲမှု မရှိ၍ မြို့ထက်အစားအသောက်ကောင်းသောအရပ် ရှိဦးမည်ထင်သည့် အတွက် တောအရပ်သို့ ထွက်ရာ ဆူဖြိုးသော ငုံးငယ်ကိုတွေ့၍ "အဆွေငုံး၊ အဆွေကိုယ်သည် ဆူဖြိုးပြည့်ဝလို့ပါလား၊ အဆီအစေး နည်းပါးသော တောအစာကို စားရပါလျက် ဘယ်အတွက် သင့်မှာ ဆူဖြိုးနေတာလဲ"ဟု မေးသည်။

ငုံးက "အဆွေကျီး၊ ငါ့မှာ အစားအသောက်အတွက် ရမက်မရှိ။ ဝိတက်မများ၊ ဝေးဝေးလံလံသို့လည်း မသွား၊ နဲနဲ ပါးပါး ရသမျှနှင့်သာ ရောင့်ရဲတင်းတိမ်နေတာဘဲ။ ငါ့မှာ အလိုလို ဆူဖြိုးပြည့်ဝလို့ဘဲ"ဟု ပြောဆိုသည်။

ဆိုလိုသည်မှာ ရသမျှနဲ့ ရောင့်ရဲ တင်းတိမ်နေလို့သာ ဆူဖြိုး ပြည့်ဝနေသည်ဟု ပြောလိုရင်းဖြစ်သည်။

## ကျေးမင်းဝတ္ထု

ဟို ရှေးရှေးတုန်းက ဘုရားအလောင်းတော်သည် ဂင်္ဂါမြစ်ကမ်း ရေသဖန်းပင်၌ ကျေးမင်းဖြစ်နေသည်။ ကျေးမင်းသည် ရေသဖန်းပင် အသီးရှိသောအခါ ရေသဖန်းသီးကို စားသည်။ အသီးမရှိသောအခါ အညွန့်ကိုစားသည်။ တခါတလေ အရွက်ကို စားသည်။ တခါတခါ အခေါက်ကိုသာ စားသည်။ အပွေးကို စား၍လည်း နေ့သည်။ ဤသို့ဖြင့် သဖန်းပင်မှ အသီး၊ အညွန့်၊ အရွက်၊ အခေါက်၊ အပွေးတို့ကိုသာစား၍ ဂင်္ဂါမြစ်ရေကိုသောက်ပြီး နေသည်။ အစားအသောက်အတွက် မည်သည့် အရပ်ကိုမျှ မသွားမူ၍ ရသမျှဖြင့် ရောင့်ရဲ တင်းတိမ်နေသည်။

## သိကြားမင်း အလိုစမ်းခြင်း

အလောင်းတော်ကျေးမင်း၏ အလိုနည်းခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်းဟူသော ဂုဏ်ကြောင့်သိကြားမင်း၏ ဘုံဗိမာန်သည် တုန်လှုပ်လာသည်။သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ ကျေးမင်းကိုစုံစမ်းဖို့ရာမိမိတန်ခိုးဖြင့် ထိုရေသဖန်းပင်ကိုတခဏချင်းခြောက်သွေ့စေသည်။ ရေသဖန်းပင်သည် အငုတ်မှ အပေါက်ကြီးအပေါက်ငယ်ရှိလျက် လေခတ်သော် တစုံတယောက်တီး ခေါက်ဘိသကဲ့သို့ အသံမြည်လျက်ရှိသည်။ ထိုရေသဖန်းပင်၏ အပေါက်တို့မှ အမှုန့်တို့သည် ထွက်လာကုန်သည်။ ကျေးမင်းသည် ထိုအမှုန့်တို့ကိုစား၍ ထိုသစ်ပင်မှာပင် ဘယ်ကိုမျှမသွားဘဲ နေထိုင်သည်။

## သိကြားမင်းကြည်ညိုခြင်း

သိကြားမင်းသည် ကျေးမင်းကို ကြည်ညို၍ ဂင်္ဂါမြစ်ရေကို ခပ်ယူ၍ သဖန်းပင်ငုတ်ကို လောင်းသည်။ထိုခဏ၌ပင်လျှင်အရွက်၊ အပွင့်၊ အသီး၊ အခက်၊ အခွတို့နှင့် ပြည့်စုံသော ရေသဖန်းပင်ကြီး ဖြစ်လာသည်။မူလ အသီး ထက် ချိုသောအသီး ရှိလာသည်။ ကျေးမင်း၏ ရောင့်ရဲတင်းတိမ်ခြင်းကိုအလွန်ကြည်ညို၍ သိကြားမင်းက မူလ ရေသဖန်းပင်ထက် သာလွန်သော ရေသဖန်းပင်ကို ဖန်ဆင်းပေးသည်။ (ဇာတက။ ဋ္ဌ။ ၃။ ၄၆၇။ ၄၇၁)

### ၇၁။ ကောက်နုတ်ချက် ဥပဒေသ

ဤဝတ္ထုဥ္စ၌တိရစ္ဆာန်ကျေး သတ္တဝါသည်အစားအစာအတွက် တခြားမှာ ပထွက်ဘဲ မိမိနေရာမှာသာ ရသမျှဖြစ်သမျှနှင့် တင်းတိမ်ရောင့်ရဲပြီးနေထိုင်နိုင်သည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ဆင်ခြင်ကိုင်းထွာ၍ အစားအသောက်၊ အဝတ်၊ အနေအထိုင်တို့ကို ရသမျှ ဖြစ်သမျှနှင့်တင်းတိမ် ရောင့်ရဲသင့်ကြသည်။ သို့မှသာ "သန္တုဋ္ဌိစ" ရောင့်ရဲလွယ်ရခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

အဝတ်အစား၊ ခေါင်းပါးသင့်စွာ
နေမှုထိုင်မှု၊ ကြည့်ရှုသင့်ပါ
လောင်းတော်ကျေးမင်း၊ ပုံသွင်းယူကာ
ရောင့်ရဲကြ၊ ဗုဒ္ဓမင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၁၄၊ ဗုဒ္ဓဓမ္မလောက
၁၁–၉–၇၃

## ၄၂။ သူ့ကျေးဇူးကို သိတတ်ကြစမ်းပါ

ဆရာ မိဖ အစရှိသော ပုဂ္ဂိုလ်များကိုဇင်း၊ မိမိအား ကြည့်ရှုစောင်မ ကယ်ဆယ် ကူညီခြင်း အစရှိသည်ဖြင့် ကျေးဇူးပြုဘူးသောသူများကိုဇင်း၊ ကျေးဇူး တုံ့ပြန်ဆပ်ရသည်။ ကျေးဇူးကို အောက်မေ့ဆင်ခြင် သိရှိတတ်ရသည်။ မိမိအပေါ်၌ သူတပါးက ပြုဘူးသော ကျေးဇူးကိုသိခြင်း၊ ဆင်ခြင်အောက်မေ့ခြင်း၊ အခါ အခွင့်သင့်သော ကာလ၌ ကျေးဇူးတုံ့ပြန်ခြင်းသည် ကြီးပွားကြောင်း မင်္ဂလာ ဖြစ်လေသည်။

### အကျိုးအပြစ်

ကျေးဇူးကို သိတတ်သော သူသည်သူတော်ကောင်းဖြစ်သည်။ သူတော်ကောင်းဟုသိကြောင်း အမှတ်လက္ခဏာဖြစ်သည်။ ကျေးဇူးကို သိတတ်သောသူသည်ဥပါဒ်ကင်းသည်။ အန္တရာယ်မှ လွတ်တတ်သည်။ ရောဂါကင်းတတ်သည်။ အသက်ရှည်တတ်သည်။ ကံ အကျိုးပေးသလောက် ချမ်းသာ ကြီးပွားနိုင်သည်။

ကျေးဇူးတရားကို မသိတတ်သောသူသည်ကား ကြီးပွားမှု ချို့ငဲ့သည်။ ဆုတ်ယုတ်ပျက်စီးတတ်သည်။ နစ်မွန်းတတ်သည်။ အသက်တိုတတ်သည်။ ရောဂါထူပြောတတ်သည်။ အန္တရာယ်များ တတ်သည်။ လူမုန်းများတတ်သည်။ သေသောအခါ အပါယ်ကျ ရောက်တတ်သည်။

ကျေးဇူးတရားကို သိတတ်သောသူသည် ကောင်းသောသုဂတိ ဘဝသို့ ရောက်တတ်သည်။ ကျေးဇူးတရားကို မသိတတ်သော သူသည် မကောင်းသော ဒုဂ္ဂတိဘဝသို့ ရောက်တတ်သည်။

## ၄၃။ တောသားမုဆိုး ဝတ္ထု

ဟို ရှေးရှေးတုန်းက ဗာရာဏသီပြည်၌ တောသားမုဆိုး တယောက်ရှိသည်။ သူ့အလုပ်ကား တောဟူသမျှ လေ့လာကျက်စား၍ သားကောင်များကို သတ်ခြင်းပင် ဖြစ်သည်။ တနေ့သ၌ တောအနံ့တောင်အနံ့ အသက်မွေးစရာ ရှာသည်။ ရှာရင်းရှာရင်းပင် တောနက်ရာသို့ ရောက်သွားသည်။ အလွန်နက်သော တောထဲသို့ရောက်သွားရာ၌ မျက်စိလယ်နေသည်။ဟို မသွားတတ်၊ဒီမသွားတတ်ဖြင့် ငိုလျက်သာရှိနေသည်။

### ဒုက္ခသည်ကို ကယ်ခြင်း

ထိုတောအုပ်ကြီး၌ ဘုရားအလောင်းတော်သည် သိလဝနာဂရာဇာ အမည်ဖြင့် ဆင်ဖြစ်နေသည်။ တကိုယ်လုံးဖြူသည်။ သီလအကျင့်ရှိသည်။ ဒုက္ခသည် မုဆိုး၏ ငိုသံကို ဆင်မင်းကြားသောအခါ သနားစိတ်ဖြစ်လာသည်။ အလောင်းတော်များမှာ ဒုက္ခသည်ကိုတွေ့လျှင် သနားတတ်သော ဓမ္မတာရှိသည်။ အလောင်းတော်ဆင်မင်းသည် မုဆိုးကို မိမိကျောက်ကုန်း၌ စီးစေ၍ တောအုပ်မှ ထုတ်ဆောင်ပြီး လူတို့သွားရာလမ်းခရီးသို့ ပို့လိုက်သည်။ "အမောင် ယောကျ်ား၊ သင်သည် ဤလမ်းဖြင့် သွားလော့၊ ငါနေသော နေရာကို မည်သူ တဦးတယောက်ကိုမျှ မပြောကြားပါနှင့်"ဟု ဆင်မင်းက ဒုက္ခသည် မုဆိုးကို မှာကြား ပြောဆို လွှတ်လိုက်သည်။

### ကျေးဇူးရှင်ကို ကျေးစွပ်ခြင်း

မုဆိုးသည်ကား ဆင်ကျောက်ကုန်းပေါ်စီးစဉ်ကပင် သစ်ပင်၊ တောင်၊ ခရီးလမ်း အစရှိသည်တို့ကို အမှတ်အသား ပြုခဲ့သည်။

ဘုရားအလောင်းတော်၏ ကျေးဇူးဖြင့် ဗာရာဏသီပြည် သူ့နေရာသို့ ချောမောစွာ ပြန်ရောက်သည်။ မုဆိုးသည် ဆင်စွယ်သမားတို့ကိုမြင်၍“အချင်းတို့၊ဆင်စွယ်ကိုရသော်ယူမှာလား”ဟုမေးသည်။

“အချင်းမုဆိုး၊ ဆင်ရှင်၏ အစွယ်သည်ကား ဆင်သေ၏အစွယ်ထက် အဖိုးထိုက်တန်၏”ဟု ဆင်စွယ်သမားတို့က ဆိုကြသည်။

ကျေးဇူးရှင်ကို ပြစ်မှားတတ်သော မုဆိုးသည် ဆင်မင်းရှိရာတောအုပ်သို့သွား၍ ဆင်မင်းထံ အစွယ်ကိုတောင်းခံသည်။ ဘုရားအလောင်းတော် ဆင်မင်းသည် အစွယ်ဖျားတို့ကို ဖြတ်စေ၍ “ဤအစွယ်ထက် ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏။ ဤကောင်းမှုကြောင့် သဗ္ဗညုတဉာဏ်ကိုရပါစေသား”ဟုဆုတောင်း၍ လှူဒါန်းသည်။

## မြေကွဲ၍ အဝီစိ ငရဲကျခြင်း

မုဆိုးသည် အစွယ်တို့ကိုရ၍ ဗာရာဏသီပြည်သို့ ပြန်ပြီးလျှင် အစွယ်တို့ကို ရောင်းစားသည်။ ကုန်ပြန်လျှင် ဆင်မင်းထံသွား၍ တောင်းပြန်သည်။ ဆင်မင်းက ပေးလှူသည်။စားစရာကုန်ပြန်လျှင် နောက်ထပ် တောင်းပြန်သည်။ ပေးပြန်သည်။နောက်ဆုံးအကြိမ်၌ ကျေးဇူးကို မသိတတ်သော မုဆိုးသည် ဆင်မင်း၏ ဦးခေါင်းပေါ်တက်၍ အစွယ်နှစ်ဖက်တို့ကို ဖနှောင့်ဖြင့်ခတ်လျက် အသားကို ဟ,စေ၍ လွှဖြင့်အစွယ်ရင်းကိုဖြတ်ပြီး အနိုင်ကျင့်၍ ယူသွားသည်။

ဆင်းမင်းမြင်ကောင်းသော ဥပစာကို လွန်လတ်သော်မြေကြီးသည် ဝန်လေးသော မြင့်မိုရ်၊ ယုဂန္ဓိုရ် စသည်တို့ကို ဆောင်ထားနိုင်သော်လည်း ယောကျ်ားယုတ် မုဆိုး၏ ကျေးဇူးမဲ့ကို

မဆောင်နိုင်သော အလားကဲ့သို့ နှစ်ဖြာခွဲ၍ပေးသည်။ ထိုမြေကြီး အကွဲမှ အဝီစိ ငရဲမီးလျှံထွက်လာ၍ ငရဲမီးလျှံသည် ကျေးဇူးရှင်ကို ပြစ်မှားသော မုဆိုးမိုက်ကိုရစ်၍ ဆွဲယူသွားသည်။ (ဇာတက။ ဋ္ဌ။ ၁။ ၃၃၈။ ၃၄၀)

၇၄။ ကောက်ချက် ဥပဒေသ

ဤဝတ္ထု၌ မုဆိုးသည် ဆင်မင်းက ကျောက်ကုန်းပေါ်တင်၍ ပို့ဆောင်သောကြောင့်သာ မိမိနေရပ်သို့ချောမောစွာပြန်ရောက်သည်။ မိမိ၏ ကျေးဇူးရှင် ဆင်ကြီး၏ အစွယ်ကိုဖြတ်သည်။ တခါ နှစ်ခါဖြင့် မပြီး၊ ထပ်တလဲလဲဖြတ်သည်။ ကျေးဇူးရှင်ကို ပြစ်မှားသောကြောင့် မုဆိုးသည် အဝီစိ ငရဲဟူသော ဒုဂ္ဂတိဘာဝသို့ ကျရောက်ရသည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ကျေးဇူးရှင်၏ ကျေးဇူးတရားတို့ကို သိရှိကြပြီးလျှင် သူ့ကျေးဇူးကို သိတတ်ကြသည့် အတိုင်း ကျေးဇူးဆပ်သင့်ကြသည်။ ပြစ်မှားမှုကိုလည်း ရှောင်ကြဉ်သင့်ကြသည်။ သို့မှသာ "ကတညုတာစ" ပြုအပ်ဘူးသော သူ့ကျေးဇူးကို သိတတ်ကြခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

ကျေးဇူးကြီးလတ်၊ မြင့်မြတ်သူကို
ပြစ်မှားမှုများ၊ ရှောင်ရှားလူပိုလ်
ကျေးဇူးအထူး၊ ပြုဘူးသူကို
ကျေးဇူးဆပ်၊ သတ်မှတ်ကျမ်းဂန်ဆို

အတွဲ ၁၈၊ အမှတ် ၁၆၊ ဗုဒ္ဓဓမ္မလောက
၂၆-၈-၇၃

## ၃၄။ တရားစကား မှတ်သားနာယူ

အခါအခွင့် သင့်တင့်ချိန်၌ တရားတော်ကို နားကြားသင့်ကြသည်။တရားနာခြင်းကို မင်္ဂလာဟု ဗုဒ္ဓမြတ်စွာ ဟောထားသည်။ တရားနာခြင်းကြောင့် ရရှိသည့် အကျိုးကား ပိုင်းဖြတ်၍ မရ စကောင်းချေ။ အခြေခံပါရမီ ကောင်းလာသူဖြစ်ပါမူ လောကီ ကျိုးတွင် မရပ်နားဘဲ လောကုတ္တရာ အကျိုးကိုတောင် သည်ပိုး ရွက်ဆောင်နိုင်သည်။ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ရရှိစေနိုင်သည်။ တရားနာသောသူသည် မင်္ဂလာ ရှိသူ ဖြစ်လာနိုင်သည်။

### တရားနာရာ ကျိုးငါးဖြာ

(၁) မကြားဘူးသောတရားကို ကြားနာရခြင်း
(၂) ကြားဘူးသည်ကို တဖန် သန့်ရှင်း ခိုင်မြဲစေခြင်း
(၃) အယူအမြင် လမ်းမှန်လမ်းဖြောင့်ကို ရနိုင်ခြင်း
(၄) ယုံမှားသံသယ ကင်းပျောက်နိုင်ခြင်း
(၅) စိတ်နှလုံး ကြည်လင်ရွှင်လန်းခြင်း

ဤအကျိုး ငါးပါးကို တရားနာသူတို့မှာ မလွဲတမ်း ရရှိနိုင်သည်။

### လူညံ့တွေမဖြစ်ရေး

အချို့သော ခေတ်လူများသည် ယခု မျက်မှောက်ဘဝ၌ မိမိတို့၏ ချမ်းသာရေးတခုကိုသာလျှင် ကြည့်ကြသည်။မြင်ကြသည်။ သိကြသည်ဟု ဆိုစရာ ဖြစ်နေသည်။ အကြောင်းမှာ တဖက်သတ်

ကျွလွန်းသော လုပ်ငန်းကို တွေ့မြင်ရသောကြောင့် ဖြစ်သည်။ အချို့အချို့သော လူငယ်လူလတ်တို့သည် ပင်္ကိသန္ဓေဉာဏ် ဝိရိယနှင့် စိတ်ကောင်းရှိသူများ ဖြစ်ကြပါလျက် လူညံ့ လူယုတ်တို့နှင့် ပေါင်းသင်းမိ၊ လူညံ့လူယုတ်တို့၏ စကားကိုသာ ကြားနာကြရ၊ လူညံ့လူယုတ်တို့၏စာပေကိုသာ ဖတ်ကြရသည် ဖြစ်သောကြောင့် လမ်းလွဲပြီးလူဆိုး၊ လူယုတ်၊ လူညံ့ ဖြစ်နေကြရသည်ကို ဝမ်းနည်းဖွယ်ရာတွေ့မြင်နေရသည်။အကယ်၍သူတော်ကောင်း မိတ်ဆွေနှင့် ပေါင်းသင်းမိ၊ သူတော်ကောင်းစကားကို ကြားနာ၊ သူတော်ကောင်း စာပေကို ဖတ်လိုက်ရပါလျှင် လူတော် လူကောင်း တယောက် ဖြစ်နိုင်သော အခြေရှိသည်။

၃၆။ နိဂဏ္ဍ ဝတ္ထု

ဗုဒ္ဓမြတ်စွာ လက်ထက်တော်တုန်းက နိဂဏ္ဍ အမည်ရှိသော သူတဦးရှိသည်။ သူ့ကိုယ်သူ ပညာအလွန်တတ်မြောက်သည်ဟု ထင်မြင်နေသည်။ သူ့ဝမ်းထဲမှာ ပညာ အလွန်ပြည့်နေသည်ဟု ယူဆကာ ဝမ်းဗိုက်ပေါက်ကွဲသွားမှာ စိုး၍ သံပြားဖြင့် ဝမ်းကို ပတ်၍ သွားလာနေသည်။ ဝေသာလီမင်းသားကို အတတ်ပညာ သင်ပေးနေသူ ဖြစ်သည်။

နိဂဏ္ဍသည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ စူဠက သစ္စကသုတ် တရားကို နာယူသည်။ နောက်တခါ မဟာသစ္စကသုတ် တရားကို နာသည်။ ထိုသုတ်တို့သည် မူလ ပဏ္ဏာသ စတုတ္ထဝဂ်၌ လာကုန်သည်။ သူ့အမည်ကို သစ္စကဟူ၍လည်း ဆိုကြသည်။

ထိုနိဂဏ္ဍသည် ထိုသုတ်တရားတို့ကိုနာကြားရပါလျက် မဂ်ဖိုလ်ကို သိမြင်သော ဉာဏ်ကို မရရှိချေ။ရဟန်းလည်း မပြု၊ သရဏဂုံ

လည်း မဆောက်တည်။ ဗုဒ္ဓမြတ်စွာသည် အဘယ်မည်သော အကျိုးကို ရည်ရွယ်၍ တရားဟောသနည်းဟူ၍မူ နောက်နောင် သောအခါ ဝါသနာ အကျိုးငှာ ဟောတော်မူသည်။

ထိုစကားသည် မှန်၏။ဗုဒ္ဓမြတ်စွာသည် နိဂဏ္ဌအား ယခုအခါ ၌ မဂ်ဖိုလ်ရနိုင်သော အားကြီးသော အကြောင်းမရှိ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံသည်မှ နောက်(၂၃၅)နှစ် လွန်သောအခါ သီဟိုဠ် ကျွန်း၌ သာသနာ တည်လတ္တံ့ ; ထိုသီဟိုဠ်ကျွန်း၌ နိဂဏ္ဌသည် တဦးသော အမျိုး၌ဖြစ်၍ ကာလကြာသော် ရဟန်းပြုကာ ပိဋက စာပေကိုသင်လျှင် ဝိပဿနာကို ပွားစေ၍ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်၍ ကာဠဗုဒ္ဓရက္ခိတ မည်သော ရဟန္တာ ကြီးဖြစ်မည်ကို မြင်တော်မူသည်။ သို့အတွက် နိဂဏ္ဌကို တရား ဟောတော်မူခြင်း ဖြစ်သည်။

## သီဟိုဠ်ကျွန်း၌ ရဟန္တာဖြစ်ခြင်း

ထိုဆိုခဲ့ပြီးသောအတိုင်း ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံပြီး၍ သီဟိုဠ် သာသနာ ထွန်းလင်းချိန်၌ နတ်ပြည်မှ စုတေ၍ ဒက္ခိဏာဂိရိ ကျောင်းတိုက်၏ ဆွမ်းခံရွာ၌ တဦးသော အမတ်မျိုးအိမ်၌ ဖြစ်၍ ကာလကြာသော် ရဟန်းပြု၍ ပိဋက သုံးပုံကို သင်ယူသည်။ ဗုဒ္ဓ မြတ်စွာ၏ စကားတော် ပိဋကသုံးပုံကို သင်ယူပြီး၍ ရဟန်းသံဃာ ခြံရံလျက် ဥပဇ္ဈာယ်ကို ဖူးမြင်ရန် သွားသည်။

ဥပဇ္ဈာယ်သည် တပည့်ဖြစ်သူကိုအပြစ်တင်လို၍ စကားမပြော ဘဲနေသည်။ "အရှင်ဘုရား၊ တပည့်တော်ကို မည်သည့်အပြစ် ကြောင့်စကားမပြောဘဲ နေပါသနည်း"ဟု လျှောက်ထားသော အခါ "ငါ့ရှင် ဗုဒ္ဓရက္ခိတ၊ သင်သည် ဤမျှဖြင့် ရဟန်းကိစ္စပြီးပြီ

ဟု ထင်နေသည်။ ဂန္ထကိုပယ်ဖျောက်၊ ပပဉ္စကိုဖျက်ဆီးပြီး တရားကို အားထုတ်လော့”ဟု အမိန့်ပေးသည်။ဗုဒ္ဓရက္ခိတသည်ဥပဇ္ဈာယ်၏ အဆုံးအမဥ္ဖတည်၍ တရားကို အားထုတ်သော် ရဟန္တာဖြစ်သွားသည်။ ။(မ။ ဌ။ ၂။ ၁၉၄)

## ၄၄။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ နိဂဏ္ဌသည် တရားတော်ကို ကြားနာရသောကြောင့်သာလျှင် လူတော် လူကောင်းတယောက် ဖြစ်ပြီးလျှင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သွားရသည်။ တရားတော်ကိုမနာကြားရလျှင် လူတော်လူကောင်းတယောက်လည်း မဖြစ်၊ ရဟန္တာလည်းမဖြစ်နိုင်ချေ။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း လောကီလောကုတ္တရာ အကျိုးကို ဖြစ်ထွန်းစေနိုင်သော တရားတော်ကို နာကြားခြင်း ဓမ္မဿဝန ကုသိုလ်ကို ယူသင့်ကြသည်။ သို့မှသာ “ကာလေန ဓမ္မဿဝနံ” သင့်လျော်သောအခါ၌ တရားတော်ကို ကြားနာရခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

လောကီလောကုတ်၊ မယုတ်ကျိုးပြာ
မျက်ကွယ်မျက်မှောက်၊ ကျိုးရောက်ထူးစွာ
တရားတော်များ၊ နာကြားသင့်ပါ
မင်္ဂပိုလ်ထိ၊ ရောက်ဘို့အကျိုးလာ။

အတွဲ ၁၉၊ အမှတ် ၁၇၊ ဗုဒ္ဓဓမ္မလောက
၄–၁၀–၇၃

## ၇၈။ သည်းခံသင့်ကြသည်

သည်းခံခြင်းကို မင်္ဂလာတပါးအဖြစ် ဗုဒ္ဓမြတ်စွာ ဟောမိန့်ထားသည်။ အရာရာကို သည်းခံနိုင်ဖို့ဆိုသည်မှာ အလွန် ခဲယဉ်းသည်။ ပါရမီရင့်ကျက်ပြီးသော သူတော်ကောင်းကြီးများသာ အရာရာကို သည်းခံနိုင်သည်။ သည်းခံခြင်းသည် အကြမ်းစား အနုစား နှစ်မျိုးရှိသည်။ သူတပါး ဆဲဆိုရိုက်နှက်မှုကို သည်းခံခြင်းသည် အကြမ်းစား သည်းခံခြင်းဖြစ်သည်။ အာရုံငါးပါးတို့၌ လိုချင်တပ်မက်လိုက်စား ပျော်ပါး ခံစားလိုခြင်းကို ပယ်ဖျောက်၍ သည်းခံနိုင်ခြင်းသည် အနုစား သည်းခံခြင်းဖြစ်သည်။

### သည်းခံခြင်းအကျိုး

ကြမ်းသောသည်းခံခြင်း မင်္ဂလာနှင့်ပြည့်စုံလျှင် ယခုလက်ငင်းဘဝ၌ပင်လျှင် ကြီးပွားခြင်း၊ ချမ်းသာခြင်း၊ ရောဂါလွတ်ကင်းခြင်း၊ အသက်ရှည်ခြင်း၊ ခြွေရံသင်းပင်း ပေါများခြင်းစသော ကောင်းကျိုးများကို ရရှိနိုင်သည်။နောက်ဘဝများ၌လည်း နတ်သိကြားဖြစ်နိုင်သည်။ သိမ်မွေ့ နူးညံ့သော မင်္ဂလာနှင့် ပြည့်စုံလျှင်ကား နိဗ္ဗာန် မဂ်ဖိုလ်အထိ မျက်မှောက်ပြုနိုင်သည်။

## ၇၉။ အရှင်ပုဏ္ဏမထေရ်

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း ပရိဝုဏ်အတွင်းမှာ ပရိသတ် လေးပါးများစွာအား တရားဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။ ပုဏ္ဏ မည်သော ဒကာ တဦးသည် ငြိမ်သက်စွာ တရားနာနေသော ပရိသတ်အတွင်းသို့ ဝင်၍ တရားနာသည်။ တရားသဘောကို ဆင်ခြင်မိ၍ စည်းစိမ

အားလုံးကို ညီဖြစ်သူ စူဠပုဏ္ဏအား အပ်နှင်း၍ ဗုဒ္ဓမြတ်စွာထံ ရဟန်းပြုသည်။ သူ့ဘွဲ့အမည်ကား မဟာပုဏ္ဏတည်း။ သူတို့ညီအကို ဇာတိဌာနေ ဖွားရာမြေကား ရှေးအခေါ် သုနာပရန္တတိုင်း ခေါ်၏။ ယခု အလို မြန်မာနိုင်ငံဖြစ်သည်။

## ဇာတ်ဌာန မြန်းကာကြ

မဟာပုဏ္ဏသည် သာဝတ္ထိပြည်မှာ ကမ္မဋ္ဌာန်းကို စီးဖြန်းအား ထုတ်ပါသော်လည်း ကမ္မဋ္ဌာန်းနိမိတ် မထင်ဘဲ တရားမပေါက် နိုင်ဖြစ်နေသည်။ "သာဝတ္ထိပြည်ဌာနမှာတော့ သပ္ပါယလျောက်ပတ်မှုမရှိ ဖြစ်နေ၏။ ငါ့ဇာတိ ဌာနေချက်မြုပ်မြေသို့သွား၍ အားထုတ်ရလျှင် တရားပေါက်တန်ရဲ့"ဟု ဆင်ခြင်ပြီးဗုဒ္ဓမြတ်စွာထံ ပြည်တော်ပြန်ဖို့ ခွင့်ပန်သည်။ ဗုဒ္ဓမြတ်စွာကမေး၍ မဟာပုဏ္ဏထေရ်က ဖြေပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

"ချစ်သား ပုဏ္ဏ၊ ဖြစ်နိုင်ပါ့မလား။ မင်းရဲ့ ဇာတိဌာန သုနာပရန္တတိုင်းသားများဟာ အလွန်ကိုယ်ကြမ်း စိတ်ကြမ်းရှိကြ တယ်ကွယ့်၊ မင့်ကို သူတို့က ဆဲရေးတိုင်းထွာနေပြီကွာ။ မင်း ဘယ် လိုသဘောထားမှာလဲ"

"ဆဲရုံသာ ဆဲတာဘဲ၊ ဘော်သေးတာပေါ့။ ရေရွတ်ခြင်းပြု တာမှ မဟုတ်သေးဘဲ၊ တပည့်တော် သည်းခံမှာပေါ့ဘုရား"

"ချစ်သားပုဏ္ဏ၊ ဆဲရုံတွင် မရပ်နားဘဲ မင်းကို ရေရွတ်နေပြီ ကွာ၊ မင်းဘယ်လို သဘောထားအုံးမှာလဲ"

"ရေရွတ်ရုံဘဲဘုရား၊ လက်ဖြင့် ပုဘ်ခတ်ရိုက်နှက်မှု မပြုတာ ကိုဘဲ ကျေးဇူးတင်ရမှာပေါ့"

"ချစ်သားပုဏ္ဏ၊ဒီတွင်မရပ်နားဘူးကွယ်၊ မင်းကိုလက်ဖြင့်ရိုက်နှက်ပုတ်ခတ်လာရင်ကော ဘယ်နှယ်ဆက်လုပ်အုံးမှာလဲ"

"သူတို့က လက်ကလေးနဲ့ ရိုက်နှက်ရုံဘဲဘုရား၊ အုတ်ခဲဖြင့် မပေါက်တာကိုဘဲ တပည့်တော် ကျေနပ်ပါပြီ"

"ကိုင်းအုတ်ခဲဖြင့် ပေါက်ပြီကွာ၊ မင်းဘယ်လိုလုပ်မှာလဲ"

"တောင်ဝှေး ဆောက်ပုတ်တို့ဖြင့်မရိုက်နှက် မပုတ်ခတ်တာကိုဘဲ ကျေးဇူးတင် မဆုံးနိုင်ပါ"

"တောင်ဝှေး ဆောက်ပုတ်တို့ဖြင့် ရိုက်နှက် ပုတ်ခတ်လာရင်ကောကွာ"

"လက်နက်တို့ဖြင့် မပစ်ခတ်တာကိုဘဲ ကျေး ဇူး တင် အုံးမှာပါ"

"နောက်ဆုံး လက်နက်တို့ဖြင့် ပစ်ခတ်နေပြီကွာ"

"အသက်သေအောင် မသတ်တာကိုဘဲ ချီးကျူးအုံးမှာဘဲဘုရား"

ဤဆိုခဲ့ပြီးသော (၇) ဌာနတို့၌ သည်းခံနိုင်သော မဟာပုဏ္ဏကို ဗုဒ္ဓမြတ်စွာက ချီးကျူး၍ကမ္မဋ္ဌာန်း အားထုတ်နည်းပေးလိုက်ပြီးလျှင် သုနာပရန္တတိုင်းသို့ သွားခွင့်ကို ပေးတော်မူလိုက်သည်။ မဟာပုဏ္ဏထေရ်သည် ဗုဒ္ဓမြတ်စွာကို ရှိခိုးဦးချ၍ ဇာတိဌာနသုနာပရန္တတိုင်းသို့မြန်းကြွတော်မူသည်။

## ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုခြင်း

မဟာပုဏ္ဏထေရ်သည် သုနာပရန္တတိုင်း မကုလက ကျောင်း၌ ဝါကပ်တော်မူ၍ ထိုဝါတွင်း၌ပင်လျှင် တရားဘာဝနာကို ကျိုးစားအားထုတ်သော် ရဟန္တာဖြစ်တော်မူသည်။ သုနာပရန္တတိုင်း

သားတို့အား ငါးပါးသီလကိုပေး၍ ယဉ်ကျေးအောင် ဆုံးမပြီး တရား ဒေသနာအမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။ ဤသုနာပရန္တတိုင်းမှာဘဲ ပရိနိဗ္ဗာန် ပြုတော်မူသည်။ (ဥပရိ။ ဌ။ ၂၃၃)

## ၁၀။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ မဟာပုဏ္ဏထေရ်သည် သည်းခံခြင်း ခန္တီတရားကို လက်ကိုင်ထားသည်။သည်းခံခြင်း မင်္ဂလာနှင့် ပြည့်စုံသည့်အတွက် နိဗ္ဗာန် မျက်မှောက်ပြုသည်အထိ အကျိုးပေးသွားသည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ဤကဲ့သို့ နိဗ္ဗာန် မျက်မှောက်ပြုသည့်တိုင်အောင် အကျိုးရှိသော သည်းခံခြင်းတရားကို လက်ကိုင်ထားကာ လက်တွေ့အကောင်အထည်ဖော်သင့်ကြသည်။ သည်းခံခြင်းဖြင့် ဂုဏ်ယူသင့်ကြသည်။ သည်းခံခြင်းဖြင့် အရာရာကို အောင်နိုင်စေသင့်ကြသည်။ လောကီ လောကုတ္တရာ ကြီးပွားတိုးတက်စေလိုပါလျှင် သည်းခံခြင်း မင်္ဂလာနှင့် ပြည့်စုံအောင် ကြိုးစားသင့်ကြသည်။သည်းခံခြင်း အလုပ်သည် သူတော်ကောင်းတို့၏ အလုပ်ဖြစ်သည်။ သို့မှသာ "ခန္တီစ" သည်းခံခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

သည်းခံကျိုးရှိ၊ တိုး၏ကုသိုလ်
သည်းခံစိတ်ကား၊ ဆောင်ထားလူဗိုလ်
မျက်ကွယ်မျက်မှောက်၊ ကျိုးရောက်ထိုထို
သည်းခံငြား၊ မိန့်ကြားမင်္ဂလာဆို။

အတွဲ ၁၉၊ အမှတ် ၁၉၊ ဗုဒ္ဓမေ့လောက
၁၉-၁၀-၇၃

## ၈၁။ ဆိုဆုံးမသည်ကို နာယူဖို့

အနုနည်းအားဖြင့် ဆိုဆုံးမခြင်း၊ အကြမ်းနည်းအားဖြင့် ဆိုဆုံးမခြင်း၊ အနုအကြမ်းအားဖြင့် ဆိုဆုံးမခြင်းအားဖြင့် ဆိုဆုံးမခြင်း သုံးမျိုးရှိသည်။ မည်သူက ဆုံးမသည် ဖြစ်စေ။ မည်သည့်နည်းဖြင့် ဆုံးမသည် ဖြစ်စေ။ ဆိုဆုံးမသော အရာမှာ အကျိုးစီးပွားဖြစ်ထွန်းပါလျှင် ရတနာ ရွှေအိုးကြီးကို ကောက်ရလာသူပမာ လက်ခံကျင့်သုံးရမည်သာ ဖြစ်သည်။

ဤယခုခေတ်၌ ပြောဆိုဆုံးမထိုက်သော သူတို့က ပြောဆိုဆုံးမသည်ကို နားထောင်လွယ်သူများ အလွန်ရှားနေသည်။ တဦးနှင့် တဦး မဆုံးမရဲ မပြောဆိုရဲ လောက်အောင် ပင်ကြောက်စရာကောင်းသော ခေတ်ကြမ်းကြီး ဖြစ်နေသည်။ ခေတ်ကြမ်းဆိုသည်မှာ လူတွေက ကြမ်းလာခြင်းဖြစ်သည်။ လူတွေက နုလာကြမည်ဆိုပါလျှင် ခေတ်နု ခေတ်ကောင်းကြီး ဖြစ်လာနိုင်သော အခြေရှိသည်။ ခေတ်ကောင်းကြီး ဖြစ်လာရန် ဆိုဆုံးမသည်ကို နာယူခြင်း မင်္ဂလာရှိသင့်ကြသည်။

### သူတော်ကောင်းကြီး

အရှင် သာရိပုတ္တရာသည် ဗုဒ္ဓမြတ်စွာက လွဲလျှင် ပညာအရာအသာဆုံး ထိပ်သီးပုဂ္ဂိုလ်ကြီးဖြစ်သည်။ သို့ပါသော်လည်း ဆိုဆုံးမသည်ကို နာခံတော်မူသည်။ အခါတပါး၌ သက်နှစ်မည်မှ ပြည့်တော်ဝတ်မိသော အရှင်သာရိပုတ္တရာကို သာမဏေငယ် တပါးက သတိပေး လျှောက်ထားသည်။ ကျေးဇူးတင်စွာနှင့်ချက်ချင်းပြင်ဆင်ဝတ်ပြီးလျှင် နောက်၌လည်း ဤကဲ့သို့ပြောကြားပါဟု ဆရာ

တင်၍ ဖိတ်ကြားသည်။ ဤ သူတော်ကောင်းကြီး၏ အတုကို ယခုခေတ် ပညာရှင်တို့ လေးစားသင့်ကြသည်။

## ၈၂။ သမင်ငယ်ဝတ္ထု

တောင်ငါးလုံးကာခိုတဲ့ ရာဇဂြိုဟ်ပြည်ကြီးဟာ စည်ကား သာယာလျက် မြို့ကြီးအင်္ဂါနှင့် ညီညွတ်သည်။ ရာဇဂြိုဟ်မြို့ကို အုပ်ချုပ်သော ဘုရင်ကလည်း တရားနှင့်အညီ တိုင်းသူပြည်သား များကို သနားကြင်နာစွာ ထိန်းသိမ်းစောင့်ရှောက်သည်။အစာ ဆန်ရေ ပေါများ၍ လူများလည်း ချမ်းသာ၊တိရစ္ဆာန်အပေါင်း လည်း ချမ်းသာကြသည်။ ထို အခါကောင်း ခေတ်ကြီး၌ ဘုရား အလောင်းတော်သည် သမင်မျိုးမှာ ဖြစ်တော်မူသည်။ ဘုရား အလောင်းတော်၏ နှမသည် မိမိ၏သားငယ်ကို ခေါ်ဆောင်လာ ၍ မိဂမာယာကို သင်ကြားပေးဖို့ အပ်နှံထားသည်။

### သမင်ငယ်၏ ဆုံးမလွယ်သောဂုဏ်

ဘုရားအလောင်းတော် သမင်သည် တူဖြစ်သော သမင်ငယ် ကို နေ့စဉ်နေ့တိုင်း မိဂမာယာ မျိုးစုံကိုသင်ကြားပေးသည်။ဘေး လွတ်အောင် ရှောင်ကွင်းနည်း၊ ပြေးနည်း၊ လွှားနည်း၊ လူသား တို့နှင့် တွေ့ကြုံလျှင် မာယာသုံးနည်း။ အစာရှာသင့်သောအရပ်၊ အစာမရှာသင့်သောအရပ်၊ ရေသောက်သင့်သော အရပ်၊ ရေ မသောက်သင့်သော အရပ်၊အစရှိသော ဦးရီးသမင်ကြီး သင်ကြား ပေးသော အဆုံးအမတို့ကို နာခံ မှတ်သားသည်။ တသွေမတိမ်း လိုက်နာကျင့်ကြံသည်။ ဤသမင်ငယ်သည် ဆိုဆုံးမလွယ်သော ဂုဏ်နှင့် ပြည့်စုံသည်။

## ကျော့ကွင်းမိခြင်း

မိဂမာဃာကို သင်ကြားပြီးသော သမင်ငယ်သည်တနေ့သော အခါ နံယ်လွန်၍ တောတခွင်၌ ကျက်စားရာ မုဆိုးထောင်ထားသော ကျော့ကွင်းမှာ မိနေသည်။ကျော့ကွင်း၌မိနေ၍ သမင်ငယ်မှာ ထိတ်လန့်ပြီး အသံထွက်အောင် မြည်အော်သည်။ သမင်အပေါင်းကြားသိ၍ သမင်ငယ်၏ အမိ သမင်မအား အကြောင်းကြားသည်။ သမင်မသည် မောင်ကြီးထံသွား၍"တူတော်မောင်ကို မိဂမာဃာ အတတ်ကို ကောင်းစွာသင်ကြားထားပါရဲ့လား" ဟု မေးသည်။

"အို နှမ၊ ငါသည် နံပါးနှစ်ဖက်ဖြင့် အိပ်ခြင်း၊အဖြောင့်အိပ်ခြင်း၏ အစွမ်းဖြင့် သုံးပါးသော အခြင်းအရာတို့ဖြင့် အိပ်ခြင်းရှိသော၊များသောလှည့်ပတ်ခြင်းရှိသော၊ ခွာရှစ်ခုတို့နှင့် ပြည့်စုံသော၊ ညဥ့်ဦးယံကိုလွန်၍ သန်းခေါင်ယံမှ တောကလာ၍ ရေကိုသောက်လေ့ရှိသော ငါ့တူသမင်အား မိဂမာဃာကို သင်ကြားထားပြီ၊ တူသမင်သည် သေနေယောင်ဆောင်၍ အသက်မရှူမရှိုက်ဘဲ မုဆိုးကို အနိုင်ယူပါလိမ့်မည်"ဟု ၀မ်းသာအားရ သမင်မင်းက ပြောပြသည်။

### မိဂမာဃာ အစွမ်း

ကျော့ကွင်းမိသော သမင်ငယ်သည် မတုန်မလှုပ် မူ၍သာလျှင် လက်ျာနံပါးဖြင့် လက်ခြေတို့ကို ဆန့်လျက် အိပ်၏။ခြေတို့၏ အရပ်၌ ခွာတို့ဖြင့် ကန်၍ မြက် မြေတို့ကို ဖရိုဖရဲ ဖြစ်စေလျက် ကျင်ငယ် ကျင်ကြီးတို့ဖြင့် ပေတေစေကာ ဦးခေါင်းကို ကျစေ၍ လျှာကို ထုတ်ထားသည်။ ကိုယ်ကိုတံတွေး လိမ်းကျံစေသည်။

လေကိုယူသဖြင့် ဝမ်းကို ဖူးဖူးရောင်သည်ကိုပြု၍ မျက်စိတို့ကိုလည် စေသည်။ အောက်နား နှာခေါင်းဖြင့် ထွက်သက် ဝင်သက်လေကို သွားလာစေသည်။ အထက်နံ့ား နှာခေါင်းဖြင့် ထွက်သက်ဝင်သက် လေကို ချုပ်စေသည်။ ကိုယ့်အလုံးကို တောင့်တင်းသည်ကို ပြု၍ သေဟန်ကိုပြသည်။ ယင်အုံသည်။ ကျီးနားသည်။

မုဆိုးသည် လာလတ်၍ ဝမ်းကိုလက်ဖြင့် ခတ်ကြည့်ပြီး စော စောက မိ၍ သေနေတာဖြစ်ခဲ့ည်ဟု ကြိုးတို့ကိုဖြေသည်။ သမင်ကို ဖျက်၍ အသားကို ယူမည်ဟု သစ်ခက်ခုတ်ရန် သွားသည်။ သမင် သည် ကျော့ကွင်းပြေနေ်သည်ကိုသိ၍ လျှင်မြန်စွာထပြီး မိခင်ထံ အမြန်ပြေးသည်။ (ဇာတက။ ၌။ ၁။ ၁၇၇)

## ဂ၃။ ကောက်ချက်ဥပဒေသ

ဤဝတ္ထု၌ ရာဟုလာအလောင်း သမင်ငယ်သည် ဦးရီးသမင် ကြီး၏ အဆုံးအမကို နာခံသည်။ မူလကပင် မိဂမာယာကို သင် ကြားမှတ်သားထားသည်။ ဆိုဆုံးမ လွယ်သည်ဖြစ်၍ ဤကဲ့သို့ သေဘေးမှ လွတ်မြောက်ခြင်းဖြစ်သည်။

သင်စာရှုသူ မမ မိဘ်ဆွေတို့သည်လည်း ဘေးအမျိုးမျိုးတို့မှ လွတ်မြောက်စေတတ်ရုံမျှမက လူတော်လူကောင်းတယောက်ဖြစ် စေနိုင်သော ဆိုဆုံးမသည်ကို နာယူခြင်း ရှိသင့်ကြသည်။ သို့မှသာ "သောဝစဿတာ" ဆိုဆုံးမသည်ကို နာယူခြင်း မင်္ဂလာနှင့်ပြည့်စုံ ကြပေလိမ့်မည်။

သိက်ဆိုင်သူများ၊ မှတ်သားဖွဲ့ရာ
မိန့်ဟမြွက်ကြား၊ စကားဖြာဖြာ
နာခံသူပေါင်း၊ လွတ်ကြောင်းဘေးကွာ
ဟောမိန့်ပြ၊ ဗုဒ္ဓမင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၂၀၊ဗုဒ္ဓဓမ္မလောက
၂၅-၁၀-၇၃

## ၈၄။ ရဟန်းတို့ကို ဖူးမြင်ခြင်း

ကိလေသာမီး ငြိမ်းပြီး ငြိမ်းဆဲ ငြိမ်းလတ္တံ့သော ရဟန်း သံဃာတော်မြတ်များကို ညွတ်တွား ကော်ရော်ခြင်း၊ ဖူးမြှော် မာန်လျှော့ ကန်တော့ ရှိခိုးခြင်း၊ လေးစားခြင်း၊ပူဇော်ခြင်းသည် ဝဋ်ကင်းရာအကြောင်း ကုသိုလ်ကောင်းဖြစ်သည့်အတွက် မင်္ဂလာ ဖြစ်သည်။

### ရဟန်းသုံးမျိုး

ကျင့်ဝတ် ဝိနည်းတရားတော်နှင့်ညီညွတ်စွာနေထိုင်၍ ကိလေသာ ကုန်ကြောင်းဖြစ်သော ဘာဝနာတရားကို ပွားများအား ထုတ်သူသည် သမဏ ရဟန်းမည်သည်။ကိလေသာ ကုန်ခမ်းပြီး သော ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါများနှင့် စင်ကြယ်သောအကျင့် သီလဖြင့် တရားအလုပ်ကို အားထုတ် ကျင့်သုံးနေသော သူသည် ဗြာဟ္မဏရဟန်းမည်သည်။ ရဟန်းကျင့်ဝတ်နှင့် ပြည့်စုံသောသူ၊ သူတပါးထံ အလှူခံ၍ တောင်းရမ်း ဝတ်ဆင် စားသောက်တတ် သောသူ၊ သံသရာ ဝန်ဘေးကိုလေး၏ဟု ရှုလေ့ရှိသော သူများ သည် ဘိက္ခုရဟန်းမည်သည်။

မင်္ဂလသုတ် သမဏာ ဗြာဟ္မဏာနံ။ ၌ဗြာဟ္မဏာအရဆန်တောင်း ဗေဒင် ဟောပြောချင်ရာ ပြောနေသော ပုဏ္ဏားတွေကိုယူရမည် မဟုတ်ချေ။ သမဏပုဒ်အရလည်း ရဟန်း၊ ဗြာဟ္မဏပုဒ်အရလည်း ရဟန်းကိုပင် ယူရမည်ဟု မှတ်သားထားသင့်သည်။

## အအေးဓာတ် ကူးစက်ပုံ

ကိလေသာ ကင်းဝေး၍ သောက ဗျာပါဒ မရှိသော ရဟန်းတော်များကို ဖူးမြင်ရမှုသက်သက်သည်ပင် အအေးဓာတ် ကူးစက်၍ ဖူးမြင်ရသူတို့၏ သန္တာန်၌ အခိုက်အတန့်ပင် ဖြစ်သော်လည်း စိတ်နှလုံးကြည်သာ အေးချမ်းခွင့်ကို ရရှိကြလေသည်။ အအေးဓာတ်ရှိသော ရွှေလမင်းကြီးကို ကြည့်ရသောအခါ လ, ရောင်နှင့် တွေ့ထိကြရသည့်အခါတို့၌ လူတို့၏ စိတ်ဓာတ်နှင့်တကွ ရုပ်ဓာတ်သည်လည်း ချမ်းခမြ့ ကြည်လင် ရွှင်လန်း၍ အေးမြခွင့်ကို ရရှိကြသည်နှင့် တူလေသည်။

ရဟန်းတော်သည် ရွှေလမင်းနှင့် တူသည်။ ရဟန်းတော်၏ သန္တာန်၌ ကိလေသာ ငြိမ်းအေးသော သဘောသည် လမင်း၏ အအေးဓာတ်နှင့် တူလေသည်။ ရဟန်းတော်ကို ဖူးမြင်ရသောသူသည်လည်း ရွှေလမင်းကို ကြည့်သောသူနှင့် တူလေသည်။ ရဟန်းတော်၏ အအေးဓာတ် သဘောသည် ဖူးမြင်သောသူ၏ သန္တာန်၌ တွေ့ထိ၍ အေးမြသည်နှင့် တူလေသည်။ လမင်း၏ အအေးဓာတ်သည် လမင်းကိုကြည့်သောသူ၏ သန္တာန်၌ တွေ့ထိ၍ အေးမြသည်နှင့် တူလေသည်။

## ၇၅။ ခင်ပုပ်ငှက်တကောင်

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ဝေဒိဿကတောင်ဇာလန္ဒသာလ ဂူ၌ သီတင်းသုံးတော်မူသည်။ နံနက်ခင်း၌ ရှေးဘုရားရှင်တို့၏ ထုံးစံတော်ကို လေးစားသောအားဖြင့် ဆွမ်းခံရွာသို့ ဆွမ်းခံကြွ တော်မူသည်။ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကလည်း နောက် တော်က အမြဲပါလျက်ရှိသည်။အခြား ရဟန်းသံဃာများလည်း ဗုဒ္ဓမြတ်စွာ နောက်တော်ပါးက ခစားလျက် လိုက်ပါကြသည်။ "မသိသူကျော်သွား သိသူဖော်စား"ဆိုသကဲ့သို့ ဆွမ်းလောင်းလို သူတို့နှင့်တကွ ဖူးမြော်ကြည်ညိုသူတို့မှာလည်း အကျိုးအာနိသင် မရေတွက်နိုင်အောင် ရရှိနေကြသည်။

ခင်ပုပ်ငှက် တကောင်သည် အဟိတ်တိရစ္ဆာန်ဘဝ ဖြစ်နေ ငြားသော်လည်း သဒ္ဓါကြည်ညိုစိတ်ရှိသည်။ သဒ္ဓါကြည်ညိုစိတ် ရှိသည့်အတွက် ဗုဒ္ဓမြတ်စွာ ဆွမ်းခံကြွတော်မူသောအခါ လမ်း တဝက်ရောက်အောင် နှုတ်ဆက်လိုက်ပို့သည်။ ဆွမ်းခံရွာမှ ပြန်ကြွ တော်မူသောအခါ၌လည်း လမ်းတဝက်တိုင်အောင် ကြိုဆိုတတ် သည်။

### ကောင်းကင်မှသက်၍ ရှိခိုးခြင်း

စိတ်ကောင်းရှိသော ထိုခင်ပုပ်ငှက်သည် တနေ့သောအခါ၌ ညချမ်းအခါ ရဟန်းသံဃာခြံရံလျက်နေတော်မူသော ဗုဒ္ဓမြတ်စွာ ကို ကောင်းကင်မှ သက်ဆင်း၍ အတောင်ချင်းယှက်ကာ ရှိခိုး သည်။ အတောင်တို့ကို ညွတ်သဖြင့် လက်အုပ်ချီ၍ ဦးခေါင်းကို အောက်သို့ချပြီးလျှင် ဗုဒ္ဓမြတ်စွာကို ဦးညွတ်လျက်တည်နေသည်။

အတော် လိမ်မာရေးခြားရှိသော ငှက်ကလေးဖြစ်သည်။ လူသား တောင်မှ ဤကဲ့သို့ အမှုမျိုးကို လူတိုင်းပြုလုပ်နိုင်မည် မထင်ချေ။ ရိုသေကိုင်းရှိုင်းရာ၌ နည်းယူဖွယ်ဖြစ်သည်။ မာန်မာန နှိမ်ချပြီး သားဖြစ်နေသည်။

## ပြုံးတော်မူခြင်း

ဗုဒ္ဓမြတ်စွာသည် ထိုခင်ပုပ်ငှက်၏ အမူအရာကို မြင်တော်မူ၍ပြုံးတော်မူသည်။ အာနန္ဒာအရှင်မြတ်က ပြုံးတော်မူခြင်း၏ အကြောင်းကိုမေးလျှောက်သည်ဖြစ်၍ မိန့်တော်မူသည်မှာ

"အာနန္ဒာ၊ ခင်ပုပ်ငှက်ကို ကြည့်လော့၊ ဤခင်ပုပ်ငှက်သည် ငါဘုရား၌ရင်း၊ သံဃာတော်များ၌ရင်း ကြည်ညို နေသည်။ ဖူးမြင်နေသည်။ ကုသိုလ်တွေကို ရနေသည်၊ ဤကောင်းမှုကြောင့် ကမ္ဘာတသိန်းပတ်လုံး လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ပြီးလျှင် နောင်အခါ သောမနဿမည်သော ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည်"ဟူ၍ ဖြစ်သည်။

## ရုက္ခစိုးနတ်စကား

ထိုအခါ ရုက္ခစိုးနတ်သည် "ဝန်းသော မျက်စိရှိသော ဝေဒိသာက တောင်၌ ရှည်ကြာ လေးမြင့်နေသော ကောသိယ အနွယ်ဖြစ်သော အရှင်ခင်ပုပ်ငှက်၊ သင်သည် ညချမ်းအခါ၌ နေ့သန့်တော်မူရာမှ ထသော ဘုရားမြတ်စွာကို ဖူးမြင်၏။ သင်သည် ချမ်းသာခြင်းသို့ ရောက်ရ၏"ဟု ပြောဆိုသည်။ (မူလပဏ္ဏာသ။ ၄။ ၁။ ၃၂၂)

## ၈၆။ ကောက်ချက် ဥပဒေသ

ဤဝတ္ထုတွင် ခင်ပုပ်ငှက်သည် ဗုဒ္ဓမြတ်စွာနှင့် သံဃာတော်များကို ဖူးမြင်ရခြင်းကြောင့် မင်္ဂလာဖြစ်ရုံမျှမက ကမ္ဘာတသိန်း အပါယ်မလားဘဲ လူ့ပြည်နတ်ပြည် ကျင်ရသည်။ နောက်ဆုံး ပစ္စေက ဗုဒ္ဓါအဖြစ် ဗျာဒိတ်ရသည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ရဟန်းတော်တို့ကို စိတ်ကောင်းစိတ်မြတ် မွေးမြူကာ ကြည်ညို ဖူးမြင်သင့်ကြသည်။ သို့မှသာ "သမဏာနဉ္စ ဒဿနံ" ရဟန်းတို့ကို ဖူးမြင်ခြင်း ဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

မြတ်စွာဗုဒ္ဓါ၊ သံဃာ့ဂုဏ်တော်
အာရုံစိတ်မှန်း၊ ရှင်လန်းဖူးမြော်
ဖူးမြင်အကျိုး၊ ဆင့်တိုးထင်ပေါ်
နိဗ္ဗာန်မြတ်၊ ရတတ်အကျိုးဖော်။

အတွဲ ၁၉၊ အမှတ် ၂၁၊ ဗုဒ္ဓဓမ္မလောက
၂-၁၁-၇၃

## ၈၇။ တရားဆွေးနွေးခြင်း

တရားဆွေးနွေးသင့်သော အခါကို ညဦးနှင့် နံနက်စောစော အချိန်ဟု ကျမ်းဂန်၌ ပြထားသည်။ စိတ် ဆုတ်နစ်သောအခါ၊ ပျံ့လွင့်သောအခါ၊ ယုံမှားသံသယ ဖြစ်သောအခါ၊ ထိုစိတ်ညစ်များကို ပယ်ဖျောက်ဖို့ရာ တရားဆွေးနွေးခြင်းသည် သင့်လျော်သော အခါဖြစ်သည်။ မိမိက အလုပ်အားလပ်သောအခါ တရားဆွေးနွေးဖက်လည်း အသင့်ရှိနေသောအခါများမှာ တရားဆွေးနွေးဖို့ရာ သင့်လျော်သော အချိန်အခါများပင် ဖြစ်သည်။

တရားဆွေးနွေးခြင်းကို လူကြီးများသာ ဆွေးနွေးသင့်သည် မဟုတ်ချေ။ ယခုခေတ် လူငယ်များလည်း ဆွေးနွေးသင့်သည်။ အမှန်က တရားမည်သည် စိတ်ကောင်းထားတတ်ခြင်း မတရားကို ရှောင်၍ တရားကို လေးစားတတ်ခြင်း၊ ဝီရိယ၊ သတိ၊ သမာဓိ ပညာ စသောတရားများ တိုးပွားစေခြင်းဖြင့် လောက ကြီးပွားရေး၊ မမှုကြီးပွားရေး နှစ်ဖက်စလုံးကို အားပေးတတ်သည်။ သို့အတွက် တရားဆွေးနွေးသော အစည်းအဝေးကလေးများ မကြာ မကြာ ကျင်းပ၍ ပြောသူကပြော၊ နားထောင်သူက နားထောင်လျှင် အလွန်အကျိုး ရှိနိုင်သည်။ "သူတော်ကောင်း မရှိရာ သဘင်မှာ သဘင်မဟုတ်။ တရားစကားမပြောကြားသူမှာ သူတော်ကောင်း မဟုတ်"ဟု ကျမ်းဂန်လာ စာတိုကလေးသည် တန်ဖိုးရှိလှသည်။

## ဒေါသရှေ့ထားအမင်္ဂလာ

မေတ္တာစိတ်ဖြင့် သိစေချင်၊ နားလည်စေချင်သော စိတ်ထားဖြင့်သာ ဆွေးနွေးသင့်သည်။ ဒေါသရှေ့ထားကာ "ငါသာလျှင် တတ်သည်။ ငါသာလျှင် သိသည်"ဟူသော မာနထားကာ ဆွေးနွေးကြလျှင် မင်္ဂလာသဘင် မဖြစ်ဘဲ အမင်္ဂလာသဘင် ဖြစ်သွားတတ်သည်။ မိမိတတ်ကြောင်းကို ပြလိုခြင်း၊ အခြားသူကို နှိပ်လိုခြင်း၊ အမှားထောက်ပြသောအခါ မခံချင်ခြင်း၊ စိတ်ဆိုးခြင်း စသည်များကို ရှောင်ပယ်သင့်သည်။

## ၈၈။ မိလိန္ဒမင်းကြီး

မိလိန္ဒမင်းကြီး မရှင်းမလင်းဘဲ မိမိဉာဏ်၌ နှစ်စွန်းနှစ်ခွထွက်နေသော အချက်များကို အရှင်နာဂသေနထံ မေးလျှောက်

ဆွေးနွေးခွင့်ရသဖြင့် ဉာဏ်၌ ရှင်းလင်းပြတ်သားပြီး ယုံမှားသံသယကင်း၍ သာသနာတော်၌ ဝင်ရောက်ရဟန်းပြုရာ ထင်ရှားသော ရဟန္တာတပါးဖြစ်ရသည်။

## ဆွေးနွေးခြင်းသည် မဆုတ်မယုတ်

တန်ဖိုးမဖြတ်နိုင်သော နိဗ္ဗာန်ရောက်ကြောင်း ဆွေးနွေးမှုသာမဟုတ်။ လောက ကြီးပွားရေးတရား၊ တိုင်းပြည်သာယာစည်ပင်ရေးတရား၊ အစိုးရ တည်မြဲရေး တရား၊ မြို့ရွာ ရပ်ကွက် အိမ်ထောင်စည်ပင် ကြီးပွားရေး၊ ခိုင်ခန့် တည်မြဲရေး သဘောတရားတို့ကိုပါယူ၍ အလုပ်ကိစ္စနှင့် စပ်လျဉ်းသော အရာတို့ကိုလည်း အုပ်ချုပ်သောသူတို့အချင်းချင်း မကြာမကြာမပြတ်မပြတ်စည်းလုံးညီညွတ်တိုင်ပင်ဆွေးနွေးကြခြင်းသည်လည်းမင်္ဂလာဖြစ်ရုံသာမက မဆုတ်ယုတ်ကြောင်း၊ကြီးပွားကြောင်း မည်သည်သာဖြစ်သည်။

## လိစ္ဆဝီတို့ ဆွေးနွေးခြင်း

ဗုဒ္ဓမြတ်စွာ လက်ထက်တုန်းက ဝေသာလီပြည်မှာ လိစ္ဆဝီမင်းတို့ အုပ်စိုးသည်။ ရာဇဂြိုဟ်ပြည်မှာ အဇာတသတ် အုပ်စိုးသည်။ ဤသို့ အုပ်စိုးကြချိန်၌ဝေသာလီပြည်နှင့် မာဂဓတိုင်း နယ်စပ်၌ အဖိုးများစွာ ထိုက်တန်သော ဝတ္ထုပစ္စည်းတို့သည် တောင်ခြေမှ ထွက်လျက် ရှိကြသည်။ ထိုပစ္စည်းတို့ကို အဇာတသတ်မင်းသည် နက်ဖန်သွားယူမည်၊ သဘက်ခါသွားယူမည်ဟု ကြံစည်နေဆဲ၌ပင် ဝေသာလီပြည်ရှင် လိစ္ဆဝီမင်းတို့ ကြားသိ၍ အဇာတသတ် အရင်ဦးအောင် ယူနှင့်ကြသည်။ အဇာတသတ်မင်းသည် အလွန်စိတ်ဆိုး၍ လိစ္ဆဝီမင်းဘို့ကို နှိပ်ကွပ်ဖို့ အလိုရှိနေသည်။

ထိုသို့နိုပ်ကွပ်လိုသော်လည်း လိစ္ဆဝီမင်းတို့သည် ညီညွတ်ကြ၍ တိုင်ပင် ဆွေးနွေးမှုကို မကြာ မကြာပြုသောကြောင့် အမှတ်မဲ့ နိုင်လိုကာမျှဖြင့် သွားရောက်ဖျက်ဆီး၍ ဖိနှိပ်နိုင်မည် မဟုတ်ချေ။ တိုင်ပင်သင့်သော ပညာရှိကြီးများနှင့် တိုင်ပင် ပြုလုပ်မှသာ သင့်တော်မည်ဟု ဗုဒ္ဓမြတ်နှင့် တိုင်ပင်ဖို့ စီစဉ်သည်။

## ဝဿကာရကို နိုင်းခြင်း

အဇာတသတ်သည် အမတ်ချုပ်ကြီးဝဿကာရကို ဗုဒ္ဓမြတ်စွာ ထံ စေလွှတ်စုံစမ်းခိုင်းသည်။ ဝဿကာရက ဗုဒ္ဓမြတ်စွာအား အဇာတသတ်မင်း မှာကြားသောအတိုင်း လျှောက်ထားသည်။ ဝဿကာရ အမတ်ကြီး မျက်မှောက်မှာဘဲ ဗုဒ္ဓမြတ်စွာက အရှင် အာနန္ဒာကို အပရိဟာနိယ မဆုတ်ယုတ်ကြောင်း (၇) ပါးကို ဟောကြားသည်။ အညီအညွတ် စည်းဝေး ဆွေးနွေး တိုင်ပင် ခြင်းသည် ကြီးပွားကြောင်း အပရိဟာနိယ အင်္ဂါ (၁)ပါးဖြစ် သည်။ လိစ္ဆဝီမင်းတို့သည် အဆိုပါ အညီအညွတ် စည်းဝေး ဆွေးနွေးတိုင်ပင်ခြင်း အပရိဟာနိယ အင်္ဂါတပါးနှင့်တကွ အပရိ ဟာနိယ အင်္ဂါ (၇) ပါးလုံးကို ဖြည့်ကျင့်နေထိုင်ကြသည်။

## ဗုဒ္ဓမြတ်စွာ မိန့်စကား

လိစ္ဆဝီတို့သည် အပရိဟာနိယတရား (၇) ပါးတို့နှင့် ညီညွတ် စွာနေသမျှ ကာလပတ်လုံး မဆုတ်ယုတ်နိုင်၊ ဆက်လက် ကြီးပွား တိုးတက်နိုင်သည်။

၁။ မပြတ်ဆွေးနွေး တိုင်ပင်ခြင်း။

၂။ အညီအညွတ် ပြုဖွယ်ကိစ္စတို့ကိုပြုခြင်း။

၃။ ရှေးမင်းတို့ ဥပဒေကို မဖျက်ဆီးခြင်း။

၄။ ကြီးသော သူတို့၏စကားကို ရိုသေလေးစားခြင်း။
၅။ အမျိုးသမီးတို့ကို အနိုင်အထက်ပြု၍ အိမ်ထောင်မပြုခြင်း။
၆။ ပေးကမ်းမြဲ ဗလိနတ်စာကို တင်ကြခြင်း၊
၇။ ရဟန္တာ အရှင်မြတ်တို့ ကြွလာရေးကို မြှော်လင့်၍ ကြွလာသောအခါ ပူဇော် လှူဒါန်းခြင်း။

(ဒီဃ။ ၄။ ၂။ ၁၀၆၊ ၁၁၁)

## ၇၉။ ကောက်ချက် ဥပဒေသ

ဤဝတ္ထု၌ လိစ္ဆဝီမင်းတို့သည် မဆုတ်ယုတ်ကြောင်း တရား (၇)ပါးတို့တွင် နံပါတ် (၁) မပြတ်ဆွေးနွေး တိုင်ပင်ခြင်းကို အမြဲပြုကြ၍ ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာနှင့် ပြည့်စုံအောင် နေထိုင်ကြသည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း လောကီလောကုတ္တရာ ကြီးပွားရေးအတွက် လောကရေးရာ၊ ဓမ္မရေးရာ တရားသဘောတို့ကို ဆွေးနွေးတိုင်ပင်သင့်ကြသည်။သို့မှသာ "ကာလေန ဓမ္မသာကစ္ဆာ"သင့်လျော်သော အခါ၌ တရားဓမ္မကို ဆွေးနွေးခြင်း ဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

လောကီ လောကုတ်၊ မဆုတ်ယုတ်နိုင်
အကျိုးစီးပွား၊ ထွန်းကားပိုင်ပိုင်
တရားဆွေးနွေး၊ အလေးထားပြိုင်
သိမှတ်ပွား၊ ထင်ရှားမင်္ဂလာခိုင်။

အတွဲ ၁၃၊ အမှတ် ၂၃၊ ဗုဒ္ဓဓမ္မလောက။
၁၇-၁၁-၇၃

## ၉၀။ တပဆိုတာ ကိလေသာ ငြိမ်းရာ

အကျင့် အမျိုးမျိုးကိုပင် တပဟုဆိုကြသည်။ အချို့အရာ၌ သည်းခံခြင်းကို တပဟု ဆိုသည်။ ဓုတင်အကျင့်ကို တပဟု ဆိုသည်ကိုလည်း တွေ့ရသည်။ ပရိယတ် စာပေကို သင်ကြားခြင်း၊ ဓုတင်ဆောင်ခြင်း၊ ရဟန်းတရားကို အားထုတ်ခြင်းတို့ကို တပဟု အချို့နေရာ၌ ဆိုပြန်သည်။ အဋ္ဌကထာ ဆရာကတော့ ဣန္ဒြေကို စောင့်စည်းခြင်း၊ ဓုတင်၊ ဝိရိယ၊ ဒုက္ကရစရိယာ အကျင့်များကို တပဟု ဖွင့်ပြထားသည်။ ဤသို့ အကျင့် အမျိုးမျိုးကို ဟောနိုင်သော်လည်း ဤအရာ၌ ဒုက္ကရစရိယာ အကျင့်ကိုထား၍ ကိလေသာကို ငြိမ်းစေတတ်သော အကျင့်အားလုံးကို တပဟု မှတ်သားထားသင့်သည်။

### ဣန္ဒြေကို စောင့်စည်းခြင်း

ဣန္ဒြေကို ထိန်းသိမ်းစောင့်စည်းနိုင်ခြင်းသည် လွန်စွာကျေးဇူးများလှသည်။ ဣန္ဒြေကို စောင့်စည်းသူ၏ သန္တာန်၌ လောဘ ဒေါသ စသည်တို့ ခေါင်းပါး အားနည်းတတ်သည်။မစောင့်စည်းသူ၏ သန္တာန်၌ လောဘ ဒေါသစသည်တို့ ထူပြောထကြွသောင်းကျန်းတတ်တည်။ ဣန္ဒြေ (၆) မျိုးရှိရာတွင် စက္ခုန္ဒြေ၊ ဇိဝိန္ဒြေ၊ ကာယိန္ဒြေတို့သည် တွေ့လွယ်၍ ကြုံလွယ်၍ သတ္တဝါတို့၌ အရေး

ကြီးလှသော ဣန္ဒြေများဖြစ်ကြသည်။ မျက်စိနှင့် ပတ်သက်သော အာရုံအမျိုးမျိုးကို လိုချင်ခြင်း၊ တောင့်တခြင်း၊ ရှာကြံခြင်း၊ ရပြီးသော အာရုံအမျိုးမျိုးကို စွဲလန်းမက်မော ခင်တွယ်ခြင်း ဒုက္ခများသည် စက္ခုန္ဒြေဖြင့် ရအပ်သော အပြစ်များဖြစ်သည်။ လျှာနှင့် ပတ်သက်သော အာရုံ အမျိုးမျိုးကို လိုလားတောင့်တခြင်း၊ တပ်မက် စွဲလမ်းခြင်း၊ ဒုက္ခများသည် ဇိဝှိန္ဒြေဖြင့် ရအပ်သော အပြစ်များဖြစ်သည်။ ကိုယ်နှင့်ပတ်သက်သော အာရုံအမျိုးမျိုးကိုတောင့်တခြင်း၊ စွဲလမ်းခြင်း၊ ရှာမှီးခြင်း ဒုက္ခများသည် ကာယိန္ဒြေဖြင့် ရအပ်သော အပြစ်များ ဖြစ်သည်။

## ၉၁။ လောမသ ကဿပ

လူပေါင်းများစွာ အရောက်အပေါက် နည်းပါးသော အရပ်သည် တရားအားထုတ်သူတို့၏ မွေ့လျော်ရာ ဖြစ်သည်။ဟိမဝန္တာ အရပ်သည်လည်း လူခေါင်သော အရပ်ဖြစ်သည်။ လူခေါင်သော ဟိမဝန္တာ အရပ်၌ လောမသကဿပ ရှိသေ့သည်။ တရားကိုပြင်းပြင်းထန်ထန် အားထုတ်နေသည်၊ ဇွဲရှိသည်၊ မဖြစ်မနေကြိုးစားသည်။ ဖြစ်လည်းဖြစ်သည်။ ဤကဲ့သို့ ပြင်းထန်သောအကျင့်အာနုဘော်ကြောင့် သိကြားမင်းသည် သူ့နေရာ ဗိမာန်ကို လှုပ်ရှားမည် အထင်ရှိ၍ တုန်လှုပ်နေသည်။

## သိကြားမင်းအထင်လွဲ

ကိုယ်မှာ အမွှေးပေါက်သော လောမသ ကဿပ ရသေ့၏အကျင့်ပြင်းထန်မှုကြောင့် သိကြားမင်းသည် သန်းခေါင်ယံအချိန်မှာ လူ့ပြည်ဆင်းလာသည်။ ဗာရာဏသီမင်း၏ကြက်သရေတိုက်ခန်းသို့ဝင်၍ မင်းကြီးကို လျှောက်တင်သည်။

"မြတ်သောမင်းကြီး၊အိပ်ရာမှထပါ။ငါသည်သိကြားမင်းဖြစ်သည်။ သင်မင်းကြီးသည် ဇမ္ဗူဒိပ်၌ ကေရာဇ်အဖြစ်ကို အလိုရှိအံ့၊ သမီးတော် စန္ဒဝတီကို သေယျအမတ်၏လက်မှာထား၍ လောမသ ကဿပ အထံသို့သွား၍ သားကောင်တို့ကိုသတ်၍ ယဇ်ပူဇော်ပါ။ သိကြားမင်းလို မအိုမသေဖြစ်၍ ဇမ္ဗူဒိပ်၌ ကေရာဇ်ဘုရင်ဖြစ်ပါလိမ့်မယ်"ဟုဆိုကာ ထွက်သွားသည်။

မင်းကြီးသည် ဒုတိယနေ့၌ စန္ဒဝတီမင်းသမီးနှင့်တကွ သေယျအမတ်ကို ရသေ့ထံ စေလွှတ်သည်။သေယျအမတ်သည် လောမသ ကဿပ ရသေ့ထံအရောက်သွား၍ ရှိခိုးပြီးလျှင် နတ်သမီးလို ချောမောလှပသော စန္ဒဝတီ မင်းသမီးကို ပြသည်။ ရသေ့လည်း ဈာန်ပျက်ကာ အရှက်အကြောက် ကင်းမဲ့ပြီး စန္ဒဝတီမင်းသမီး၏ အထက်အောက်ကိုယ်ကာယကို တပ်မက်သောစိတ်ဖြင့် ကြည့်ရှုသည်။ ရသေ့သည် ဈာန်လျှောကျ၍ အကျင့်သီလ ညှိုးနွမ်းပျက်စီးသည်။

သေယျအမတ်သည် "အရှင်ဘုရား၊ အရှင်သည် မင်း၏ယဇ်ကို ပူဇော်သည်ဖြစ်အံ့။ ဤမင်းသမီးကို အရှင်အား အပ်နှင်းပါလိမ့်မယ်"ဟုပြောဆိုသည်။လောမသ ကဿပ ရသေ့သည်ဗာရာဏသီ

ပြည်သို့လိုက်လာ၍ ယဇ်ပူဇော်ဖို့ရာ အားထုတ်သည်။ ထိုအရပ်၌ စည်းဝေးသော လူအပေါင်းတို့က မလျော်ကန်သော ယဇ် ပူဇော်မှုကိုမပြုရန် ရသေ့ကို တောင်းပန်လျက် ငိုကြွေးကြသည်။

## သူ့အသက်သတ် ယဇ်ပွဲကြီး

နန်းတော် ယင်ပြင်မှာ လောမသ ကဿပရသေ့သည် သား ကောင်သတ် ယဇ်ပူဇော်ပွဲကြီး ဆင်ယင် ကျင်းပသည်။ ရသေ့ သည် မင်္ဂလာဝင် ဆင်၏လည်ကိုခုတ်အံ့ဟု သံလျက်ဖြင့် ချိမိုး သည်။ ရတနာဆင်သည် သည်းထန်စွာ အော်ဟစ်မြည်တမ်းသည်။ သေဘေးမှ ကြောက်သော ရတနာဆင်၏ အသံကို ကြားလျှင် ကြွင်းကုန်သော ဆင်၊ မြင်း၊ နွားတို့သည် ပြင်းထန်စွာ အော်မြည် ဟစ်ကြွေးကြသည်။ လူအပေါင်းတို့သည် ဝမ်းနည်းပက်လက်ဖြစ် ပြီး ဖောက်ပြန်သောအသံကို ပြုကြသည်။

## ဈာန်ပြန်ရခြင်း

လောမသ ကဿပ ရသေ့သည် အတော်ထိတ်လန့်သွားသည်။ ဤအပြုအမူသည် သူတော်သူမြတ်တို့၏ အပြုအမူ မဟုတ်ဟု ဆုံး ဖြတ်ချက်ချပြီးလျှင် ဇလန္ဓြေကို ထိန်းသိမ်း စောင့်စည်း၍ ပျောက် ကွယ်သွားသော ဈာန်များကို ပြန်ရသည်အထိကြိုးစားအားထုတ် ရာ ဈာန်ပြန်ရသွားသည်။ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေထိုင် ၍မင်းနှင့်တကွသော လူအများအား တရားဟောသည်။ ယဇ်

တွင်းကို ဖျက်ဆီးစေသည်။ သတ္တဝါအများအား ဘေးမဲ့အလှူ ပေးလှူသည်။ ကွယ်လွန်သော် ဗြဟ္မာ့ပြည်ရောက်သည်။(ဇာတက။ ဌ။ ၃။ ၄၈၈)

## ၉၂။ ကောက်ချက် ဥပဒေသ

ဤဝတ္ထု၌ အလောင်းတော် လောမသ ကဿပသည် မူလ၌ ဣန္ဒြေတို့ကို မထိန်းသိမ်း မစောင့်စည်း၍ အမှားများကို ပြုမိနေသည်။ နောက်ပြုပြင်၍ ဣန္ဒြေကို စောင့်စည်း ထိန်းသိမ်းကာ ကြိုးစားအားထုတ်သွားရာ မူလ ရရှိသော ဈာန်များ ပြန်လည် ရရှိသည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ဣန္ဒြေကို စောင့်စည်း ထိန်းသိမ်းကာ ကိလေသာငြိမ်းအောင်ကြိုးစားအားထုတ်သင့်ကြသည်။ သို့မှသာ "တပ"ခြိုးခြံသော အကျင့်ခေါ် ဣန္ဒြေကို ထိန်းသိမ်းစောင့်စည်းခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

ဣန္ဒြေခပ်သိမ်း၊ ထိန်းသိမ်းပြုပြင်
အမှားအကျင့်၊ ပယ်သင့်တွင်တွင်
အကျင့်ကောင်းရေး၊ အားပေးတီထွင်
မှတ်သားကြ၊ တပ မင်္ဂလာပင်။

အတွဲ ၁၉၊ အမှတ် ၂၅၊ ဗုဒ္ဓမဂ္ဂလောက
၂-၁၂-၇၃

## ၉၃။ မင်္ဂလာရှိသော မြတ်သောအကျင့်

မေထုန်မှ ရှောင်ခြင်း၊ ရဟန်းတရား၊ ဘုရား အဆုံးအမ၊ မဂ်၊ ဤတရား(၄)ပါးသည် မြတ်သော အကျင့်မည်သည်။ ဤနေရာ၌ မဂ်မှတပါး ကျန်သုံးပါးကို မြတ်သောတရားဟု သတ်မှတ်ထားသည်။

### မေထုန်ရှောင်ကျိုး

မေထုန်ရှောင်ကြဉ်သူတို့မှာ အနာရောဂါ ကင်းခြင်း၊မိမိစိတ်အလိုအတိုင်း ချမ်းသာ လွတ်လပ်စွာ နေထိုင်ရခြင်း၊သားမယားအတွက် ရတက်ပြင်းထန် မပူပန်ရခြင်း၊ ကိုယ်ဒန္ဓာ သဏ္ဍာန်အရွယ် မအိုခြင်း အစရှိသော အကျိုးတို့ကို ရရှိနိုင်ကြသည်။ မေထုန်ကို အမြဲတောင့်တနေသူတို့မှာ မိမိကိုယ်ကို သတ်သေရခြင်း၊သူတပါးအသက်ကို သတ်မိခြင်း၊ ဘေးရန်များခြင်း၊ သူတပါးသားမယားကို ပြစ်မှားမိခြင်း၊ မတရား ပစ္စည်းရှာမိခြင်း၊ သေသောအခါအပါယ်ကျခြင်း အစရှိသော အပြစ်တို့ကို ရရှိတတ်ကြသည်၊

### ရဟန်းတရား

ယနေ့ရဟန်းပြုလျှင် သူတပါးတို့ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း၊ ရိုသေခြင်းကို ခံရသည်။ ထို့ပြင် ဇနီးမယားနှင့် သမီးသားတို့ သေဆုံး၍ အပူလုံးပြင်းပြင်းနှင့် စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း မရှိနိုင်ချေ။ မိမိလိုရာသို့ လျှင်စွာ သွားရောက်နိုင်သည်။ ခိုးသား

ခါးပြ ပေါ်များလှသော အရပ်၌ပင် စိတ်ခါတ် အေးမြစွာနှင့် ချမ်းချမ်းသာသာ အိပ်စက်သွားလာနေထိုင်နိုင်သည်။ စားရေး၊ ဝတ်ရေးအတွက်လည်း ခက်ခဲခြင်း မရှိချေ။ ဤသို့ အစရှိသော အကျိုးကို ရစေနိုင်သော ရဟန်းပြုခြင်းကို ဗုဒ္ဓသာသနာဝင် တိုင်း လေးစားသင့်ကြသည်။

ဗုဒ္ဓသာသနာ၏ အတိမ်အနက်ကို ကွက်ကွက် ကွင်းကွင်း ထင် လင်းစွာ သိကြစေရန်၎င်း၊မိမိစိတ်ဓာတ်ကို ထိန်းသိမ်းတတ်သော အလေ့အကျင့် ရှိစေရန်၎င်း၊ဘဝတကွေ့၌ ရဟန်းပြုခြင်း အထုံ ပါရန်၎င်း၊ယောကျ်ားမှန်လျှင် သာသနာ့ဘောင်မှာ ရဟန်းပြုရန် သင့်လျော်လှသည်။

## ၉၄။ မာတိက မာတာ ဝတ္ထု

မေထုန်ကို ရှောင်ကြဉ်သောဝတ္ထုမှာ ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ ဝတ္ထုဖြစ်သည်။ ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့သည် မိဖတို့က လက်ထပ် ထိမ်းမြားပေးငြားသော်လည်း ညဉ့်အိပ်စက်သောအခါ အလယ် မှာ ပန်းကုံးကိုချ၍ မေထုန်ကို လုံးဝရှောင်ကြဉ်ပြီး နေထိုင်ကြ သည်။ နောက်ရဟန်းပြုကြ၍ ပိပ္ပလိက အရှင်မဟာကဿပဖြစ် ပြီး မယ်ဘဒ္ဒါက ဘဒ္ဒကာပိလာနီ အမည်ဖြင့်ရဟန္တာယောကျ်ား၊ ရဟန္တာမိန်းမ ဖြစ်သွားကြသည်။

ဟိုရှေးရှေးတုန်းက ကောသလတိုင်းမှာ မာတိက မည်သော ရွာတရွာရှိသည်။ ထိုရွာကို မာတိက အမျိုးသားက အုပ်ချုပ်သည်။ သူ့အမေကား မာတိကမာတာဖြစ်သည်။ ခြောက်ကျိပ်သော ရဟန်းတော်အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာ အထံတော်မှ ကမ္မဋ္ဌာန်းကိုယူ၍ တခုသောနေရာ၌ တရားအားထုတ်ကြသည်။ ကနေ့သည်၌ မာတိကရွာသို့ ဆွမ်းခံဝင်ကြသည်။ မာတိက မာတာသည် ရဟန်းတို့ကိုမြင်၍ ကြည်ညိုစိတ်ဖြစ်ပြီး ဆွမ်းလှူဒါန်းသည်။

ဆွမ်းလှူဒါန်းပြီး၍ ရဟန်းတော်များ တရားအားထုတ်ဖို့နေစရာပုံပြင် စီမံပေးသည်။ ရဟန်းခြောက်ကျိပ်တို့သည် မာတိကမာတာ စီမံပေးသောကျောင်း၌ ဝါကပ်၍ ဝါတွင်းသုံးလပတ်လုံး တရားအလုပ်ကို အားထုတ်ကြသည်။

## တပါးတနေရာ၊ တရားအားထုတ်ခြင်း

မာတိက မာတာသည် သရဏဂုံနှင့် ငါးပါးသီလ ဥပုသ်နေ့တို့၌ ရှစ်ပါးသီလကို ရဟန်းတို့အထံ၌ ဆောက်တည်သည်။တပါးလျှင် တနေရာစီနေကြသည်။ အကြောင်းမရှိဘဲ စကားမပြောကြချေ။ (၃၂)ပါးသော အခြင်းအရာရှိသော ကမ္မဋ္ဌာန်းကို စီးဖြန်းကြသည်။ ခန္ဓာကိုယ်၌ ဖြစ်ခြင်းပျက်ခြင်းသဘောကို စီးဖြန်းအားထုတ်ကြသည်။

တနေ့သောအခါ မာတိကမာတာသည် လှူဒါန်းဖွယ်ရာ ထောပတ်၊ တင်လဲ အစရှိသည်ကိုယူ၍ ကျောင်းသို့သွားသည်။ တစုံ

တယောက်သော ရဟန်းတို့ကို မမြင်၍ အဖော်ယောက်ျားတို့ကို မေးသည်။ အဖော်ယောက်ျားတို့က ရဟန်းတို့သည် သူ့နေရာနှင့် သူ အသီးသီးတရားအားထုတ်နေကြသည်။တစုတဝေးဖူးမြင်ချင်မူ ကျောက်စည်ကို ထိုးရသည်ဟု ပြောပြကြသည်။

## ရဟန်းတရားကို မေးခြင်း

မာတိက မာတာသည် ရဟန်းတို့၏ ကတိကဝတ်ကို သိ၍ ကျောက်စည်ကို ထိုးသည်။ ရဟန်းတော်များ စုဝေးလာကြသည်။

"အရှင်ဘုရားတို့၊ တပါးသော ရဟန်းကိုမျှ မတွေ့ရပါကလား။ ဘယ်ကြွနေကြပါသလဲ ဘုရား"

"ဒါယိကာမကြီး၊ ရဟန်းဆိုတာ ရဟန်းတရားကို အားထုတ်နေရတာပေါ့"

"ရဟန်းတရားဆိုတာ ဘာကိုဆိုလိုပါသလဲဘုရား"

"ရဟန်းတရားဆိုတာ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းနှင့် ခန္ဓာကိုယ်၌ ဖြစ်ခြင်း ပျက်ခြင်းကို စီးဖြန်းခြင်း သဘောပါဘဲ"

"ဤရဟန်းတရားကို လူသားချင်းကော အားမထုတ်နိုင်ဘူးလားဘုရား"

"လူသားများလဲ အားထုတ်နိုင်တာပေါ့"

"တပည့်တော်မကို တရား အား ထုတ်နည်း သင်ပေးပါဘုရား"

ဤကဲ့သို့ မေးမြန်းပြောဆိုပြီး မာတိကမာတာကို ရဟန်းတို့က ရဟန်းတရားအားထုတ်နည်းကို သင်ပြပေးကြသည်။

## သုံးမင်္ဂသုံးဖိုလ်

မာတိကမာတာသည် ရဟန်းတရားကို ကြိုးစားအားထုတ်ရာ သုံးမင်္ဂသုံးဖိုလ် တည်သည်။ တနေ့သ၌ ရဟန်းတို့၏ ပုထုဇဉ်အဖြစ်ကို ဒိဗ္ဗစက္ခုဖြင့် မာတိက မာတာမြင်၍ အဘယ်ကြောင့် ရဟန်းများ တရားမရကြသနည်းဟု ဆင်ခြင်သော် ဘောဇနသပ္ပါယ မဖြစ်ဘဲ အာဟာရ မသင့်မတင့်သည်ကိုသိ၍ သင့်လျော်သော အာဟာရကို စီစဉ်ပေးသည်။ ဆက်လက် တရားအားထုတ်ကြရာ ရဟန္တာ ဖြစ်ကုန်ကြသည်။ (ဓမ္မ။ ဋ္ဌ။ ၁။၁၈၄၊ ၁၈၉)

## ၉၅။ ကောက်ချက် ဥပဒေသ

ဤဝတ္ထု၌ ရဟန်းတို့၏ ရဟန်းတရားကို အားထုတ်ခြင်းနှင့် မာတိက မာတာ၏ တရားကို အားထုတ်ခြင်းသည် မြတ်သော အကျင့် ဗြဟ္မစရိယ မင်္ဂလာဖြစ်သည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ပေထုန်ကို ရှောင်ကြဉ်ခြင်းဖြင့်ရင်း၊ တရားဘာဝနာကို အားထုတ်ခြင်းဖြင့်ရင်း၊ သာသနာ့အလုပ်ကို လုပ်ဆောင်ခြင်းဖြင့်ရင်း၊ ဗုဒ္ဓသာသနာ၀င်

တိုင်း မြတ်သောအကျင့်ကို ကျင့်သင့်ကြသည်။ သို့မှသာ "ဗြဟ္မစရိယဉ္စ" မြတ်သောအကျင့်ကို ကျင့်သုံးခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

မေထုန်ရှောင်မှု၊ ယခုနှောင်ခွာ
ရဟန်းတရား၊ ကြိုးစားလေပါ
သာသနာရေး၊ အားပေးကြရာ
မြတ်သောကျင့်၊ သိသင့်မင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၂၉၊ ဗုဒ္ဓမမ္မလောက
၃၁-၁၂-၇၃

## ၃၆။ သစ္စာကို သိမြင်ရန် ကြိုးစားဖို့

မချို့မယွင်းသော မှန်ကန်သော သစ္စာကို အရိယသစ္စာဟု ဆိုရသည်။ ဘုရားအစရှိသော အရိယာ သူတော်တို့၏ ဥစ္စာ ဖြစ်သောကြောင့်လည်း အရိယသစ္စာဟု ဆိုကြသေးသည်။ မျက်လှည့်သမားတို့သည် ခဲကို ရွှေလုပ်ပြကြသည်။ မသိသူတို့ အနေဖြင့် အဟုတ်ပင် ရွှေဟု မှတ်ထင်ကြသည်။ သမ္မုတိ ပညတ်များကား ထိုမျက်လှည့်သို့ပင် တကယ်မဟုတ်ဘဲ တကယ် အဟုတ်မသိသူတို့ ထင်ရသော အထင်များပင်ဖြစ်သည်။

သစ္စာတရားတို့ကား မျက်စိဖြင့်ကြည့်သော် တကယ်ရှိသော တရားများအဖြစ် တွေ့ရ၍ မျက်လှည့်ကဲ့သို့ အမှားမဟုတ် အမှန်သဘောတရားများသာ ဖြစ်ကြသည်။ ဤကဲ့သို့ အမှန်မြင်ခြင်းသည် မွန်မြတ်သော မင်္ဂလာ အစစ်ဖြစ်သည်။

## ဗုဒ္ဓအလို သစ္စာမြင်ပုံ

ချစ်သားတို့ အကြင်သူသည် ဆင်းရဲအမှန် ဒုက္ခသစ္စာကိုမြင်၏။ ထိုသူသည် ဆင်းရဲဖြစ်ကြောင်းအမှန် ဒုက္ခ သမုဒယ သစ္စာကိုလည်း မြင်၏။ ဆင်းရဲချုပ်ရာအမှန် ဒုက္ခနိရောဓသစ္စာကိုလည်း မြင်၏။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂသစ္စာကိုလည်း မြင်၏။

အကြင်သူသည် ဒုက္ခသမုဒယ သစ္စာကိုမြင်၏။ ထိုသူသည် ဒုက္ခသစ္စာကိုလည်း မြင်၏။ ဒုက္ခနိရောဓ သစ္စာကိုလည်း မြင်၏။ မဂ္ဂသစ္စာကိုလည်း မြင်၏။ အကြင်သူသည် ဒုက္ခနိရောဓသစ္စာကို မြင်၏။ထိုသူသည် ဒုက္ခသစ္စာကိုလည်း မြင်၏။ဒုက္ခ သမုဒယသစ္စာကိုလည်း မြင်၏။မဂ္ဂသစ္စာကိုလည်းမြင်၏။

အကြင်သူသည် ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဂ္ဂသစ္စာကို မြင်၏။ ထိုသူသည် ဒုက္ခသစ္စာကိုလည်းမြင်၏။ ဒုက္ခ သမုဒယ သစ္စာကိုလည်း မြင်၏။ ဒုက္ခ နိရောဓ သစ္စာကိုလည်း မြင်၏။

## အသိနှစ်မျိုးရှိရာ

သစ္စာကို သိရာ၌ အလျော်သိမှု၊ အနုဗောဓအသိ၊ ထိုးထွင်း၍ သိမှု၊ ပဋိဝေဓအသိဟု နှစ်မျိုးရှိသည်။ ဆရာသမားတို့မှ ဖြစ်စေ၊ ကျမ်းဂန်မှ ဖြစ်စေ၊ တဆင့်ကြားသိရခြင်း၊ တဆင့်ကြားကို အမှီပြုကာ ကြံတွေးစဉ်စားခြင်းဖြင့် သိခြင်း၊ ကြံတွေးမိသော အချက်ကို မိမိဉာဏ်ဖြင့် နှစ်သက် ဆုံးဖြတ်ခြင်းများကိုအနုဗောဓ အသိဟု ဆိုရသည်။ ထပ်တလဲလဲ သိခြင်း၊ အလျော်သိခြင်း၊ သိမှု မပြီးဆုံးသေး၍ ထပ်ကာထပ်ကာ သိနေရခြင်းဟု ဆိုလိုသည်။

ထိုသို့ သိမှုမပြီးသေး၍ ထပ်တလဲလဲ သိရခြင်းမျိုး မဟုတ်ဘဲ တကြိမ်တခါနှင့် ထွင်းဖောက်သိခြင်းကို ပဋိဝေဓ အသိဟုဆိုသည်။ မဂ်ဉာဏ်၏ သိခြင်းပင်ဖြစ်၏။ မဂ်ဉာဏ်သည် ကိစ္စအားဖြင့်သစ္စာ လေးပါးကို တပြိုင်နက်သိ၏။ ဒုက္ခကို ပိုင်းခြားခြင်း၊ သမုဒယ ကိုပယ်ခြင်း၊ နိရောဓကို မျက်မှောက်ပြုခြင်း၊ မဂ္ဂကိုပွားခြင်းဟု ကိစ္စလေးပါးရှိရာ ထိုကိစ္စလေးပါးကို တပြိုင်နက်ပြုခြင်းဖြင့် မဂ်ဉာဏ်အား သစ္စာလေးပါး ထင်ရှားလာရသည်။

## ၉၇။ ခုဇ္ဇုတ္တရာ အကြောင်း

ကောသမ္ဗီပြည် ဃောသက သူဌေး၏ ကျွန်မမှာ သမီး တယောက်ဖွားမြင်သည်။ သူ့နာမည်ကို ဥတ္တရာဟုခေါ်ကြသည်။ ခါးအနည်းငယ်ကုန်းသောကြောင့် ခုဇ္ဇနှင့်တွဲ၍ ခုဇ္ဇုတ္တရာဟု သူ့ အမည်ထင်ရှားသည်။ ဃောသက သူဌေးကြီးက ဥဒေနမင်း အား သာမာဝတီကို မိဖုရားအဖြစ်ဆက်သသောအခါ ခုဇ္ဇုတ္တရာ သည် ကိုယ်လုပ်မောင်းမအဖြစ် ပါသွားသည်။

## အကျိုးနှင့်အပြစ်

ခုဇ္ဇုတ္တရာသည် ဗုဒ္ဓမြတ်စွာ မပွင့်မီတုန်းက ဗာရာဏသီမင်း၏ နန်းတော်မှာ အမျိုးသမီးဖြစ်ပြီးနေရသည်။ ပစ္စေကဗုဒ္ဓါရှစ်ပါးသည် အလွန်ပူသော ယာဂုကို ခံယူ၍ သပိတ်ကို မကိုင်နိုင်ဖြစ်နေသည်။ အမျိုးသမီးသည် မိမိပိုင် ဆင်စွယ်လက်ကောက် ရှစ်ရန်ကို သပိတ်ခြေအဖြစ် လှူဒါန်းသည်။ ထိုကြောင့် ပညာကြီးခြင်း အကျိုးကို ရရှိသည်။

ခုဇ္ဇုတ္တရာသည် ကဿပဘုရားလက်ထက်မှာဗာရာဏသီ သူဌေးသမီးဖြစ်နေသည်။ ရဟန္တာ ထေရီမတပါးကို သူ့ရဲ့ တန်းဆာထုပ်ကို ယူပေးပို့ ခိုင်းသည်။ ထေရီမက သနား၍ ယူပေးသည်။ မပေးလျှင် အပါယ်ငရဲကျမည်ဖြစ်၍ပေးခြင်းဖြစ်သည်။ထိုသို့စေခိုင်းခဲ့မိခြင်းကြောင့် ဘဝငါးရာ ကျွန်မဖြစ်ခြင်း အပြစ်ကို ရရှိသည်။

ဗုဒ္ဓမြတ်စွာ မပွင့်မီ ဘဝတခု၌အမျိုးသမီးဖြစ်နေစဉ်ခါးကုန်းသော ပစ္စေကဗုဒ္ဓါတပါးကိုမြင်၍ ပြောင်လှောင် ပျက်ချော်သရော်ခဲ့ဘူးသည်။ ထိုကြောင့် ခါးကုန်းခြင်းဟူသော အပြစ်ကို ရရှိသည်။

## သစ္စာကို သိမြင်ခြင်း

ဗုဒ္ဓမြတ်စွာ လက်ထက်၌ ပန်းသည်မှူးကြီးသည် ဘုရား အမှူးရှိသော ရဟန်းသံဃာကို ဆွမ်းကျွေးသည်။ ထိုဆွမ်းကျွေးပွဲ၌ ခုဇ္ဇုတ္တရာသည် ဝေယျာဝစ္စကိုဆောင်ရွက်သည်။ဗုဒ္ဓမြတ်စွာသည် ဆွမ်းဘုန်းပေးပြီးသောအခါ ဆွမ်းအနုမောဒနာ တရားကိုဟောကြားသည်။ ဆွမ်းအနုမောဒနာတရားကို နာရ၍ ခုဇ္ဇုတ္တရာသည် သစ္စာကို သိမြင်၍ သောတာပန် ဖြစ်သွားသည်။

သောတာပန် တည်ပြီးသော ခုဇ္ဇုတ္တရာသည် သခင်မ သာမာ၀တီ အမှူးရှိသော ငါးရာသော အမျိုးသမီးတို့အား တရားဒေသနာကို ဟောကြားသည်။ အားလုံးသော ငါးရာသောအမျိုးသမီးတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်သည်။ (ဇာတိဝုတ်။ ဌ။ ၂၇၊ ၂၈)

## ၉၈။ ကောက်ချက် ဥပဒေသ

ဤ၀တ္ထု၌ ခုဇ္ဇုတ္တရာနှင့်သာမာ၀တီအမှူးရှိသော အမျိုးသမီး ငါးရာတို့၏ သစ္စာကို သိမြင်ကြခြင်းသည် ပဋိဝေဓအသိမျိုးဖြစ်ကြသည်။ ဤကဲ့သို့ သိမြင်ခြင်းသည် မင်္ဂလာအစစ် ဖြစ်သည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ခုဇ္ဇုတ္တရာနှင့် သာမာ၀တီ အမှူးရှိသော အမျိုးသမီး ငါးရာတို့လို သစ္စာတရားကိုသိမြင်အောင် ကြိုးစားသင့်ကြသည်။သို့မှသာ "အရိယ သစ္စာန ဒဿနံ" အရိယ သစ္စာကို မှန်ကန်စွာ သိမြင်ခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

သစ္စာအမြွတ်၊ သိမှတ်ဖို့ရာ
အကျင့်တရား၊ ကြိုးစားကြပါ
ထိုးထွင်းသိခြင်း၊ မယွင်းသစ္စာ
မြွတ်ဗုဒ္ဓ၊ မိန့်ပြမင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၂၇၊ ဗုဒ္ဓဓမ္မလောက
၁၇-၁၂-၇၃

## ၆၉။ နိဗ္ဗာန်ကို မျက်မှောက်ပြုရေး

"ဒုက္ခကင်းဝေး ချမ်းအေးသာစံ ပြည်နိဗ္ဗာန်ဟု မျက်မှောက်ပြု မှတ်ရှုမင်္ဂလာ"။ ။တဏှာခေါ်သော ဝါနမတ်မှ ကင်းလွတ်ထွက်မြောက်ရာဖြစ်သောအရပ်သည် နိဗ္ဗာန်မည်၏။ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းကား အတုမရှိ ကြီးမြတ်လှသော မင်္ဂလာအစစ်ဖြစ်တော့သည်။

အလွန်အေးမြချမ်းသာသော ထိုနိဗ္ဗာန်၏ ဒုက္ခကင်းဝေး ချမ်းသာအေးမြပုံမှာ အနာကြီးရောဂါစွဲကပ်နေသူကို နတ်ဆေးစင် ပက်ဖျန်းခြင်းဖြင့် ရောဂါပျောက်ကင်းသွားသည်နှင့် အလားတူသည်။ မီးရှိန်နေရှိန်တို့ဖြင့် အပူဒဏ်ခံနေရသူကို သီတာရေချမ်းသွန်းဖျန်းခြင်းဖြင့် လွန်စွာချမ်းသာခြင်းရှိသည်နှင့် အလားတူသည်။

လောကမှာ အကောင်းဆုံးဟုဆိုကြသော လိုအပ်သောအာရုံကား နိဗ္ဗာန်နှင့် နှိုင်းစာပါလျှင် မြင့်မိုရ်တောင်နှင့် နှမ်းစေ့ပမာ လွန်စွာ ကွာခြားလှသည်။ လောကမှာရှိသော ချမ်းသာဟူသမျှတို့တွင် မည်သည့်ချမ်းသာနှင့်မျှ ယှဉ်မရသော ချမ်းသာကား နိဗ္ဗာန်ချမ်းသာပင်ဖြစ်သည်။

### နိဗ္ဗာန်ချမ်းသာ ခံစားသူများ

ရာဂ၊ဒေါသ၊မောဟ ကုန်ဆုံးရာ နိဗ္ဗာန်ချမ်းသာကားအလွန်မွန်မြတ်သည်။ ပဋိသန္ဓေနေမှု ဇာတိဒုက္ခ၊ အိုမင်းရင့်ယော်မှု ဇရာဒုက္ခ၊ နာဖျားမှု ဗျာဓိဒုက္ခ၊ သေဆုံးမှု မရဏဒုက္ခမှ ကင်းလွတ်သည်။ စိုးရိမ်မှု ငိုကြွေးမှုစသော ဒုက္ခပေါင်းစုံတို့မှ ကင်းဝေး

သည်။ ထိုနိဗ္ဗာန်ချမ်းသာကို ခံစားသွားသူတို့ အရေအတွက်ကား ဂေါတမ ဗုဒ္ဓသာသနာ၌ (၂၄)အသင်္ချေနှင့်ကုဋေ(၆၀)ဗိုလ်ခြေ တသိန်းဖြစ်သည်။

## ၁၀၀။ အစရဟန်းနှင့် အဆုံးရဟန်း

ဂေါတမ ဗုဒ္ဓသာသနာ၌ အစဆုံးတရားသိသော အရှင်မြတ်ကား အရှင်ကောဏ္ဍည ဖြစ်သည်။ အညာသိကောဏ္ဍညဟူသော အမည်ကပင် ဘုရားမြတ်စွာကိုချန်ထား၍ အဦးဆုံး အရိယာဖြစ်သူဟု သိစေသည်။ သောတာပန် အရိယာဖြစ်သောအါ နိဗ္ဗာန်ကို မြင်သည်။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်။

အညာသိကောဏ္ဍညသည် ရှေးဘုရားရှင်တို့ထံ အဦးဆုံးတရားသိဖို့ ကုသိုလ်ပြုကာ ဆုတောင်းပတ္ထနာ ပြုခဲ့သည်။ဤကဲ့သို့တရားကို ရှေးဦးစွာသိခြင်းသည် အလိုလိုသိလာသည် မဟုတ်ချေ။ သူဆုတောင်းခဲ့သော ပတ္ထနာအားလျော်စွာ တရားတော်ကိုရှေးဦးစွာ နာရခြင်း၊ တရားသဘောကို ရှေးဦးစွာ သိမြင်ခြင်းဖြစ်သည်။ သိမြင်ပြီးသောအခါဖိုလ်ချမ်းသာကို ခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်။

ဗုဒ္ဓမြတ်စွာကလည်း ငါ့ဘုရား၏ သာသနာတခွင်မှာ ရှည်မြင့်စွာသော ညဥ့်အပိုင်းအခြားကို သိတတ်ကုန်သော ရဟန်းတို့တွင် အညာသိကောဏ္ဍညသည် အသာလွန်ဆုံးရဟန်းဘဲဟု အမြတ်ဆုံး ဧတဒဂ်ထားတော်မူခဲ့သည်။ရှည်မြင့်စွာသော ညဥ့်အပိုင်းအခြား

ကို သိတတ်သည်ဆိုသည်မှာ သာသနာတော်၌ လက်ဦးစွာရဟန်းပြုသည်။ အဦးဆုံး သောတာပတ္တိမဂ်ဥာဏ်ကို ရတော်မူသည်ဟုဆိုလိုသည်။

## အဆုံးသာဝက သုဘဒ္ဒ

အရှင် သုဘဒ္ဒသည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံခါနီးမှရဟန်းပြု၍ ဘုရားမျက်မှောက်မှာ နောက်ဆုံး သစ္စာတရားကို သိသောပုဂ္ဂိုလ်ဖြစ်သည်။ လူသိများသော ဥပကနှင့် မဆာဝါတို့၏ သားဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် အလွန်ပင်ပန်း နွမ်းနယ်နေသည်။ ဝေဒနာသည် အလွန်ပြင်းထန်လျက်ရှိသည်။အရှင်အာနန္ဒာစသောရဟန်းတော်တို့၏ အပြုအစုကိုခံနေရသည်။ အရှင် အာနန္ဒာအနေဖြင့် ပင်ပမ်းနွမ်းနယ်နေသော ဗုဒ္ဓမြတ်စွာအနီးသို့ မည်သူ တဦးတယောက်ကိုမျှ လာစေလိုပုံမရချေ။ စကားပြောရ၊ တရားဟောရလျှင် ဒုက္ခသက်ပါသွားမည်ကို သူသိသည်။

ဤကဲ့သို့ အရှင်အာနန္ဒာ စိုးရိမ်ကြောင့်ကျမှု ရှိနေတုန်းမှာပင် သုဘဒ္ဒက ဗုဒ္ဓမြတ်စွာနှင့် တွေ့လိုရေးအတွက် အရှင်အာနန္ဒာထံ ခွင့်ပန်သည်။ အရှင်အာနန္ဒာက မဖြစ်နိုင်ကြောင်ကို ခေါင်းခါငြင်းတော့သည်။

ဗုဒ္ဓမြတ်စွာက"အာနန္ဒာ၊ သုဘဒ္ဒပရိဗိုဇ် ငါဘုရားတွေ့လိုရေးကို ခွင့်ပေးလိုက်"ဟု မိန့်တော်မူချက်အရ အာဏာကို မလွန်ဆန်နိုင်၍ ခွင့်ပြုလိုက်ရသည်။ သူသိလိုသော အကြောင်းအရာကို မေး

သည်။ ဗုဒ္ဓမြတ်စွာက သူ့အမေးကို ဖြေကြားလိုက်သည်။ ဟာရားသဘောကို ဟောပြောသောအခါ သစ္စာတရားကို ထင်လင်းစွာ သိမြင်သွားသည်။ ဗုဒ္ဓမြတ်စွာ၏ မျက်မှောက် သစ္စာတရားကို သိမြင်သူတို့အနက် နောက်ဆုံးပိတ် တပည့်ရဟန်းဖြစ်သည်။အရှင်ကောဏ္ဍညက ပထမ သာဝကဖြစ်၍ သုဘဒ္ဒက ပစ္ဆိမသာဝက ဖြစ်သည်။ (ဒီဃ။ ၄။ ၂။ ၁၇၀)

## ၁၀၁။ ကောက်ချက် ဥပဒေသ

ဗုဒ္ဓမြတ်စွာနှင့်တကွ အညာသိကောဏ္ဍညအစ အရှင် သုဘဒ္ဒအဆုံးရှိသော တပည့် သာဝကတို့၏ အလွန်အေးမြ ချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြုကြခြင်းသည် အလွန်ကောင်းမြတ်သော ယှဉ်ပြိုင်မရသော မင်္ဂလာအစစ်ဖြစ်သည်။

သင်စာရှုသူ ဓမ္မ မိတ်ဆွေတို့သည်လည်း နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်အောင် ကြိုးစားအားထုတ်သင့်ကြသည်။ သို့မှသာ "နိဗ္ဗာနသစ္ဆိကိရိယာစ" နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

မြတ်စွာဗုဒ္ဓ၊ အစပြုကာ
ရှင်ကောဏ္ဍည၊ များလှသချာ
ရဟန္တာများ၊ ထင်ရှားလှစွာ
နိဗ္ဗာန်ရောက်၊ မျက်မှောက်ပြုကြပါ။

အတွဲ ၁၉၊ အမှတ် ၉၊ ဗုဒ္ဓဓမ္မလောက
၆–၈–၇၃

## ၁၀၂။ လောကဓံနှင့် တွေ့ကြုံသောအခါ

"ပြောင်းပြန်ရောနှော အ,လာဘောနှင့် လာဘောတူကွ အယသနှင့် ယသမှတ်ကြံသုခံ,ဒုက္ခ နိန္ဒ,ပသံသာ နှစ်ဖြာလောကဓံ ဆက်ဆံရစ်ငွေ၊ ကြုံလေတွေ့လည်း၊ခ ြ်မခုန်၊ မတုန်မလှုပ်၊စောင့်ချုပ်မယိမ်း၊ မတိမ်းမပြို ထိုပုဂ္ဂိုလ်၏၊ နှဂိုတည်ကြည် စိတ်မြတ်သည်လည်း တမည်မင်္ဂလာ"။ ။မင်္ဂလသုတ်ပျို့။

လာဘ၊ လာဘ်ရခြင်း။ အလာဘ၊ လာဘ်မရခြင်း။ ယသ၊ အခြံအရံများခြင်း။ အယသ၊ အခြံအရံနည်းခြင်း။ ပသံသ၊ ချီးမွမ်းခြင်း။ နိန္ဒ၊ ကဲ့ရဲ့ခြင်း။ သုခ၊ ချမ်းသာခြင်း။ ဒုက္ခ၊ ဆင်းရဲခြင်း။

ဤရှစ်ပါးသော တရားတို့ကား သတ္တဝါတိုင်းမှာ အစဉ်တစိုက်လိုက်၍ ဖြစ်တတ်သောကြောင့် လောကဓမ္မ၊ လောကဓံတို့မည်ကုန်သည်။ ထိုလောကဓံတို့နှင့် တွေ့ကြုံသောအခါ ဘုရားရဟန္တာကိုချန်၍ သတ္တဝါမှန်သမျှ တုန်လှုပ်ကြသည်ကများသည်။ သမာဓိဓာတ်ခံ ရင့်သန်သော ပုဂ္ဂိုလ် အချို့သာ လောကဓံ၏ဒဏ်ကို ခံနိုင်စွမ်းရှိသည်။ ယင်းသို့ တွေ့ကြုံတတ်သည်ကို ဆင်ခြင်တိုင်းထွာပြီး တုန်လှုပ်ခြင်းမရှိဘဲ နေနိုင်ခြင်းသည် မတုန်လှုပ်သောနကမ္ပတိ၊ မင်္ဂလာတပါး ဖြစ်နိုင်သည်။

### ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း

အချို့လာဘ်မရခြင်း စသော လောကဓံကိုအတော်ခံနိုင်ရည်ရှိသူများပင် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းကြောင်းကား မတုန်လှုပ်ဘဲ မနေနိုင်ဖြစ်ရသည်။ အချို့သူတပါး အကဲ့ရဲ့ ခံရသောအခါ

"အိုး ကဲ့ရဲ့တာ၊ ချီးမွမ်းတာ အဆန်းမှတ်လို့။ ချီးမွမ်း ကဲ့ရဲ့ ခုနစ်ရက်ပေါ့၊ ဘာအရေးစိုက်စရာ ရှိသလဲ"ဟု ဂရုမထားဘဲနေ နိုင်ကြသည်။ ဤစကားကား ဘုရားဟောအရပင်ဖြစ်သည်။

## လက်ထက်တော်အခ

ဘုရားဖြစ်ပြီးစက ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည်၌ သီတင်း သုံး တော်မူစဉ် ဥပတိဿ၊ ကောလိတ စသော လူသိများသူတို့ ဗုဒ္ဓ မြတ်စွာထံ ရဟန်းပြုကြသည်။ ထိုအခါ လူများက အမျိုးမျိုး ကဲ့ရဲ့ကြသည်။ထိုကိစ္စအတွက် ဗုဒ္ဓမြတ်စွာကို လျှောက်ထားသော အခါ ဗုဒ္ဓမြတ်စွာက "ရဟန်းတို့ ထိုအသံမှာ ကြာရှည်စွာ ဖြစ်နေ မည်မဟုတ်။ ခုနစ်ရက်သာရှိနေမည်"ဟု မိန့်တော်မူသည့်အတိုင်း ထိုအသံသည် မကြာခင် ကွယ်ပျောက်သွားသည်။ (ဝိ။ ပါ။ ၃။ ၅၅)

### ၁၀၃။ အတုလ ဥပါသကာ

ဗုဒ္ဓမြတ်စွာ လက်ထက်တုန်းက အတုလမည်သော ဥပါသကာ တယောက်ရှိသည်။ အတုလဥပါသကာက ဗုဒ္ဓမြတ်စွာအား မိမိ တရားနာလာကြောင်းကို လျှောက်ထားသည်။

"တရားနာပြီးပြီလား"ဟု ဗုဒ္ဓမြတ်စွာကမေးသည်။

"မြတ်စွာဘုရား၊ အရှင်ရေဝတထံသွားရာ အရှင် ရေဝတက စကားမပြော၊ အရှင်သာရိပုတ္တရာကား တပည့်တော်နားမလည် သော အဘိဓမ္မာ တရားတွေကိုသာ အားကြီး ဟောပါတယ်။

အရှင်အာနန္ဒာထံရောက်ပြန်တော့ တရားနဲနဲလေး ဟောလိုက်ပါ တယ်။ သို့အတွက် ဤအရှင်တွေ့ကို စိတ်ဆိုးလွန်းလို့ ဗုဒ္ဓမြတ်စွာ ထံ လာရကြောင်း”ကို လျှောက်ထားသည်။

“အတုလ လောက၌ ဘုရင်ကိုလည်း အချို့ ကဲ့ရဲ့ ချီးမွမ်းကြ ၏။ နေ့,လ,မြေတို့ကိုလည်း အချို့ကဲ့ရဲ့ချီးမွမ်းကြ၏။ငါဘုရား ကိုပင် အချို့ ကဲ့ရဲ့ကြ၊ ချီးမွမ်းကြ၏။ လူမိုက်တို့ ကဲ့ရဲ့တာ လို ရင်းမဟုတ်။ ပညာရှိများ မကဲ့ရဲ့အောင်၊ ချီးမွမ်းခံရအောင် ဂရု စိုက်နေသင့်၏”ဟု ဗုဒ္ဓမြတ်စွာက မိန့်တော်မူရသည်။ ဤတရား မှာ အကဲ့ရဲ့ ဖြေဆေးတလက်ပင် ဖြစ်သည်။ (ဓမ္မ။ ဋ္ဌ။ ၂။ ၂၀၉)

## ခံနိုင်ရည်ရှိသော ရဟန်း

ရှေးတုန်းက ရဟန်းတပါး ရွာတရွာ အိမ်တအိမ်၌ ဆွမ်းခံစဉ် ဆွမ်းခံအိမ်ရှိ တအိမ်သားလုံးနှင့် ရင်းနှီးသည်။ နောင်တချိန်၌ တရားအားထုတ်၍ ရဟန္တာ ဖြစ်သွားသည်။ ထိုအိမ်၌ ထိုအရှင် ဆွမ်းခံ ဝင်ထွက်သွားလာ ရင်းနှီးသည်ကို နတ်သားတဦးက မြင် သည်။ ထိုရဟန်းပျက်စီးမှုကို နတ်သားက မလိုလားချေ။အကျိုး သက်ရောက်မှုကိုသာ လိုလားသည်။သို့အတွက် ထိုအိမ်က အိမ်ရှင် မယောင်ဆောင်ကာ ရဟန်းကို လျှောက်ထားသည်။

“အရှင်ဘုရား၊ မြစ်ဆိပ်၊ မြို့လယ်၊ လမ်းကြီး၊ လမ်းငယ် နေရာ တိုင်းတို့၌ အရှင်ဘုရားနှင့် တပည့်တော်မ အကြောင်း ဘာလိုလို

ပြောနေ ကြ ပါ တယ်'' ဟု အ တည် ပေါက် လျှောက် ထား သည်။

ရဟန်းက ပြန်ပြောသည်မှာ....

''ဆန့်ကျင်ဘက် ပဲ့တင်ခတ်သော အသံတို့ကား အများ အပြားပင်ဖြစ်၏။ ရဟန်းတို့မည်သည်မှာ ထိုအသံကို ခံနိုင်ရည်ရှိ ကြရသည်။ ထိုအသံကြောင့် ညစ်နွမ်းမှု မဖြစ်နိုင်။တောထဲ၌ လေ တိုက်တိုင်း လန့်သော သမင်ပမာ အသံကိုလန့်နေသော ရဟန်းကို စိတ်ပေါ့သူဟု ဆိုကြသည်။ ထိုရဟန်းမျိုးမှာ အကျင့်မပြည့်စုံ နိုင်''ဟု ဖြစ်သည်။

ဤရဟန်း၏ တရားမှာ ကဲ့ရဲ့ခံရ၍ ကိုယ့်မှာ ဘာမျှမဖြစ်၊ ကဲ့ရဲ့သံကိုလန့်နေလျှင်အလုပ်ပျက်ရုံသာဟု စဉ်းစားရန်ဖြစ်သည်၊ အကဲ့ရဲ့ပြီး ဆေးတပုဒ်ပင်ဖြစ်သည်။ (သံ။ ပါ။ ၁။ ၂၀၃)

## ၁၀၄။ ကောက်ချက် ဥပဒေသ

ဤအကြောင်းအရာများ၌ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့သည်လော ကဓံကို သည်းခံနိုင်ကြသည်။ ဘုရားရဟန္တာ အရှင်မြတ်တို့သည် သာ လောကဓံကို ခံနိုင်ရည်ရှိကြသည်။ ဘယ်သောအခါမျှ တုန်လှုပ်ခြင်း မရှိချေ။ ပုထုဇဉ်ကား ဖြစ်ပေါ်လာသော လော ကဓံ၏ အမြဲမရှိသည့် အဖြစ် ဆင်းရဲ၏ အဖြစ် ဖောက်ပြန် ပျက်စီးတတ်သော သဘောရှိသည်၏ အဖြစ်ကို မဆင်ခြင်တတ် ချေ။ လောကဓံကို ခံနိုင်ခဲသည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း လောကဓံကို ခံနိုင်ရည်ရှိအောင် ကြိုးစားသင့်ကြသည်။ သို့မှသာ "ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံယဿ နကမ္ပတိ" လောကဓံတို့နှင့် တွေ့ကြုံသောအခါ မတုန်လှုပ်ခြင်း ဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

လောကဓမ္မ၊ ကြုံကြသောခါ
တုန်လှုပ်မှုကင်း၊ ကောင်းခြင်းဖြာဖြာ
ကဲ့ရဲ့ချီးမွမ်း၊ အရမ်းဆိုတာ
ရေးမစိုက်၊ ထွေးပိုက်မင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၂၀၊ ဗုဒ္ဓဓမ္မလောက
၂၃-၁၂-၇၃

## ၁၀၅။ သောကကင်းဝေး နေနိုင်ရေး

ကျောက်သားအတိဖြစ်သော ကျောက်ဖျာပေါ်၌ စပါး၊ ပဲ၊ ပြောင်း စသော မျိုးစေ့ကို စိုက်ပျိုးငြားသော်လည်း အပင်ပေါက်ခြင်း၊ ကြီးပွားဖြစ်ထွန်းခြင်း မရှိနိုင်သကဲ့သို့ ကျောက်ဆောင်ကြီး၊ ကျောက်တိုင်ကြီးအလား တည်ငြိမ်ခိုင်ခန့်သော သမာဓိအား အလွန်ကောင်းသော ရဟန္တာ အရှင်မြတ်ကြီးများ သန္တာန်၌ စိုးရိမ်ကြောင့်ကျဖွယ်၊ သောကနှင့် တွေ့ကြုံငြားသော်လည်း တုန်လှုပ် ချောက်ချားမှု၊ သောက အပင်ကြီးများရှင်သန်မှု

မရှိနိုင်တော့ချေ။ ရဟန္တာ အရှင်မြတ်ကြီးတို့၏ သောက ကင်း တော်မူခြင်းသည် အမြစ်ပြတ်ကင်းတော်မူခြင်းဖြစ်၍ မင်္ဂလာ အစစ်ဖြစ်တော်မူသည်။

## ပုထုဇဉ်များနှင့် သောက

ပုထုဇဉ်လူရှင်များ အနေဖြင့်သောကကင်းအောင် နေနိုင်ခြင်း သည်အတော်အဆင့်အတန်းမြင့်သည်။ သောက နည်းပါးအောင် နေနိုင်သော အကျင့်သည် အသိဉာဏ် ရင့်ကျက်နေသော စိတ် ဓာတ်ကြောင့်ပင် ဖြစ်သည်။ ခံနိုင်ရည်ရှိသော စိတ်ဓာတ်ကို ရနေ ကြခြင်းမှာ ကာလ အတော်ကြာအောင် အစဉ်မပြတ် လေ့လာခဲ့ သော မရဏာဿတိဘာဝနာကြောင့်ပင် ဖြစ်သည်။သေခြင်းတရား ကို အမြဲအောက်မေ့နေနိုင်ခြင်းသည် သောက ငြိမ်းဆေးတခွက် ပင် ဖြစ်ချေသည်။

## ၁၀၆။ ချီးကျူးပွယ် မိသားစု

ဟို ရှေးရှေးတုန်းက ပုဏ္ဏားလယ်သမားတယောက်၊ သားနှင့် အတူ နွားနှစ်ရှင်းဖြင့် လယ်ထွန်နေသည်။ အိမ်ရှင်မက နေ့စဉ် ထမင်းနှစ်ယောက်စာ လာပို့ရသည်။ တနေ့သ၌ သားကိုမြွေ ကိုက်သည်။ မြွေဆိုးဖြစ်၍ ချက်ချင်းသေသည်။ သစ်ပင်အောက် ၌ သားအလောင်းကို ချထားသည်။ အိမ်ရှင်မနှင့် သမီး၊ ချွေးမ၊ ကျွန်မတို့ကို လယ်ထွန်ရာ့တောသို့ လိုက်လာကြဖို့ မှာလိုက်သည်။ ထမင်းကိုလည်း တယောက်စာကိုသာ ယူခဲ့ဖို့ မှာကြားသည်။လူစုံ

သောအခါ အလောင်းကို မီးသင်္ဂြိုဟ်ကြသည်။ အားလုံးသော မိသားစုတို့မှာ သောက ပရိဒေဝမရှိ တည်ငြိမ်လျက် ရှိနေကြသည်။

## သိကြားမင်း စုံစမ်းခြင်း

သိကြားမင်းသည် ခရီးသွားယောင်ဆောင်ကာ ထိုမိသားစုတို့ မီးသင်္ဂြိုဟ်ရာအရပ်သို့ ရောက်လာသည်။

"ယခုသေသူဟာ သင်တို့နှင့် ဘယ်လို သေွးသားတော်စပ်ပါသလဲ"ဟု မေးသည်။ သားဖြစ်ကြောင်း၊ လင်ဖြစ်ကြောင်းစသည်ကို ပြောကြားကြသည်။

"ဒါဖြင့် ဘာလို့ သောက မဖြစ်ကြတာလဲ။ သူ့မှာ ဘာအပြစ်ရှိလို့လဲ"ဟု သိကြားမင်းက မေးသည်။ အသီးသီး တယောက်စီ သိကြားမင်း၏အမေးကို ဖြေကြသည်။

## ပုဏ္ဏားကြီးက

"လောက၌ မြွေသည် အရေဟောင်းကိုစွန့်သွားသလို သားဖြစ်သူလည်း ကိုယ်ခန္ဓာအဟောင်းကို စွန့်ပြစ်သွားခြင်းပါ။ သေ၍ အသုံးမဝင်တော့ပြီ ဖြစ်သော ဤကိုယ်မှာ မီးရှို့ခံရသည်ကိုလဲ မသိ။ ဆွေမျိုးတွေ ငိုနေတာကိုလဲ မသိ။ သူ့ဂတိအတိုင်း သွားပြီဖြစ်ရာ၊ ငါပူဆွေးနေစရာ ဘာအကြောင်း ရှိတော့မှာလဲ"

## မိခင် ပုဏ္ဏားမက

"သားဖြစ်သူကား ငါတို့မခေါ်ဘဲ တခြားကရောက်လာ၏။ ခု ငါတို့မလွှတ်ဘဲ ပြန်သွား၏။ သူ့သဘောအတိုင်း လာခဲ့သလို

သူ့သဘောအတိုင်း ပြန်သွားပြီဖြစ်ရာ ငိုကြွေးနေခြင်းဖြင့် ဘာအကျိုး ဖြစ်ထွန်းမှာလဲ"

### ညီမဖြစ်သူက

"ကျမ ငိုနေလျှင် ကိုယ်ပိန်ချုံးရုံ ရှိမှာပေါ့။ ဘာမျှအကျိုးရှိမှာ မဟုတ်။ဆွေမျိုး၊ မိတ်ဆွေ၊ ချစ်ကျွမ်းဝင်သူတွေ ပိုပြီးစိတ်မချမ်းမသာ ဖြစ်ဖွယ်ရှိပါတယ်"

### မယားဖြစ်သူက

"ကလေးငယ်သည် သွားနေသော လမင်းကိုရဖို့အရေး တ,သငိုကြွေး နေသလို သေသူကို တ,ပြီးဆွေးနေသူမှာ မရနိုင်သည်ကို တ,နေသော ကလေးသဖွယ်သာ ဖြစ်ပါတယ်"

### ကျွန်မ ဖြစ်သူက

"ကွဲပြီးသော အိုးကို ပြန်ဆက်လို့ မဖြစ်နိုင်သလို သေသူကို တ,ပြီးပူဆွေးနေခြင်းမှာ ထိုအိုးကွဲပမာ အကျိုးဖြစ်ထွန်းဖွယ်မမြင်ပါ"

### သိကြားမင်း ချီးကျူးခြင်း

မိသားစု ငါးယောက်တို့၏ သောကကင်းအောင် နေနိုင်ခြင်းကိုသိကြားမင်းချီးကျူးသည်။ပစ္စည်းအလုံအလောက် ချီးမြှောက်ခဲ့သည်။ အလှူဒါနပြုဖို့ ငါးပါးသီလမြဲဖို့၊ ရှစ်ပါး သီလဆောက်တည်ဖို့ ညွှန်ကြားဆုံးမ၍ နတ်ပြည် ပြန်သွားသည်။ (ဇာတက။ ၄။ ၃။ ၁၅၁။ ၁၅၅)

## ၁၀၇။ ကောက်ချက် ဥပဒေသ

ဤဝတ္ထု၌ ပုဏ္ဏားမိသားစုတို့၏ သောက ကင်းအောင်နေနိုင်ခြင်းသည် ရှေးက မရဏဿတိ ဘာဝနာ၊ ယခုဘဝ မရဏဿတိ ဘာဝနာ အလေ့အလာ ရှိနေခြင်းကြောင့်ဖြစ်သည်။

သင်စာရှုသူ ဓမ္မမိတ်ဆွေတို့သည်လည်း ပုဏ္ဏားမိသားစု တို့လို သေခြင်းတရားကို ခံနိုင်ရည်ရှိအောင် မရဏဿတိ ဘာဝနာကို အလေ့အလာပြုသင့်ကြသည်။ သို့မှသာ "အသောကံ" စိုးရိမ်ခြင်းကင်းမှုဟူသော မင်္ဂလာနှင့်ပြည့်စုံကြပေလိမ့်မည်။

သေသူအတွက်၊ မျက်နှာမသာ
စိုးရိမ်ပူဆွေး၊ ငိုကြွေးတာဟာ
နှစ်ဦးနှစ်ဖက်၊ မထွက်ကျိုးဖြာ
သောကကင်း၊ ပယ်ရှင်းမင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၂၆၊ ဗုဒ္ဓဓမ္မလောက
၉-၁၂-၇၃

## ၁၀၈။ မြူအညစ်အကြေး ကင်းဝေးကြဖို့

ပကတိမြူသည် ကိုယ်ပေါ်၌ ကျလျှင်ညစ်ပေသည်။ ရာဂ၊ ဒေါသ၊ မောဟမြူသည်လည်း သတ္တဝါတို့ကို ညစ်နွမ်းစေဘတ်

သည်။ ဤ၌ ရာဂ၊ဒေါသ၊ မောဟတို့ကိုမြူမှုန်နှင့်တူသောကြောင့် 'ရဇ'ဟုဆိုကြသည်။ ရာဂ၊ ဒေါသ၊ မောဟကင်းသည်ကို'ဝိရဇ'ဟု မှတ်အပ်သည်။ ရာဂ၊ ဒေါသ၊ မောဟတို့သည် ညစ်ပေ စေတတ်သော တရားများဖြစ်ရာ အဆိုပါတရားများကင်း၍သန့်ရှင်းသော စိတ်မှာ မင်္ဂလာ ဖြစ်ရသည်။

ဆိုင်ရာမင်္ဂလာများဖြင့် မပယ်ရသေးသမျှ လုံးဝမကင်းနိုင်သေးချေ။ သူတော်ကောင်းများမှာတော့ ထိုတရားများ၏ အပြစ်ကိုမြင်၍ ကင်းရှင်းအောင် ကြိုးစားတတ်ကြသည်။ အကောင်းဆုံးမှာ တရားအားထုတ်ခြင်း၊တရားထိုင်ခြင်းဖြစ်သည်။ ရာဂ၊ဒေါသ မောဟတို့ကို တရားအားထုတ်ခြင်း၊ တရားထိုင်ခြင်းဖြင့် အတွင်းမှုတ်ခါနှင့် ထုတ်ရသည်။

၁၁၉။ မိန်းမကို ဝဲ့လမ်းသောဝတ္ထု

ဟိုရှေးရှေးတုန်းက ရွာတရွာမှာ တမိဝမ်းတွင်း အတူဆင်းလာသော ညီအကိုနှစ်ယောက်ရှိသည်။ အကိုသည် အမျိုးသမီးတယောက်နှင့် လက်ထပ် ထိမ်းမြားသည်။ တအိမ်တည်း အတူနေကြသည်။ ညီငယ်သည် အကို၏ မယားနှင့် ဖောက်ပြားသည်။ အမျိုးသမီးသည် ၊မိမိလင်ကြီးထက် လင်ငယ်ကို ပို၍ချစ်သည်။ လောက ဓမ္မတာကား ဤအတိုင်းပင်ဖြစ်၏။ အမှန်ဖြစ်သင့်သည်ကား လင်ကြီးကို အချစ်ပို၍ ၊လင်ငယ်ကိုအပျော် လောက်သာ အသင့်အတင့်ချစ်သင့်သည်။

## မ,ဘက်လိုက် မိုက်ဘက်ပါ

အမျိုးသမီးသည် ညီငယ်လင်ကို အမြဲနားပူနားဆာလုပ်သည်။ လင်ငယ်လက်စွာ ချစ်ဖို့ အကိုလင်ကြီးကို အသတ်ခိုင်းနေသည်။ တခါ ဝမ်းတွင်း အတူဆင်းလာသော အကိုကြီးမို့ သတ်ဖို့ငြင်းဆံနေသည်။ တနေ့မဟုတ် နေ့စဉ် တိုက်တွန်းနေတော့ မိန်းမပေးလိုလိုက်ရတော့သည်။ မိန်းမ စကားကို နားထောင်၍ မ,ဘက်လိုက် မိုက်ဘက်ပါကာ အကိုကြီးကို သတ်ပစ်လိုက်သည်။ မိန်းမကို စွဲလန်းရှာသော အကိုကြီးသည် ထိုအိမ်မှာဘဲ ကျိုင်းကောင်ကြီးဖြစ်နေရှာသည်။

## ကျိုင်း၊ ခွေး၊ နွား၊ လူ

ကျိုင်းကောင်ကြီးသည် ထိုမိန်းမရပ်သော နေရာ၊ အိပ်သောနေရာ၊ သွားသောနေရာတို့၌ ထိုမိန်းမကိုယ်ပေါ်ကျသည်။ ထိုသို့ ကိုယ်ပေါ် အကျများသည့်အတွက် သူ့လင်ကြီးမှန်း သိသွားသည်။ သိသည်နှင့်တပြိုင်နက် လင်ယောကျ်ားကို အသတ်ခိုင်းသည်။

ကျိုင်းကောင်ကြီး သေသောအခါ ထိုမိန်းမကို ချစ်ခင်နေခြင်းကြောင့် ထိုအိမ်မှာဘဲ ခွေးဖြစ်ပြန်သည်။ခွေးသည် ထိုမိန်းမ နောက်သို့ တကောက်ကောက် လိုက်နေသည်။ သူ့လင်ကြီးမှန်း သိသွားသောအခါ ထိုခွေးသည် ထိုမိန်းမ စေခိုင်းချက်ဖြင့် အသက်ထွက်ရပြန်သည်။ထိုခွေးသည် ထိုမိန်းမကို စွဲလမ်းချက်ဖြင့် ထိုအိမ်၌ပင် နွားငယ်ဖြစ်ပြန်သည်။ ထိုနွားငယ်သည် ထိုမိန်းမ သွားသော နေရာတိုင်းတို့၌ အမြဲထက်ချပ်မကွာ လိုက်နေသည်။

သိသောအခါ သတ်ပစ်စေပြန်သည်။ စတုတ္ထ အကြိမ်မြောက်၌ ထိုမိန်းမအပေါ်၌ ချစ်ချင်းကို မဖြတ်နိုင်၍ ထိုမိန်းမ၏ ဝမ်း၌ပင် ဇာတိဿရဉာဏ်ကိုရသော သူငယ်ဖြစ်ပြန်သည်။

## ရန်သူအဖြစ် မြင်ခြင်း

မိမိဘဝကို ပြန်မြင်နိုင်ခြင်းသည် ဇာတိဿရ ဉာဏ်အစွမ်းပင် ဖြစ်သည်။ ထိုမိန်းမက လေးဘဝ တိုင်တိုင် သတ်သည်ကိုမြင်လာသည်။ ထိုဘဝ၌ ထိုမိန်းမကို မချစ်တော့ရုံမျှမက ရန်သူအဖြစ် သတ်မှတ်ထားသည်။ ထိုသို့သတ်မှတ်၍ ရန်သူအဖြစ်မြင်ချိန်မှစ၍ မိမိခန္ဓာကိုယ်ကို ထိုမိန်းမလက်ဖြင့် ကိုင်တွယ်လျှင်အတင်းငိုကြွေးသည်။ ထိုမိန်းမ၏ အစောင့်အရှောက်ကို သူငယ်က မခံတော့ချေ။ သို့အတွက် ထိုသူငယ်ကို အဖွားဖြစ်သူက စောင့်ရှောက်မွေးမြူထားရသည်။ ထိုမိန်းမကို စိတ်အနာကြီး နာသွားသည်။

## မြေးအဖိုးရဟန္တာ

သူငယ်သည် အဖိုးအဖွားတို့နှင့်သာ အတူနေသည်။တနေ့သ၌ အဖိုးကမေးသည်။

"ဘယ့်နှယ်ကြောင့် မင့်အမေလက်ဖြင့် ထိခွင့် မပေးတာလဲ'

"သူ ကျနော့်အမေ မဟုတ်။ သူကား ကျနော့် ရန်သူပါ။ကျနော့်ကို လေးဘဝ တိုင်တိုင် ဆက်သတ်လာတာဘဲ"ဟု သူငယ်က ပြောပြသည်။

အဖိုးဖြစ်သူသည် မြေးငယ်ကိုဖက်၍ ငိုကြွေးပြီးလျှင် “ငါ့မြေး ရာ လာကွာ၊ ဒီအရပ်မှာ ငါတို့နေခြင်းဖြင့် အကျိုးမမြင်ဘူး။ ငါတို့အခြားအရပ်သို့ သွားကြစို့” ဟု ပြောဆိုပြီး မြေးငယ်ကို ခေါ်ဆောင်ကာ တခုသော ကျောင်းသို့သွား၍ ရဟန်းပြုကြသည်။ မြေးအဖိုးနှစ်ယောက် ရဟန္တာ ဖြစ်သွားကြသည်။(အံ။ဌ။ ၂။ ၁၇၉၊ ၁၉၀)

## ၁၁၀။ ကောက်ချက် ဥပဒေသ၊

ဤဝတ္ထု၌ မိန်းမကို စွဲလမ်းခြင်းသည် မှုအညစ်အကြေးဖြစ်သည်၊ မိန်းမကို စွဲလမ်းခြင်းကြောင့် လေးဘဝတိုင်တိုင် အသတ်ခံရခြင်းဖြစ်သည်၊ မှုအညစ်အကြေးမှ ကင်းစင်လျှင် မင်္ဂလာဖြစ်သည်၊ လူငယ်ဘဝ၌ ထိုမိန်းမကို မချစ်ခင် မစွဲလန်းတော့ဘဲ လောဘ မှုအညစ်အကြေး ကင်းစင်သွားသည်။

သင်စာရှုသူ မေမွေ မိတ်ဆွေတို့သည်လည်း မှုအညစ်အကြေး ကင်းစင်ဝေးအောင် နေထိုင်သင့်ကြသည်။ သို့မှသာ “ဝိရဇံ” မှုအညစ်အကြေး ကင်းစင်ဝေးခြင်းဟူသော မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

မှုအညစ်ကြေး၊ ကင်းဝေးစင်ကွာ
လော,ဒေါ,မောတို့၊ ဝေးဘို့မကြာ
စွဲလမ်းမက်မော၊ ကင်းသောသူမှာ
မှုကင်းလတ်၊ သတ်မှတ်မင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၃၀၊ ဗုဒ္ဓမေမွလောက
၇-၁-၇၄

### ၁၁၁။ ယောဂဟူသော ဘေးကင်းရှင်းဖို့၊

ယောဂဆိုသည်မှာ ကာမယောဂ၊ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂဟူ၍ လေးမျိုးရှိသည်။ယောဂကိုဘေးဟုဆိုသည်။ ယောဂ ကင်းသည်ကို ခေမ မင်္ဂလာဟု ဗုဒ္ဓမြတ်စွာ ဟောကြား ထားသည်၊ ကာမယောဂ၊ ဘဝယောဂ တရားကိုယ်မှာ လောဘ ဖြစ်၍၊ ဒိဋ္ဌိယောဂ တရားကိုယ်မှာ ဒိဋ္ဌိ စေတသိက် ဖြစ်သည်။ အဝိဇ္ဇာယောဂဆိုတာ မောဟပင်ဖြစ်သည်။

ယောဂလေးပါး ကင်းစင်ဖို့ဆိုတာ ပုထုဇဉ်များ အနေဖြင့် လွယ်ကူလှသည် မဟုတ်ချေ၊ တဒင်္ဂခေတ္တ အနေဖြင့်သာ ကင်းစင် နိုင်သည်၊ ရဟန္တာအရှင်မြတ်များသာ အစစ်အမှန်ယောဂ ကင်း စင်နိုင်၍ မင်္ဂလာဖြစ်နိုင်သည်၊ တဒင်္ဂယောဂ ကင်းစင် နေလျှင် လည်း မင်္ဂလာဖြစ်နိုင်သည်၊ လောဘ, ဒိဋ္ဌိ,မောဟတို့သည်ကိုလေ ဘာ စာရင်းဝင်တရားများ ဖြစ်ကြသည်၊ သူတို့ဝင်လာလျှင်စိတ် ကို ညစ်ပေစေတတ်, ပူပန်စေတတ်သည်။

ဤခေမ မင်္ဂလာသည်ရဟန္တာနှင့်သာ ဆိုင်သော်လည်း ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များ၌လည်း ထိုက်သလောက် ရနိုင်သည်။ဘာဝနာ အလုပ်ဖြင့် အကုသိုလ်တို့ကို နှင်ထုတ်လျက်ရှိသော ပုဂ္ဂိုလ်၏ စိတ်မှာ ထိုအခိုက်တွင် ထိုတရားများ ကင်းရှင်းလျက်ရှိရာ မင်္ဂလာ ပင် ဖြစ်တော့သည်။

### ၁၁၂။ ပါယာသိမင်းဝတ္ထု၊

အချိန်ကား ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံပြီးစ အချိန်ဖြစ်၏၊ သင်္ဂါယနာတင် ရွေးချယ်ခံရသော မဟာထေရ်များနှင့် အခြား

မဟာထေရ်များသည် ဆိုင်ရာဆိုင်ရာ ဝါဆိုဖို့မြို့ရွာနိဂုံးသို့ ကြွကြ၏၊ အရှင်ကုမာရ ကဿပသည် ရဟန်းငါးရာနှင့်တကွ သေတဗျမြို့သို့ရောက်၍ ရင်းတိုက်တော၌ နေသည်၊ သေတဗျမြို့မှာ ပါယာသိမည်သော အဘိသိတ် မခံသေးသော မင်းသည် မိစ္ဆာအယူကို စွဲလမ်းစွာယူလျက် ရှိသည်။

## သူ့အယူကို တင်ပြခြင်း

ပါယာသိမင်းသည် အရှင်ကုမာရ ကဿပထံချဉ်းကပ်၍ မိမိ၏ မိစ္ဆာအယူကိုတင်ပြသည်။ အရှင်ကုမာရ ကဿပက အကြောင်းအမျိုးမျိုး, နည်းအမျိုးမျိုးဖြင့် ရှင်းလင်းဟောပြသော အခါ၌ အယူမှားနေရာမှ အယူမှန်သို့ ရောက်ရှိသွားသည်၊ တန်းဖိုးမဖြတ်နိုင်သော အကျိုးအမြတ်ကို ရရှိလိုက်ခြင်း ဖြစ်သည်။

## ပါယာသိ၏ အလှူ

ပါယာသိ ရာဇာသည် အယူအမှန်သို့ရောက်ပြီးသည့်အချိန်မှ အစပြု၍ ရဟန်း, ပုဏ္ဏား, သူဆင်းရဲ, ခရီးသွား အစ ရှိကုန်သော သူတို့အား အလှူဒါနကိုပြု၏၊ စေတနာသုံးတန် မပြတ်သည်ဖြစ်၍ ညံ့ဖျင်းသော အစား အဝတ်ကိုသာလှူသည်၊ ပုဆိုးကြမ်း, ဆန်ကွဲ ထမင်းစသည်ကား သူ့အလှူ ဝတ္ထုပစ္စည်းများဖြစ်သည်၊ လှူသော အခါ၌လည်း ခပ်ပေါ့ပေါ့ သာဟတ္ထိက ကိုယ်တိုင် လက်ရောက် မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့်သာ လှူသည်။ သူ့ကိုယ်စားလှယ်

ကား ဥတ္တရ လုလင်ငယ်ဖြစ်သည်၊ လုလင်ငယ်ကား စေတနာ အပြည့်အဝဖြင့် ရွက်ဆောင်သည်။

## ဆရာတပည့် ဖြစ်တွေ့

ကွယ်လွန်ကြသောအခါ ပါယာသိရာဇညသည် သက္ကစ္စဒါန မပြုခဲ့၍ စာတုမဟာရာဇ် နတ်ပြည် ဆိတ်ငြိမ်သော ကုက္ကုဳပင်ရှိ သော ငွေဗိမာန်၌ဖြစ်သည်၊ တပည့်ဖြစ်သူ ဥတ္တရသည် ကိစ္စကြီး ငယ်ဟူသမျှတို့၌ စိတ်ပါလက်ပါအလှူဒါန လုံ့လပြုခဲ့၍တာဝတိံသာ နတ်ပြည် ၁၂ ယူဇနာရှိသော ဗိမာန်၌ ဖြစ်သည်။

## ဂဝမ္ပတိထေရ်

ဂဝမ္ပတိထေရ်သည် နေ့သန့်စင်သော အခါ၌ ဆိပ်ငြိမ်သော ကုက္ကုဳရှိသော ဗိမာန်မှာ မပြတ်ကြွလာသည်၊ ထိုဗိမာန်သည် ဂဝမ္ပတိထေရ်နှင့် လျောက်ပတ်မှုရှိသည်၊ နေ့စဉ် တွေ့မြင်ဖန်များ ၍ ရင်းနှီးလာကာ မေးမြန်းသည်။

"သင် မည်သူပါလဲ၊ ဘယ်ကုသိုလ်ပြုခဲ့၍ ဤနတ်ပြည် ရောက်တာလဲ"ဟုဗိမာန်ရှင်နတ်သားကိုမေးသည်၊ ပါယာသိနတ်သားက "တပည့်တော် ပါယာသိရာဇညပါ၊ အရှင် ကုမာရ ကဿပက အယူမှန်အောင် ပြုပြင်ပေး၍ မရိုမသေ အလှူဒါနပြုခဲ့သည့်အတွက် ဤဗိမာန်မှာ ဖြစ်ပါကြောင်း"ကို လျှောက်ထားသည်။

"အရှင်ဘုရား....လူ့ပြည်မှာ တပည့်တော် ပရိသတ်ကို အရှိ အသေ အလေးအမြတ်ပြု၍ အလှူဒါနပြုဖို့ အမိန့်ရှိပေးပါဘုရား" ဟု ပါယာသိနတ်သားက မှာကြားလိုက်သည်။(ဒီ။ ၂။ ၄။ ၃၉၆။ ဝိမာန။ ၄။ ၂၇၇)

## ၁၁၃။ ကောက်နုတ်ချက် ဥပဒေသ

ဤဝတ္ထု၌ ပါယာသိရာဇညသည် အယူမှားနေရာမှ အယူမှန်သို့ ရောက်သွားသည်၊ ဤသို့ အယူမှားနေရာမှ အယူမှန်သို့ ကူး ပြောင်းနိုင်ခြင်းသည် ဒိဋ္ဌိယောဂ ကင်းစင်၍ ခေမမင်္ဂလာမြောက် သည်။

သင့်စာရှုသူ ဓမ္မ မိတ်ဆွေတို့သည်လည်း အကယ်၍ အယူမှား နေမှု ပြုပြင်ပြောင်းလဲ၍ ပါယာသိရာဇညလို အယူမှန်သို့ ကူး ပြောင်းသင့်ကြသည်။ သို့မှသာ "ခေမံ"ယောဂဟူသော ဘေး ကင်းခြင်း မင်္ဂလာနှင့် ပြည့်စုံကြပေလိမ့်မည်။

ယောဂလေးပါး၊ ကင်းငြားသောခါ
ဘေးမရှိခြင်း၊ ရှင်းရှင်းလွတ်ကွာ
ပါယာသိမင်း၊ မယွင်းပမာ
လူချင်များ၊ ကြိုးစားမင်္ဂလာ။

အတွဲ ၁၉၊ အမှတ် ၃၃၊ဗုဒ္ဓမမ္မလောက
၃၀-၁-၇၄

## ၁၁၄။ မင်္ဂလာရှိကြဖို့

"နတ်သား....ဤဆိုခဲ့ပြီးသော မင်္ဂလာတို့ကိုပြုလုပ်ကြပါလျှင် ရန်သူဟူသမျှတို့ကို အောင်နိုင်ကြ၍ ဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်ရ၏၊ (၃၈)ဖြာ မင်္ဂလာသည် ထိုမင်္ဂလာ မှုကိုပြုကြသော သူတို့၏ ကောင်းမြတ်သော မင်္ဂလာဖြစ်ပါပေ၏"။

မင်္ဂလသုတ် နိဂုံးဂါထာ။

ဤမင်္ဂလသုတ်ကို နတ်သားတောင်းပန်၍ ဗုဒ္ဓမြတ်စွာ ဟောကြားသည်၊ ဟောကြားပြီးနောက် တနေ့၌ အရှင် အာနန္ဒာကို သင်ပြပေးသည်၊ ဗုဒ္ဓမြတ်စွာ အမိန့်တော်ဖြင့် အရှင် အာနန္ဒာက ရဟန်းများကို သင်ကြားပေးသည်၊ ဤသို့ဖြင့် ဆရာအဆက်ဆက် သင်ကြားမှတ်သားခဲ့သော မင်္ဂလသုတ် ဒေသနာတော်မှာ ယနေ့တိုင် ကမ္ဘာ တဝှမ်းလုံး၌ အထင်အရှား တည်ရှိနေသည်၊ထိုမင်္ဂလသုတ် ဒေသနာသည် တနေ့တခြား ထွန်းကားလာသောအားဖြင့် မင်္ဂလာတရားတော်နှင့်အညီ နေထိုင်နိုင်ကြပါလျှင် ကမ္ဘာကြီး ထွန်းကားလာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။

## ၁၁၅။ ရှေးဆရာတော်ကြီးများ

ရှေးဆရာတော်ဘုရားကြီးများသည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု တည်ရှိရေးအတွက် ကျောင်းသား ကိုရင် များကို မင်္ဂလသုတ်ကို ကျက်မှတ်စေသည်၊ နှုတ်တက်အာဂုံအရ ဆောင်စေသည်၊ အနက်အဓိပ္ပါယ်ကို သင်ကြားပြသပေးသည်၊ သီတင်း လက်ာ ရေးသား၍ မင်္ဂလသုတ် ခေါင်းစဉ်ကို မှတ်သားစေသည်။

ဤကျမ်းစာရှင်အပါအဝင်ဖြစ်သောတပည့်တို့အား ကျေးဇူးရှင် ဆရာတော်ဘုရား သင်ကြားပေးသော မင်္ဂလာသုတ် ပါဠိ ခေါင်းစဉ် လင်္ကာကား။ ဇဝံ-အထ၊ ယေန-ဗဟူ၊ အသေ-ပဋိ၊ ဗာဟုဿစ္စဉ်း၊ မာတာ-ဒါနဉ်း၊ အာရတီ-ဂါရဝေါ၊ ခန္တီ-တပေါ၊ ဖုဋ္ဌဿ-တောဒိဿ၊ ခေါင်းစဉ်စာ၊ မှတ်ပါလေလား၊ သူငယ်များ၊ ကြိုးစားပါလေ၊ သူငယ်တွေ၊ အံလေတသောသော၊ စာမရ ဒုတ်နှင့်ကျော။ ဟူ၍ ဖြစ်သည်။

ဤမင်္ဂလာသုတ်ကို မရလျှင် ဒုတ်ဖြင့် နောက်ကျောကို ရိုက်မည်ဟု ပါရှိသဖြင့် အဘယ်မျှလောက် မင်္ဂလာသုတ်ကိုအာဂုံရစေလိုကြောင်းကို ခန့်မှန်းနိုင်သည်။

## ၁၁၆။ မင်္ဂလသုတ် အတ္ထုပ္ပတ်

ဗုဒ္ဓမြတ်စွာ မင်္ဂလာ တရားတော်ကို မဟောကြားမီကပင် လောက၌မင်္ဂလာ ပြဿနာ ပေါ်ပေါက်လာသည်၊ လောက၌ နှစ်သက်ဖွယ် အကောင်းဆုံးဟု အသိအမှတ်ပြုထားသော အာရုံများရှိရာ အချို့က မျက်စိဖြင့် မြင်ရသော နှစ်သက်ဖွယ် အဆင်းအာရုံများကို မင်္ဂလာဟု ဆိုသည်၊ အချို့ကမူ နားဖြင့် ကြားရသော နှစ်သက်ဖွယ် အသံအာရုံများကို မင်္ဂလာဟုဆို၍ အချို့ကသော် နှာခေါင်း, လျှာ, ကိုယ်တို့ဖြင့် တွေ့ရသော နှစ်သက်ဖွယ် အနံ့, အရသာ, အတွေ့များကို မင်္ဂလာဟု ဆိုသည်။

တဦးတယောက်၏ အယူအဆကို တဦးတယောက်က လက်မခံ၊ တယောက်နှင့်တယောက် နားလည်အောင် မပြောနိုင်ဘဲ

ငြင်းခုံမစဲဖြစ်ကာ ပြဿနာမပြေလည်ဘဲ ရှိခဲ့သည်၊ ထိုပြဿနာမှာ လူ့ပြည်သာမက နတ်ပြည်, ဗြဟ္မာ့ပြည်သို့ပင် ဂယက်ရိုက်ကာ မင်္ဂလာကို စဉ်းစားကြရင်း နတ်ဗြဟ္မာ များ၌လည်း ဒိဋ္ဌ မင်္ဂလာ အုပ်စု၊ သုတ မင်္ဂလာအုပ်စု၊ မုတမင်္ဂလာအုပ်စုဟူ၍ သုံးမျိုးကွဲ ခဲ့ရသည်၊ ထိုပြဿနာမှာ တဆယ့်နှစ်နှစ်ကြာအောင် မပြေလည် ခဲ့သော ပြဿနာ အဖြစ်တည်ရှိသည်။

တဆယ့်နှစ်နှစ် လွန်မြောက်သောအခါမှ တာဝတိံသာနတ် တို့က သိကြားမင်းထံ ထိုပြဿနာကိုတင်၍အဖြေပေးရန်တောင်း ပန်ကြသည်၊ သိကြားမင်းလည်း ဗုဒ္ဓမြတ်စွာထံ လျှောက်ထား ရန် နတ်သား တဦးအား တာဝန်လွှဲပြီးလျှင် မိမိနှင့် နတ်များပါ မင်္ဂလာ တရားတော်ကို နာယူရန် ဗုဒ္ဓမြတ်စွာထံ ရောက်လာကြ သည်၊နတ်သား လျှောက်ထားချက်အရ ဗုဒ္ဓမြတ်စွာသည် မင်္ဂလာ တရားတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာဟောကြား တော်မူခဲ့သည်။

## ၁၁၇။ မင်္ဂလာသုတ်အကျိုး

မင်္ဂလသုတ်ကို အာဂုံဆောင်ထားသောသူသည်ဖြင့်၊မင်္ဂလာ တရားကို သိရှိအောင် လေ့လာထားသော သူသည်ဖြင့်၊မင်္ဂလာ နှင့်ပြည့်စုံအောင်နေသော သူသည်ဖြင့်၊ မင်္ဂလာစာမေးပွဲနှင့်ပတ် သက်သော သင်တန်းဆရာ၊ သင်တန်း တက်သူ များသည်ဖြင့်၊ ပစ္စည်းဆုတံဆိပ် ချီးမြှင့်လှူဒါန်းသော သူများသည်ဖြင့်၊ ကောင်း ကျိုးချမ်းသာ အမျိုးမျိုးကို ရရှိနိုင်သည်။ ကိုယ်ချမ်းသာ စိတ်

ချမ်းသာနှင့်ပြည့်စုံနိုင်သည်၊ ရောဂါဝေဒနာနည်းပါးတတ်သည်၊ အသက်ရှည်တတ်သည်၊ လူဆိုးသူဆိုး ဘေးအန္တရာယ်တို့မှ ကင်းလွတ်တတ်သည်၊ အိမ်တံခါးကို မပိတ်ဘဲ အိပ်နိုင်သည်၊ မိမိနှင့် ထိုက်တန်အောင် အခွင့်အရေးကို ရတတ်သည်၊ အိမ်ထောင်တခု၌ တယောက်ရှာဖွေလျှင် အားလုံးမိသားစု ထိုင်စားနိုင်သည်၊ သေ့သည်ကို နှစ်ရှည်လများ ကျွေးမွေးထားနိုင်သည်၊ သီတင်းသီလ မှန်မှန်ဆောက်တည်နိုင်သည်၊ အသင်းအပင်း မပွဲရဘဲ ညီညွတ်တတ်သည်၊ ကုသိုလ်ရေးကို စိတ်ပါလက်ပါ ဆောင်ရွက်နိုင်သည်။

ဤယခုဖော်ပြသည်ကား ပစ္စက္ခကျိုးဖြစ်၍ သံသရာမှာလည်း ကောင်းကျိုး အမျိုးမျိုးနှင့်တကွ မဂ်ဖိုလ်နိဗ္ဗာန် တိုင်အောင် ကောင်းကျိုးချမ်းသာကိုလည်း မင်္ဂလာတရားတော်က ပေးနိုင်စွမ်းရှိသည်။

## တောင့်တချက် အာသီသ

စာဖတ်သူ ဓမ္မမိတ်ဆွေတို့သည် ဗုဒ္ဓမြတ်စွာ၏ မင်္ဂလာ(၃၈) ဖြာတို့ကို သိရှိအောင် ဦးစွာလေ့လာ သင့်ကြသည်၊ သိရှိအောင် လေ့လာပြီး မင်္ဂလာတရားတော်နှင့် ညီညွတ်အောင် အတတ်နိုင်ဆုံး ကြိုးစားနေထိုင်သင့်ကြသည်၊ မင်္ဂလာရှိအောင် နေထိုင်ကြမှသာ မင်္ဂလာရှိသူ ဖြစ်နိုင်ကြသည်၊ မင်္ဂလာ မရှိအောင် နေထိုင်သူများသည်မင်္ဂလာမရှိသူ ဖြစ်ကြရသည်၊ မင်္ဂလာရှိအောင်နေထိုင်

နိုင်ကြပါစေဟု အထူးဆုမွန်ကောင်း တောင်းလျက် မင်္ဂလာဆောင်းပါးများကို နိဂုံးအုပ်လိုက်သည်။

ဝတ္ထုကြောင်း ထုတ်ဆောင်လျက် မင်္ဂလာဆောင်းပါးတို့ကို ရေးသားတင်ဆက်လာရာ ဤမင်္ဂလာ နိဂုံးဆောင်းပါး အပါအဝင် (၃၈)ပုဒ်ဖြစ်ပါသည်၊ဤကဲ့သို့ မင်္ဂလာဆောင်းပါးတို့ကို ရေးသားတင်ဆက်ရသော ကုသိုလ်ကြောင့် မင်္ဂလာဆောင်းပါးတို့ကို ကြည့်ရှုရ၍ စာရှုသူ ဓမ္မမိတ်ဆွေတို့မှာ အသိဉာဏ်ဗဟုသုတ ရကြသလို အသိဉာဏ် ဗဟုသုတကို ရရှိကြ၍ ငြိမ်းချမ်း အေးမြသော နိဗ္ဗာန်ကို အမြန် မျက်မှောက်ပြုနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

အတွဲ ၁၉၊ အမှတ် ၃၁၊ ဗုဒ္ဓဓမ္မလောက
၁၅ ၁-၇၄

## ၁၁၈။ မင်္ဂလာတရား (၃၈)ပါး

### ပါဠိ၊ မြန်မာ။

၁။ ။အသေဝနာစ ဗာလာနံ
ပဏ္ဍိတာနဉ္စ သေဝနာ
ပူဇာစ ပူဇနေယျာနံ
ဧတံ မင်္ဂလ မုတ္တမံ။

### မြန်မာ

၁။ လူမိုက်ကို မမှီဝဲ မဆည်းကပ်ရခြင်း။
၂။ ပညာရှိကို မှီဝဲဆည်းကပ်ရခြင်း။
၃။ ပူဇော်ထိုက်သူကို ပူဇော်ရခြင်း။

၂။ ။ပဋိရူပ ဒေသဝါသောစ
ပုဗ္ဗေစ ကတပုညတာ
အတ္တ သမ္မာ ပဏိဓိစ
ဧတံ မင်္ဂလ မုတ္တမံ။

### မြန်မာ

၄။ သင့်တော်ရာအရပ်၌ နေရခြင်း။
၅။ ရှေးက ကုသိုလ် ရှိခဲ့ဘူးခြင်း။
၆။ မိမိကိုယ်ကို ပြုပြင်ထားခြင်း။

၃။ ။ဗဟုသစ္စဉ္စ သိပ္ပဉ္စ
ဝိနယောစ သုသိက္ခိတော
သုဘာသိတာစ ယာဝါစာ
ဧတံ မင်္ဂလ မုတ္တမံ။

မြန်မာ

၇။ အကြားအမြင်များခြင်း။
၈။ စက်မှုလက်မှု အတတ်ရှိခြင်း။
၉။ ဝိနည်းတရားကို သင်ယူပြီးခြင်း။
၁၀။ အင်္ဂါလေးပါးရှိသော စကားကို ပြောဆိုခြင်း။

၄။ ။မာတာပိတု ဥပဋ္ဌာနံ
ပုတ္တဒါရဿ သင်္ဂဟော
အနာကုလာစ ကမ္မန္တာ
ဧတံ မင်္ဂလ မုတ္တမံ။

မြန်မာ

၁၁။ မိဘတို့ကို လုပ်ကျွေးခြင်း။
၁၂။ သားမယားကို ထောက်ပံ့ခြင်း။
၁၃။ ချို့ယွင်းမှုမရှိသော အလုပ်ကို လုပ်ရခြင်း။

၅။ ။ဒါနဉ္စ ဓမ္မစရိယာစ
ဉာတကာနဉ္စ သင်္ဂဟော
အနဝဇ္ဇာနိ ကမ္မာနိ
ဧတံ မင်္ဂလ မုတ္တမံ။

## မြန်မာ

၁၄။ လှူဒါန်းပေးကမ်းခြင်း။
၁၅။ ကုသိုလ်ကမ္မပထ ဆယ်ပါးကို ပြုလုပ်ခြင်း။
၁၆။ ဆွေမျိုးတို့ကို ထောက်ပံ့ချီးမြှောက်ခြင်း။
၁၇။ အပြစ်မဖြစ်သော အလုပ်တို့ကို လုပ်ရခြင်း။

၆။ ။အာရတီ ဝိရတီ ပါပါ
မဇ္ဇပါနာစ သံယမော
အပ္ပမာဒေါစ ဓမ္မေသု
ဧတံ မင်္ဂလ မုတ္တမံ။

## မြန်မာ

၁၈။ အကုသိုလ်မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်း။
၁၉။ အကုသိုလ် မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်း။
၂၀။ အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း။
၂၁။ ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ခြင်း။

၇။ ။ဂါရဝေါ စ နိဝါတော စ
သန္တုဋ္ဌီ စ ကတညုတာ
ကာလေန ဓမ္မဿဝနံ
ဧတံ မင်္ဂလ မုတ္တမံ။

### မြန်မာ

၂၂။ ရိုသေထိုက်သူကို ရိုသေခြင်း။
၂၃။ နှိမ့်ချ ရိုကျိုးသော စိတ်မာန်ရှိခြင်း။
၂၄။ ဖြစ်သမျှ ရသမျှဖြင့် ရောင့်ရဲခြင်း။
၂၅။ သူပြုဘူးသော ကျေးဇူးကိုသိခြင်း။
၂၆။ သင့်တော်သောအခါ၌ တရားနာခြင်း။

၈။ ။ခန္တီ စ သောဝစဿတာ
သမဏာနဉ္စ ဒဿနံ
ကာလေန ဓမ္မသာကစ္ဆာ
ဧတံ မင်္ဂလ မုတ္တမံ။

### မြန်မာ

၂၇။ အရာရာ၌ သည်းခံခြင်း။
၂၈။ ဆုံးမလွယ်သောသူ ဖြစ်ခြင်း။
၂၉။ ရဟန်းတော်တို့ကို ဖူးမြင်ရခြင်း။
၃၀။ သင့်တော်သောအခါ၌ တရားဆွေးနွေးခြင်း။

၉။ ။တပေါစ ဗြဟ္မစရိယဉ္စ
အရိယ သစ္စာန ဒဿနံ
နိဗ္ဗာန သစ္ဆိကိရိယာစ
ဧတံ မင်္ဂလ မုတ္တမံ။

မြန်မာ

၃၁။ ခြိုးခြံသော အကျင့်ရှိခြင်း။
၃၂။ မြတ်သော အကျင့်ရှိခြင်း။
၃၃။ မြတ်သောသစ္စာ တို့ကို သိမြင်ခြင်း။
၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

၁၀။ ။ဖုဋ္ဌဿ လောက ဓမ္မေဟိ
စိတ္တံ ယဿ နကမ္ပတိ
အသောကံ ဝိရဇံ ခေမံ။
ဧတံ မင်္ဂလ မုတ္တမံ။

မြန်မာ

၃၅။ လောကဓမ်တို့ကြောင့် မတုန်လှုပ်ခြင်း။
၃၆။ စိုးရိမ်ကြောင့်ကျ မရှိခြင်း။
၃၇။ ရာဂ စသော ကိလေသာ မြူမရှိခြင်း။
၃၈။ ကြောက်ရွံ့ထိတ်လန့်မှု ဘေးမရှိခြင်း။

မင်္ဂလာတရား (၃၈)ပါး ပြီးပြီ။

## ၁၁၉။ မင်္ဂလာ ယတ္တဝိဘာဝနီ၊

### နိဂမန

ဤမည်သော "မင်္ဂလာယတ္တ ဝိဘာဝနီ" ကျမ်း၌ လာသော စာစုတို့ကို ဗုဒ္ဓမမ္မလောက စာစောင်မှာ စာအုပ်အဖြစ် ရိုက်နှိပ်ဖို့ ရည်ရွယ်၍ (၂၀-၄-၇၂) နေ့မှ (၃၀-၁-၇၄) နေ့ အတွင်း ရေးသားတင်ဆက်ခဲ့သည်၊ ဆောင်းပါးပေါင်း (၃၈) ပုဒ်ဖြစ်သည်။ ဤစာအုပ်ကို (၁၃၃၇) ခုနှစ် ဝါဆိုလပြည့်နေ့ (၂၂-၇-၇၅)နေ့တွင် အချော ရေးသားပြီးစီးသည်၊ ဤစာအုပ် ချောမောစွာ ပြီးစီးသလို၊ ကမ္ဘာသူကမ္ဘာသားတွေ ချောမောစွာ လိုအင်ဆန္ဒ ပြည့်ဝကြပါစေဟု ဆုတောင်းပါသည်။

ဤကျမ်းစာအရှင်သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အထက်ပိုင်း၊မကွေးတိုင်းရေစကြိုနယ် စည်သာ ကျေးရွာ ခမည်းတော် ဦးဖိုးပ၊ မယ်တော် ဒေါ်သူလုံ့တို့မှ ၁၂၈၈-ခုနှစ် တပေါင်းလပြည့်ကျော် (၄)ရက်၊ တနင်းလာနေ့ နံနက် (၄) နာရီတွင် ဖွားသန့်စင်ခဲ့သည်။

ပဝတ္တိ ရန်ကုန်မြို့။ ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန် ကျောင်းတိုက်မှာ ဆရာတော် ဦးပညာသီဟ၏ အရိပ်အရာကို လက်ခံ၍ စာပေ ပရိယတ္တိကိုပို့ချလျက် သာသနာပြုနေထိုင်ခဲ့သည်၊ရဟန်း သိက္ခာ (၂၉)ဝါ၊ သက်တော် (၄၉)နှစ်မှာ ဤစာစုကိုရေးသား ထားသည်။